# ရွေးကောက်ပွဲများ၌ တွေ့ကြုံရသည့် အမုန်းစကားကို တိုက်ဖျက်ခြင်း – ရွေးကောက်ပွဲစီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာများ

## IFES စက္ကူဖြူစာတမ်း




INTERNATIONAL FOUNDATION FOR ELECTORAL SYSTEMS · IFES · 30 Years ·

# ရွေးကောက်ပွဲများ၌ တွေ့ကြုံရသည့် အမုန်းစကားကို တိုက်ဖျက်ခြင်း – ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းဆိုင်ရာ မဟာဗျူဟာများ

**Vasu Mohan**
ရွေးကောက်ပွဲ၊ ပဋိပက္ခနှင့် လုံခြုံရေးဆိုင်ရာ နည်းပညာအကြီးအကဲ
ဒေသတွင်းအမှုဆောင်ဒါရိုက်တာ၊ အာရှ – ပစိဖိတ်

**Catherine Barnes**
အကြီးတန်းရွေးကောက်ပွဲကျွမ်းကျင်သူ

**IFES** စက္ကူဖြူစာတမ်း
ဇန်နဝါရီ၊ ၂၀၁၈

ရွေးကောက်ပွဲများ၌ တွေ့ကြုံရသည့် အမုန်းစကားများကို တိုက်ဖျက်ခြင်း –
ရွေးကောက်ပွဲ စီမံခန့်ခွဲခြင်းဆိုင်ရာ မဟာဗျူဟာများ၊ မူပိုင်ခွင့် © 2018
ရွေးကောက်ပွဲစနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း။ မူပိုင်ခွင့် အလုံးစုံ။

ခွင့်ပြုချက် – IFES ထံမှ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိဘဲ ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကိုမျှ မည်သည့်ပုံစံဖြင့်မဆို သို့မဟုတ် မိတ္တူကူးခြင်း၊ အသံဖမ်းခြင်း သို့မဟုတ် မည့်သည့် သိုမှီးသည့် နည်းပညာကိုအသုံးပြု၍ ပြန်လည်ထုတ်ယူသုံးစွဲခြင်းတို့ကို အီလက်ထရောနစ် သို့မဟုတ် စက်မှုနည်းပညာစသည့် မည်သည့်နည်းလမ်းဖြင့်မဆို ပြန်လည်ထုတ်ဝေခြင်းတို့ကို တားမြစ်သည်။

ခွင့်ပြုချက်တောင်းခံသည့်အခါ အောက်ပါအချက်အလက်များပါဝင်ရမည် –

- ကူးယူခွင့်တောင်းခံ၍ ပြန်လည်အသုံးပြုလိုသည့် အကြောင်းအရာဖော်ပြချက်၊
- ကူးယူမည့် အကြောင်းအရာကို မည်သည့်အတွက် အသုံးပြုလိုသည်နှင့် မည်သို့ပြန်လည်အသုံးပြုမည်ဆိုသည့် ရှင်းလင်းဖော်ပြချက်
- အမည်၊ ရာထူး၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအမည်၊ တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာနှင့် လိပ်စာအပြည့်အစုံ

ခွင့်ပြုချက်တောင်းခံသည့်စာကို အောက်ပါလိပ်စာသို့ ကျေးဇူးပြု၍ ပေးပို့ပါရန်
ရွေးကောက်ပွဲစနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း
2011 Crystal Drive, 10th Floor
Arlington, VA 22202
Email: editor@ifes.org
Fax: 202.350.6701

မျက်နှာဖုံးဒီဇိုင်း – AP Photo/Marcio Jose Sanchez

## IFES ဆိုသည်မှာ

ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း (IFES) သည် နိုင်ငံသားများ၏ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်ကို ထောက်ခံသည်။ ကျွန်ုပ်တို့၏ လွတ်လပ်သောကျွမ်းကျင်သူများက ရွေးကောက်ပွဲစနစ်ကို အားကောင်းစေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ရလဒ်ရရှိစေရန် ဒေသခံများ၏အရည်အသွေးကို မြှင့်တင်ပေးသည်။

ဒီမိုကရေစီကို မြှင့်တင်ပေးနေသည့် အပြည်ပြည်ဆိုင်ရာ ဦးဆောင်ဦးရွက်ပြုသူ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ကျွန်ုပ်တို့သည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို –

- ရွေးကောက်ပွဲအရာရှိများအား နည်းပညာအထောက်အပံ့ပေးခြင်း
- ကိုယ်စားပြုမှုနည်းပါးသည့် လူနည်းစုများအား နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်လာစေရန် ပံ့ပိုးအထောက်အကူပေးခြင်း
- နိုင်ငံရေးစနစ်စက်ဝန်း တိုးတက်ကောင်းမွန်စေရန် ဖြစ်စဉ်အခြေပြု သုတေသနများကို လက်တွေ့အသုံးချခြင်း စသည်တို့ဖြင့် တိုး တက်ကောင်းမွန်စေသည်။

၁၉၈၇ ခုနှစ်မှစ၍ IFES သည် ဒီမိုကရေစီ ဖွံ့ဖြိုးဆဲနိုင်ငံများမှသည် ဖွံ့ဖြိုးပြီး နိုင်ငံပေါင်း ၁၄၅ နိုင်ငံတွင် လုပ်ငန်းများလုပ်ဆောင်လျှက်ရှိပါသည်။ အသေးစိတ် ပိုမိုသိရှိလိုပါက www.IFES.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


အစီရင်ခံစာအကျဉ်းချုပ် ........ ၁၁

၁။ နိဒါန်း ........ ၁၅

၂။ ရွေးကောက်ပွဲဆိုင်ရာခေါင်းဆောင်မှုနှင့်အမုန်းစကား ........ ၁၆

၃။ သက်ဆိုင်အသုံးပြုနိုင်သော နိုင်ငံတကာစံချိန်စံညွှန်း ........ ၁၇

၄။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ နှင့် ဥပဒေရေးရာမူဘောင် ........ ၂၀

- ဖွဲ့စည်းပုံ အခြေခံဥပဒေ ........ ၂၀
- ရွေးကောက်ပွဲဥပဒေ ........ ၂၁
- မီဒီယာဥပဒေများ၊ လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်များ ........ ၂၁
- နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေများ၊ လမ်းညွှန်ချက်များ နှင့် ကျင့်ဝတ်များ ........ ၂၂

၅။ အကောင်အထည်ဖော်ရေး နှင့် အရေးယူဆောင်ရွက်ခြင်းကိစ္စများ ........ ၂၄

- အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ ကိစ္စများ ........ ၂၄
- အမုန်းစကားဥပဒေပြုရေးဆိုင်ရာ အကောင်အထည်ဖော်ခြင်းကိစ္စရပ်များ ........ ၂၆

၆။ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များမှအထူးစိုးရိမ်ပူပန်ရသည့် အကောင်အထည်ဖော်ရေးကိစ္စများ ........ ၂၉

- ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများတွင် လွတ်လပ်စွာနိုင်ငံရေးဟောပြောပွဲများနှင့် ပြည်သူများပါဝင်ဆွေးနွေးပွဲများကိုကာကွယ်ခြင်း........ ၂၉
- နိုင်ငံရေးသမားများနှင့် ဆက်သွယ်လုပ်ကိုင်ရခြင်း ........ ၃၀
- ကိုယ်စားလှယ်လောင်းများအနေဖြင့် ဘက်မလိုက်ရေးနှင့် တန်းတူဆက်ဆံရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း .. ၃၁
- သင့်တင့်မျှတသော အပြစ်ဒဏ်များ ချမှတ်ခြင်း ........ ၃၁
- လုံခြုံစိတ်ချရသော ရွေးကောက်ပွဲ အခင်းအကျင်း တစ်ခု ဖန်တီးပေးခြင်း ........ ၃၂
- ရွေးကောက်ပွဲ စနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း ........ ၃၃
- ရွေးကောက်ပွဲ၌ အမျိုးသမီးများအပေါ် အမုန်းစကား နှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်ရေး ........ ၃၄

၇။ တုန့်ပြန်မှုများ – ပိုမိုစည်းကမ်းတင်းကျပ်ခြင်း သို့မဟုတ် ပိုမိုလွတ်လပ်စွာပြောဆိုခွင့် ........ ၃၆

၈။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ၌ အမုန်းစကားကို တိုက်ဖျက်ရန် နည်းဗျူဟာများ ........ ၃၈

- ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်လုပ်ဆောင်ခြင်း ........ ၃၈
- ကောင်းသောအမူအကျင့်များကို ရှေ့ဆောင်ပြခြင်း ........ ၃၉
- ခွဲခြားဆက်ဆံမှု နှင့် မုန်းတီးမှုများကို ဆောလျှင်စွာ ထုတ်ဖော်ကန့်ကွက်ပါ ........ ၄၀
- စုံလင်ကွဲပြားမှုများ ပါဝင်သည့် အများပြည်သူဆိုင်ရာ ဆွေးနွေးပြောဆိုမှုများအတွက် လမ်းဖွင့်ပေးခြင်း ........ ၄၂
- သင်ကြားရေးအတွက် ဆောင်ရွက်ချက် ........ ၄၂
- အချက်အလက်များ စောင့်ကြည့်ခြင်း၊ စုဆောင်းခြင်းနှင့် အစီရင်ခံတင်ပြခြင်း ........ ၄၃
- ထိရောက်သောလုံခြုံရေး အစီအမံများဖြင့် အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေလျှော့ချခြင်း ........ ၄၅
- ထိရောက်စွာနှင့်ယုံကြည်စိတ်ချစွာ အကဲဖြတ်ခြင်း ........ ၄၆
- ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများအား လေ့ကျင့်သင်ကြားပေးခြင်း ........ ၄၇
- အသိပညာမြှင့်တင်ရေးနှင့် မဲဆန္ဒရှင်များအား ပညာပေးရေး ........ ၄၈
- ရေရှည် ပြည်သူ့နီတိ ပညာရေးမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာပညာပေးရေးကို အားဖြည့်ဆောင်ရွက်ခြင်း ........ ၄၉
- အမုန်းစကား ဆန့်ကျင်တိုက်ဖျက်ရန် ပိုမိုကောင်းမွန်သော ဥပဒေမူဘောင်အတွက် အကြံပြုခြင်း ........ ၅၁

- ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍ ..... ၅၁

၉. နိဂုံးချုပ် ..... ၅၆

နောက်ဆက်တွဲ ၁ – အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုသည့်ဥပဒေများ ..... ၅၇

- ရာဇဝတ်မှု / ပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ..... ၅၇
- အထူးဥပဒေများ ..... ၅၈
- ခွဲခြားဆက်ဆံမှု ပပျောက်စေရေး ဥပဒေ ..... ၅၈
- လူ့အခွင့်အရေး ဥပဒေ ..... ၅၈
- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး လုပ်ငန်းအစီအစဉ်များ ..... ၅၉
- အမုန်း ရာဇဝတ်မှု ဥပဒေ ..... ၅၉
- အမုန်းစကား ဥပဒေများ ..... ၅၉
- ဆိုင်ဘာ ဥပဒေ ..... ၆၀
- နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ဥပဒေ ..... ၆၀
- ဘာသာ သာသနာ အကြည်အညိုပျက်စေခြင်း ဥပဒေများ ..... ၆၁

နောက်ဆက်တွဲ ၂ – ရည်ညွှန်းကိုးကား ..... ၆၂

- ဝက်ဘ်ဆိုက်များ ..... ၆၂
- လက်စွဲလမ်းညွှန်ချက်များနှင့် Toolkits ..... ၆၂
- နမူနာစာရွက်စာတမ်းများ ..... ၆၃
- အခြားကိုးကားချက်များ၊ လေ့လာချက်များ ..... ၆၃

# အစီရင်ခံစာအကျဉ်းချုပ်

ဤစက္ကူဖြူစာတမ်းသည် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များအား ရွေးကောက်ပွဲ သံသရာစက်ဝန်းအတွင်း အမုန်းစကားနှင့် ဆက်စပ် ကိစ္စရပ်အမျိုးမျိုးကို ပိုမိုနားလည်စေရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ နှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း ဆောင်ရွက်နိုင်သည့် အချက်များကို အသုံးပြုနိုင်စေရန် ရည်ရွယ်သည်။ အနှစ်ချုပ်စာတမ်း၏ နိဒါန်းတွင် ပြန်လည် အသုံးချနိုင်သော နိုင်ငံတကာစံချိန်စံညွှန်းများ၊ အဓိကအားဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)နှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေးအခွင့်အရေးစာချုပ် (ICCPR) တို့ကို အကျဉ်းချုပ်ဖော်ပြထားပြီး လူမျိုး၊ ကျား/မ ဖြစ်တည်မှုနှင့် မသန်စွမ်းမှုစသည့်အကြောင်းအခြင်းအရာ တို့အပေါ် အခြေပြုခွဲခြားဆက်ဆံမှုတို့ကို အလေးပေး ဆွေးနွေးထားသည်။ ဤအနှစ်ချုပ်ကို အမုန်းစကား၊ အမုန်းတရားဖြစ်ပေါ်စေရန် လှုံ့ဆော်မှုနှင့် အမုန်းတရား အခြေပြု ရာဇဝတ်မှုများ စသည့် အမုန်းစကားဆိုင်ရာ ကိစ္စရပ်များအား တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ဆောင်ရွက်ရမည့် နိုင်ငံတော် ဥပဒေပြုရေးကို ဆွေးနွေးထားခြင်းဖြင့် ထပ်မံဖြည့်စွက်ထားသည်။ (text box နှင့် နောက်ဆက်တွဲ ၁ကိုကြည့်ပါ။) ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့၏ ပဓာနဆောင်ရွက်ချက်မှာ ဖွဲ့စည်းပုံအအခြေခံ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲ ဥပဒေ၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ၊ သတင်းမီဒီယာနှင့် ရွေးကောက် ပွဲများကို ထိန်းချုပ်သော တရားဥပဒေ ပြဋ္ဌာန်းချက်များဖြစ် သည်။ တစ်ချိန်တည်းမှာပင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့သည် ဆက်စပ်နေသည့် တရားစီရင်ရေးနှင့် စည်းမျဉ်း စည်းကမ်း ဥပဒေများအားလုံးကို သိရှိနားလည်သင့်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ များသည် သတင်းအချက်အလက်များကို မျှဝေပြီး တုံ့ပြန် ချက်ပေးရန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြား တာဝန်ရှိသော စည်းမျဉ်းစည်းကမ်း၊ ကြီးကြပ်ပိုင်ခွင့်၊ အရေးယူပေးနိုင်မည့် အဖွဲ့အစည်းများ ကိုဖော်ထုတ်နိုင်မည်။

**အမုန်းစကားကို ဖြေရှင်းဆောင်ရွက်ရန် သုံးစွဲနိုင်သော မူဝါဒများနှင့်စည်းမျဉ်းစည်းကမ်း မူဘောင်များ**

- ဖွဲ့စည်းပုံ အခြေခံဥပဒေ
- ပြစ်မှုဆိုင်ရာ / ရာဇသတ်ကြီးဥပဒေ
- အမျိုးသားပေါင်းစည်းရေး /စည်းလုံးညီညွတ်ရေး/ အတူယှဉ်တွဲနေထိုင်ရေးဥပဒေများ
- ရွေးကောက်ပွဲဥပဒေ
- နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေ
- သတင်းမီဒီယာဥပဒေ
- ဘာသာ သာသနာ ညှိုနှိုင်းမှု ဆန့်ကျင်ရေးဥပဒေ
- ခွဲခြားဆက်ဆံမှုပပျောက်ရေးဥပဒေ
- လူ့အခွင့်အရေးဥပဒေ
- နိုင်ငံတော် ဖွံ့ဖြိုးရေးအစီအစဉ်
- နိုင်ငံတော် ကျား/မ အခြေပြု ဆိုင်ရာမူဝါဒ / လုပ်ငန်း ဆောင်ရွက်မှု စီမံချက်
- နိုင်ငံတော် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက် မှု စီမံချက်
- အမုန်းစကားဥပဒေ
- အမုန်းရာဇဝတ်မှု ဥပဒေ
- ဆိုင်ဘာလုံခြုံရေး ဥပဒေ
- နိုင်ငံတော်လုံခြုံရေး ဥပဒေ
- ကျင့်ဝတ်စည်းကမ်းများ

အမုန်းစကားကို တုံ့ပြန်ချက်များသည် သတင်းအချက်အလက်များရယူခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများကိုပါ ကန့်သတ်နိုင်သည်ကို ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များက သိရှိနားလည်ရန် လိုအပ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး စသည့် အခြေခံ အာမခံချက်များသည်လည်း တစ်ခုနှင့် တစ်ခု ပဋိပက္ခဖြစ်လာနိုင်ပြီး ဟန်ချက်ညီရန် ခက်ခဲလာနိုင်သည်။ ထိုအခြေအနေတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် စဉ်းစဉ်းစားစား ဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့အပြင် စည်းမျဉ်းစည်းကမ်း တုံ့ပြန်ချက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ ကိစ္စရပ်များအကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်မှု ဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံရေးသဘော သက်ဝင်မှုများနှင့် တရားဥပဒေ စိုးမိုးရေးကို ထိပါးစေခြင်း အပါအဝင် အခြားသော ပြဿနာများ ပေါ်ပေါက်လာနိုင်သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို ပဓာနထားခြင်း ၊ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေးပွဲများ၏ ဆောင်ရွက်ပုံများအား နှိုင်းယှဉ်ခြင်း၊ ဘက်မလိုက်မှု

ကို ထိန်းသိမ်းရန်လိုအပ်ခြင်း၊ ကိုယ်စားလှယ်လောင်းများကို ညီတူညီမျှ ဆက်ဆံခြင်း၊ သင့်လျော်သော အချိုးညီသော အပြစ်ပေးမှုများ၊ ဘေးကင်းသော ရွေးကောက်ပွဲ ပတ်ဝန်းကျင်အခြေအနေတစ်ရပ်ကို ပေးရန်လိုအပ်ခြင်းစသည့် အခြားထည့်သွင်းစဉ်းစားခြင်းများကိုလည်း လုပ်ဆောင်ရလိမ့်မည်။

အချို့ ပြည်တွင်းနှင့် နိုင်ငံတကာ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် ကျား/မ ဖြစ်တည်မှုများကို ထည့်သွင်းစဉ်းစားခြင်း မရှိကြသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အမျိုးသမီးများအပေါ် တိုက်ရိုက် အမုန်းတရားလှုံ့ဆော်မှုများသည်လည်း အမုန်းစကားပင် ဖြစ်သည်ဟု ဤစာတမ်းကထောက်ပြထားသည်။ အမျိုးသမီးများအပေါ်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုစသည်တို့ကို အသေးစိတ် အရေးယူဆောင်ရွက်နိုင်ရန် အတွက် စာရေးသူများက ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (IFES) ၏ ရွေးကောက်ပွဲတွင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ပပျောက်ရေး (VAWIE) အခြေခံမူဘောင်[1] အပြည့်အစုံ အား ရည်ညွှန်းကိုးကားထားသည်။

အနှစ်ချုပ်စာတမ်း၏ ကျန်အပိုင်းများတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ များအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများအရမဟုတ်သော ရွေးချယ်မှုများကို ဆွေးနွေးထားပြီး ပြင်ပမှပါဝင်သက်ဆိုင်သူများကို ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှုများကို အောက်ပါအတိုင်း အလေးပေးဆွေးနွေးထားသည်။

**အခြားဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း –** အမုန်းစကားကို ဆန့်ကျင်တန်ပြန်ရာတွင် မဟာဗျူဟာ မိတ်ဖက်များနှင့် မဟာမိတ်ဖွဲ့၍ အတူလက်တွဲဆောင်ရွက်မှုအပေါ် မူတည်သည်။ ပိုမိုကျယ်ပြန့်၍ ရေရှည်တည်တံ့သော အောင်မြင်မှုကိုရရှိနိုင်စေရန် အမုန်းစကားကိုတန်ပြန်ဆောင်ရွက်မည့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ ၏ မဟာဗျူဟာများသည် အစိုးရအဖွဲ့အစည်းများ၊ လွတ်လပ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းစသည်တို့၏ လက်ရှိပြဋ္ဌာန်းချက်များ၊ စွမ်းဆောင်ရည်များ၊ ရင်းမြစ်များကို တွန်းအားပေးရန်လိုအပ်သည်။

**ကောင်းမွန်သောအပြုအမူများကို လုပ်ဆောင်ပြခြင်း –** အမုန်းစကားကိုတန်ပြန်ဆောင်ရွက်မည့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့၏ မည်သည့်အခြေခံ မဟာဗျူဟာတွင်မဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ မည်သည့်အုပ်စု၊ သို့မဟုတ် မည်သည့် (အမြဲတမ်း သို့မဟုတ် ယာယီ) ရွေးကောက်ပွဲဆိုင်ရာ ဝန်ထမ်းတို့အပေါ် အမုန်းစကား သို့မဟုတ် ခွဲခြားဆက်ဆံခြင်းစသည်တို့ကိုလုပ်ဆောင်လာပါက စေ့စပ်ဆွေးနွေးခြင်း သို့မဟုတ် သည်းခံခြင်းများလုပ်မည်မဟုတ်ကြောင်း အသေအချာထည့်သွင်းထားရမည်။ ဤသဘောထားအပြုအမူပုံစံသည် ဝန်ထမ်းခန့်အပ်ထားခြင်းဆိုင်ရာ အလေ့အထများ အလေ့အကျင့်များ၊ အဖွဲ့အစည်းအတွင်းနှင့် အပြင်ဆက်သွယ်ဆောင်ရွက်မှုများ၊ စည်းမျဉ်းစည်းကမ်းများ အကြောင်းအရာများ၊ ဝန်ဆောင်မှုဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ၊ အများ ပြည်သူဆိုင်ရာ သတင်းအချက်အလက်များနှင့် မဲဆန္ဒရှင်ပညာပေး သတင်းစကားများ၏ အကြောင်းအရာများနှင့် ဖြန့်ဝေမှုပုံစံများ၊ တိုင်ကြားမှုများနှင့် မေတ္တာရပ်ခံချက်များကို ကိုင်တွယ်ခြင်း၊ ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရာတွင် တိုက်ရိုက်အားပေးကူညီခြင်း စသည်တို့အထိ တိုးချဲ့လုပ်ဆောင်ရမည်။

**ခွဲခြားဆက်ဆံခြင်းနှင့် အမုန်းစကားများကိုဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုခြင်း** - ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ ၏ ဥက္ကဋ္ဌများ၊ ကော်မစ်ရှင်နာများသည် အများပြည်သူဆိုင်ရာအရာရှိများဖြစ်ကြသဖြင့် ၎င်းတို့သည် အမုန်းစကားများကို ဆန့်ကျင်ကြောင်း ပြောကြားနိုင်သည့် ပလက်ဖောင်းတစ်ခုရှိရမည်။ ထိုသို့ထုတ်ဖော်ပြောဆိုခြင်းဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ခေါင်းဆောင်များသည် အမုန်းစကားနှင့် ၎င်း၏အကျိုးဆက်များအကြောင်း အသိပညာပေးရာတွင် ကူညီပေးနိုင်သကဲ့သို့ အများပြည်သူများမှ ပြန်လည်တုံ့ပြန်ချက်ပေးနိုင်ရန် တွန်းအားပေးရာလည်းရောက်သည်။ အများပြည်သူက အထူးယုံကြည်ကိုးစားကြသည့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ခေါင်းဆောင်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီရေးရာတို့တွင် အမုန်းစကားနှင့် အမုန်းတရား လှုံ့ဆော်မှုတို့၏ အန္တရာယ်များကို ရှင်းပြနိုင်ရန် အနေအထားကောင်းကောင်းရှိကြသည်။

[1]http://www.ifes.org/publications/violence-against-women-elections

**ကွဲပြားစုံလင်သောရှုထောင့်ပေါင်းစုံကို အားပေးသည့် အများပြည်သူဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများအား နေရာပေးခြင်း –** ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ခေါင်းဆောင်များသည် ရွေးကောက်ပွဲဆိုင်ရာမဲဆွယ် စည်းရုံးရေးများအတွင်း အများပြည်သူဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲနှင့် ဝေဖန်ဆွေးနွေးခြင်းများကို အားပေးဖန်တီးနိုင်သည့် အခွင့်အလမ်းရှိသူများဖြစ်သည်။ ယင်းသို့ ပြုလုပ်ရာတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များသည် ရုပ်မြင်သံကြားတွင် ကိုယ်စားလောင်းများ၏ အခြေအတင်ဆွေးနွေးပွဲ ၊ မြို့နယ်ခန်းမ ဆွေးနွေးပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများစသည် ပြဿနာကိစ္စရပ်များအလိုက်ဆွေးနွေးပွဲများကို အားပေးသည့် အစီအစဉ် ရေးဆွဲခြင်းဖြင့် အများ ပြည်သူဆွေးနွေးပွဲများကို ထောက်ခံအားပေးသင့်သည်။ သင်ကြားမှုပံ့ပိုးပေးခြင်း – ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သက်ဆိုင်သူအမျိုးမျိုးတို့သည် အမုန်းစကားကို မည်၍မည်မျှ သဘောပေါက်နားလည်ကြောင်း၊ အမုန်းစကားသည် ၎င်းတို့၏အတွေးအခေါ်နှင့် အပြုအမူကို မည်သို့သက်ရောက်ကြောင်းဆိုသော သတင်းအချက်အလက်များမရှိခြင်းကြောင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲအတွင်းတွင် ပိုမိုကောင်းမွန်သောဗျူဟာများ၊ အစီအစဉ်များ၊ သတင်း စကားများ စီစဉ်ရေးဆွဲခြင်း၊ ပေးပို့ခြင်းတို့တွင် အခက်အခဲများ ကြုံတွေ့ရနိုင်သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် လူထုထင်မြင်ချက်နှင့် ဦးတည်အုပ်စုများ၏ သဘောထားစစ်တမ်းကောက် ခံခြင်းများကို အားထုတ်ပြုလုပ်ခြင်းဖြင့် မိန့်ခွန်းများ၏ ပုံစံနှင့် ၎င်းတို့သည် ပြည်သူတို့၏ အပြုအမူအပေါ် မည်၍မည်မျှ သက်ရောက်မှုရှိကြောင်း ပိုမိုသဘောပေါက်နားလည်နိုင်ပေမည်။ တွေ့ ကြုံရသည့်အခြေအနေတစ်ခုတွင် မည်သည့်တန်ပြန်ဗျူဟာများက ထိရောက်သည်ကို သဘောပေါက်နားလည်နိုင်ရန်အတွက် သုတေသနများကလည်း မရှိမဖြစ်အရေးပါသည်။

**အင်ဒိုနီးရှားတွင် အမုန်းစကားကို တုန့်ပြန်ခြင်း**

" အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးမွတ်စလင်အဖွဲ့အစည်း Nahdlatul Ulama (NU) ၏ ဘာသာရေးခေါင်းဆောင်က မည် သည့် အခြေအနေတွင်မဆို အမုန်းစကားသည် ရက်ဖွယ်ကောင်းသော အပြုအမူ အဖြစ် ယူဆရမည်ဟု အကြံပြုခဲ့သည်။ အဆိုပါ ဘာသာရေးခေါင်းဆောင်၏ အဆိုအရ အမုန်းစကားကို တရားဥပဒေစိုးမိုးရေးဖြင့်သာ အဟန့်အတားဖြစ်စေမည် ဟု ဆိုသည်။ ထိုပြောပြောချက်နှင့်အတူ အင်ဒိုနီးရှားသည် ၂၀၁၈၊ ၂၀၁၉ နှစ်နှစ် ဆက်တိုက် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ထိန်းချုပ်ကျင်းပနိုင်ခဲ့ပြီး အမုန်းစကားဆန့်ကျင်ရေးသည် နိုင်ငံရေးကို အကြီးအကျယ်တိုးတက်မှုဖြစ်စေခဲ့သည်။ အလေးအနက်ထားရမည့် အချိန်ပင်ဖြစ်သည်။

[ကိုးကား – ဂျာကာတာ အယ်ဒီတာအာဘော် သတင်း http://www.thejakartapost.com/ academia/2017/11/28/editorial-countering-hate-speech.html]

**အချက်အလက်များ စောင့်ကြည့်ခြင်း ၊ စုဆောင်းခြင်း နှင့် အစီရင်ခံတင်ပြခြင်း –** ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်များနှင့်အတူ အမုန်းစကား ဖြစ်ပေါ်လာချိန်များနှင့်ဆက်စပ် အချက်အလက်များ စုဆောင်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းတင်ပြခြင်းတို့သည် ဘေးအန္တရာယ်ကျရောက်နိုင်ခြေများကို ရှောင်လွှဲခြင်း၊ ဗျူဟာများ၊ လုံခြုံရေး ဆိုင်ရာအစီအစဉ်များကိုဖော်ဆောင်ခြင်း၊ ထိရောက်စွာ နေရာချထားခြင်းသာမက စုံစမ်းစစ်ဆေးခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်များအတွက် အသိပေးခြင်းတို့ကို လုပ်ဆောင်ရာတွင် မရှိမဖြစ်အရေးကြီးပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများလည်း ဤလုပ်ငန်းစဉ်တွင် ပါဝင်နိုင်သည်။

**လုံခြုံရေး ဆိုင်ရာအစီအစဉ်များရေးဆွဲခြင်းဖြင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေများကို ရှောင်လွှဲခြင်း –** ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် ရရှိလာသော အမုန်းစကားဆိုင်ရာ အချက်အလက်များကို အသုံးချပြီး ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပေါ်ရန် ရှောင်လွှဲ၍ ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူများအားလုံး၏ လုံခြုံရေးကို ကာကွယ်ပေးပါ။ ပူးတွဲလုံခြုံရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အတွက် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် လုံခြုံရေးတာဝန်ရှိသူ အသီးသီးတို့နှင့် စေ့စပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲများတွင် ပြည်သူ့ရဲများသည် အမုန်းစကားကို ကျူးလွန်သူ သို့မဟုတ် ထောက်ခံအားပေးသူများအဖြစ်လုပ်ဆောင်သောအခါ ၎င်းတို့လုပ်ဆောင်မှုအပေါ် တာဝန်ခံမှုရှိစေရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် လူ့အခွင့်အရေးကော်မရှင်များ သို့မဟုတ် ပြည်သူ့ရဲကြီးကြပ်ရေးကော်မရှင်များနှင့် လက် တွဲဆောင်ရွက်ရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၊ အမျိုးသားများအပေါ် အကြမ်းဖက်မှုပုံစံအမျိုး မျိုးကို ထိရောက်စွာ တုံ့ပြန်နိုင်ရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေ ရှင်းသည့် အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။

**ထိရောက်စွာ၊ တာဝန်သိစွာ စီရင်ဆုံးဖြတ်ခြင်း –** ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် ရွေးကောက်ပွဲ ဆိုင်ရာ မဲဆွယ်စည်းရုံးရေးကာလများအတွင်း အမုန်းစကားနှင့် အမုန်းတရား လှုံ့ဆော်မှုဖြစ်ရပ်များကို အရေးယူဆောင်ရွက်ရန် တာဝန်ရှိပါက အခြားတရားစီရင်ရေးနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ ကြုံတွေ့ရလေ့ရှိသည့် ပြဿနာအခက်အခဲ၊ ချွတ်ယွင်းချက်များကို ရှောင်ရှားရန် လိုအပ်ပါသည်။ စီရင်ဆုံးဖြတ်မှုနှေးကွေးခြင်း၊ ကျယ်ပြန့်စွာ အဓိပ္ပါယ်ကောက်ယူခြင်း၊ ဥပဒေတစ်ပြေးညီ မဖြစ်ခြင်း၊ နိုင်ငံရေးအရ ဘက်လိုက်ခြင်း၊ ဥပဒေကို အလွန်အကျွံသုံးစွဲခြင်း နှင့် အလွဲသုံးစားပြုလုပ်ခြင်း၊မမျှတသော ပြစ်ဒဏ်များနှင့် နိုင်ငံတကာ မှလက်ခံထားသည့် စံချိန်စံညွှန်းများနှင့် မကိုက်ညီခြင်းစသည်တို့ ပါဝင်နိုင်သည်။

**ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများကို သင်တန်းပေးခြင်း –** ယေဘုယျအားဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် ၎င်းတို့၏ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများအား ကိုယ်စားပြုသူများ၊ ကိုယ်စားလှယ်လောင်းများ နှင့် ၎င်းတို့ ကိုယ်စားဆောင်ရွက်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများစသည့် ရွေးကောက်ပွဲဆိုင်ရာသက်ဆိုင်ပါဝင်သူများကိုသင်တန်းမျိုးစုံပေးရာတွင်ပါဝင်သည်။သင်တန်းအစီအစဉ်တွင်လူ့အခွင့်အရေး၊ မဲပေးခွင့်၊ ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ကျား/မ တန်းတူ ညီမျှရေး၊ အမုန်းစကား၊ အမုန်းတရားလှုံ့ဆော်မှုပါဝင်သည့်တားမြစ်ထားသောမိန့်ခွန်းစကားများနှင့် နိုင်ငံတော်ဥပဒေနှင့်နိုင်ငံတကာ ဥပဒေများအရ ထားရှိအပ်သော ပဋိညာဉ်များစသည်တို့နှင့် စပ်လျဉ်းသော အကြောင်းအရာများကို ပေါင်းစည်း ထည့်သွင်းသင့်သည်။

**မဲဆန္ဒရှင်များအား အသိအမြင်ဖွင့်ပေးခြင်း ၊ ပညာပေးခြင်း –** ပြည်သူ့သတင်းအချက်အလက် အသိပညာပေး ဟောပြောပွဲနှင့် မဲဆန္ဒရှင်ပညာရေးအစီအစဉ်များသည် ယုံတမ်းစကားများနှင့် နားလည်မှုလွဲမှားခြင်းများကို ပယ်ရှားနိုင်မည့် တိကျသော သတင်းအချက် အလက်များကို ပေးသည်။ မဲဆန္ဒရှင်များအား ၎င်းတို့၏ကိုယ်ပိုင်ဘဝတွင် တွေ့ကြုံနေရသည့် သဘောထားမကြီးမှုများကို ဖော်ထုတ်ဖြေရှင်းရာတွင် ကူညီပေးနိုင်ပြီး အရာရှိများ၊ ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့ကို ထောက်ခံအားပေးနေသူများ၊ သတင်း မီဒီယာများက ဖြန့်ဝေနေသော အမုန်းစကားကို သိရှိ ကာကွယ် နိုင်မည်ဖြစ်သည်။ ရေရှည်လူထုပညာပေးရေးသည်လည်း လူထုစာတတ်မြောက်ရေးအဆင့်ဆင့်ပြုစုပျိုးထောင်ရာတွင်အရေးကြီးသကဲ့သို့ ပြည်သူလူထု၏ အမုန်းစကား အပေါ် ခုခံနိုင်မှုအားနည်းသည့် ပျော့ကွက်ကို လျော့နည်းစေနိုင်သဖြင့် အကြမ်းဖက်မှုများ ပေါ်ပေါက်လာနိုင်ခြင်းကို လျှော့ချနိုင်ရန်အတွက် အရေးကြီးပါ သည်။

ရွေးကောက်ပွဲကာလအတွင်း အမုန်းစကားများ အသုံးပြုခြင်းသည် လျှင်မြန်စွာ အဆင့်ဆင့် ပြောင်းလဲနေသော ပြဿနာတစ်ရပ်ဖြစ်သည်။ ၎င်းပြဿနာ၏ အတိမ်အနက်နှင့် ရှုပ်ထွေးမှုကြောင့် ဆက်စပ်ပါတ်သက်သူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းဗျူဟာချဉ်းကပ်မှုနှင့် ၎င်းတို့အကြား အပြန်အလှန် ကြိုးစားအားထုတ်မှု လိုအပ်သည်။ စည်းမျဉ်းစည်းကမ်းအရ ဖြေရှင်းရာတွင် အခြေခံအခွင့်အရေးများအကြား ပဋိပက္ခဖြစ်လာနိုင်ပြီး ထိရောက်မှု အကန့်အသတ်ရှိသကဲ့သို့ အငြင်းပွားဖွယ်ဖြစ်နိုင်ကာ ပြန်လည်သင့်မြတ်ရန်လည်း ခက်ခဲနိုင်သည်။ ထိုကဲ့သို့ဖြစ်လာပါက ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ပြည်တွင်းနှင့် ပြည်တွင်းမဟုတ်သော လုပ်ဆောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများအပြင် အခြားသော ဖြေရှင်းနည်းများကို လေ့လာစူးစမ်းရန် အကြံပေးရမည်ဖြစ်သည်။ အချို့နိုင်ငံများတွင် ပြည်သူလူထုက အမုန်းစကားကို မည်သို့ ကွဲကွဲပြားပြား နားလည်တုံ့ပြန်မှု (သို့မဟုတ် အရေးတယူပြုမှု) နှင့် တန်ပြန်အစီအမံများ၏ထိရောက်မှု အကြောင်းလေ့လာသည့် တိကျခိုင်မာသည့် အရေအတွက်ဆန်းစစ်လေ့လာခြင်း သုတေသနများမှာ ယနေ့အထိ အရေအတွက်အနည်းငယ်သာရှိသည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များ၏ အလေ့အကျင့်များအား နှိုင်းယှဉ်လေ့လာမှုကို ရွေးကောက်ပွဲဆိုင်ရာ လက်တွေ့လုပ်ဆောင်နေသူ အသိုင်းအဝိုင်းများကြား ပိုမို ကျယ်ပြန့်စွာ အလွယ်တကူ ရယူနိုင်မှု မရှိသကဲ့သို့ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များက အခြား အစိုးရ အဖွဲ့အစည်းများနှင့် အရက်ဘက်အဖွဲ့အစည်းများ၏ အောင်မြင့်သည့်အတွေ့အကြုံများကို မည်သို့မြှင့်တင်ပေးနိုင်သည် ဆိုသော သတင်းအချက်အလက်များလည်း မရှိသေးပါ။ ထိရောက်သောနည်းဗျူဟာများနှင့်ဘက်ပေါင်းစုံမှ သက်ဆိုင်ပါဝင်သူများ၏ အောင်မြင်သော အားထုတ်မှုအကြောင်း လေ့လာသင်ယူဖြန့်ဖြူးရန်နှင့် ပိုမိုနားလည်နိုင်ရန် ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (IFES) က ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များနှင့် လက်တွေ့ဆောင်ရွက်နေသူများအား ၎င်းတို့၏အတွေ့အကြုံများကို ဝေမျှရန် epeace@ifes.org သို့ဖိတ်ခေါ်ပါသည်။ ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (IFES) က အကောင်းဆုံးအလေ့အကျင့်များ ပေါ်ပေါက်လာမှုတို့အပေါ် အခြေခံ၍ ဤစာတမ်းကို အခါအားလျော်စွာ ပြင်ဆင်မွမ်းမံပါမည်။

# ၁။ နိဒါန်း

ဒီမိုကရေစီဖွံ့ဖြိုးရေးနှင့်ကျစ်လစ်ခိုင်မာရေးအဆင့်တိုင်းတွင် အမုန်းစကားနှင့် ၎င်း၏ ဆိုးကျိုးသက်ရောက်မှု တို့ကို ခုခံနိုင်စွမ်းအား နည်းပါးသည်မှာ သက်သေ အထင်အရှားပင်ဖြစ်သည်။[၂] ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးပွဲများသည် အထူးသဖြင့် အမုန်းစကားနှင့် အမုန်း တရားတို့ လှုံ့ဆော်ပေါက်ဖွားရာမြေဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံအရာရှိများ၊ နိုင်ငံရေးပါတီ များ၊ ကိုယ်စားလှယ်လောင်းများ၊ အခြားမှတ်ချက်ပေးသူများ နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အမုန်းစကားဖြန့်ချိရာ၌ ဩဇာရှိသူများ ဖြစ်ကြသည်။[၃] သတင်းမီဒီယာများ၊ အထူးသဖြင့် လူမှုကွန်ယက် မီဒီယာများ၏ ဩဇာနှင့် ဆင့်ကဲပြန့်ပွားမှု အာနိသင်က အလွန်ထိရောက်မှုရှိကြောင်းလဲ တွေ့ရသည်။[၄,၅]

**အမုန်းစကားမဲဆွယ်စည်းရုံးရေး မဟာဗျူဟာအဖြစ် အသုံး ပြု–ခြင်း**

ရွေးကောက်ပွဲများသည် နိုင်ငံရေးသမားများအတွက် သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး အခြေအနေသို့ တစ်စတစ်စနှင့် ပြောင်းလဲဖြစ်ပေါ်ပြီး ထိုမှတစ်ဆင့် အာဏာကို မတရားသည့် နည်း လမ်းများသုံးပြီး ရယူလာကြသည်။ မဲဆွယ်စည်းရုံးရာတွင် စဉ်းစား တွေးခေါ်ခြင်းနှင့် ကန့်သတ်ချက်များမရှိဘဲ တစ်စထက်တစ်စ ပြင်းထန်လာကြသည်။ ရွေးကောက်ပွဲတစ်ခုသည် စစ်ပွဲတစ်ပွဲအလား ရွေးကောက်ပွဲ အနိုင်ရရှိသူသည် မဟာဗျူဟာ နည်းလမ်းကောင်းသူတစ်ဦးဖြစ်သည်ဟု ယူဆလာကြသည်။

[ကိုးကား – အာဖရိကရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခများ
https//www.ituc.africa.org]

တာဝန်ရှိရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများ ရင်ဆိုင်ရသည့် ပြဿနာများမှာရှုပ်ထွေး၍ အမြဲပြောင်းလဲနေသည် ။ လွတ်လပ် စွာထုတ်ဖော်ပြောဆိုခွင့်၊ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများ အပေါ် ကန့်သတ်ခြင်းအပါအဝင် ကုစားမှုများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းရှိ အခြေခံအခွင့်အရေးများကို ကန့်သတ်ကောင်း ကန့်သတ်နိုင်သဖြင့် အငြင်းပွားဖွယ်ဖြစ်သည်။ အမုန်စင်စစ် အချို့လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အမုန်းစကားကို အကောင်းဆုံးတုံ့ပြန်မှုမှာ ပိုမိုလွတ်လပ်စွာ ပြောဆိုစေခြင်းပင် ဖြစ်သည်ဟု အခိုင်အမာဆိုကြသည်။[၆]

ဤစက္ကူဖြူစာတမ်းသည် ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (IFES) က လက်တွေ့ဆောင်ရွက်နေသူများ အပါအဝင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များ နှင့် အခြား ရွေးကောက်ပွဲတွင် သက်ဆိုင်ပါဝင်နေသူ ခေါင်းဆောင်များအတွက် ရည်ညွှန်းသည်။ ဤစာတမ်းသည် အမုန်းစကား၊ အမုန်းတရား လှုံ့ဆော်မှု နှင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးများအတွင်း ဖြစ်ပွားတတ်သည့် အကြမ်းဖက်မှုများနှင့် ဆက်စပ်ပြဿနာရပ်များ နှင့် အလေ့အကျင့်များ နှိုင်းယှဉ်လေ့လာခြင်းကို သက်ဆိုင်ပါဝင်နေသူများ နားလည်စေရန်ရည်ရွယ်သည်။ အကြောင်းအရာသည် အလွန်လျှင်မြန်စွာ အဆင့်ဆင့်ပြောင်းလဲ ဖြစ်ပေါ်နေသောကြောင့် အားလုံးခြုံငုံမိခြင်း သို့မဟုတ် အသေးစိတ် အပြည့်အစုံထည့်သွင်းနိုင်ခြင်း မရှိသေးပါ။ အတိအကျဆိုလျှင် အသိအမြင်ဖြည့်ဆည်းတည်ဆောက်ပေးရန်နှင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးနေစဉ်အတွင်း အမုန်းတရားကို တန်ပြန်ရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များအား ရွေးချယ်နိုင်မည့် နည်းလမ်းများ ရှာဖွေပေးရန်ဖြစ်သည်။

ဤတွင် တင်ပြထားသည့် ရွေးချယ်စရာများသည် စည်းမျဉ်းစည်းကမ်း (အပိုင်း ၃ – ၆ နှင့် နောက်ဆက်တွဲ ၁ )၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုနှင့် အတွေးအခေါ်များ ယှဉ်ပြိုင်ရာ နေရာ နှင့် သတင်းအချက်အလက်များရယူရန်တို့အတွက် ရေးဆွဲထားသော နည်းဗျူဟာများ (အပိုင်း ၇) နှစ်မျိုးစလုံးကို ဆွေးနွေးထားသည်။ ရွေးကောက်ပွဲကာလ အရေးကြီးအချိန်ကာလများတွင် (အပိုင်း ၈) အမုန်းစကားနှင့် ၎င်း၏ဂယက်များကို မည်သည့် အဖွဲ့အစည်းကမျှ တစ်ဦးတစ်ဖွဲ့တည်းဖြင့် အလုံးစုံ ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် ဤဆွေးနွေးမှုတွင် ပြင်ပသက်ဆိုင်ပါဝင်သူများကို လက်လှမ်းမီ ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှုကို အလေးပေးဆွေးနွေးထားသည်။ ဤစာတမ်းဆွေးနွေးမှုတစ်လျှောက်လုံးတွင် ကျား/မရေးရာ ရှုထောင့်များပါဝင်ပြီး အမုန်းစကားနှင့် ရွေးကောက်ပွဲတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး(VAWIE) ကို အထူးအလေးပေး ဆွေးနွေးထားသည့် ဥပမာ၊ သာဓကများဖြင့် ဖော်ပြထားသည်။

ကိုးကား စာတမ်းများကို ဤစာတမ်း၏နောက်ဆုံး (နောက်ဆက်တွဲ – ၂)တွင် ထည့်သွင်းထားသည်။

[၃] Denton, R. E. Jr. (2000), Political Campaign Ethics: Any Oxymoron? Praeger: Westport, Connecticut, p. 79.

[၄] https://rm.coe.int/16800c170e

[၅] http://www.prismproject.eu/wp-content/uploads/2015/11/Backgrounds-Experiences-and-Responses-to-Online- Hate-Speech.pdf

[၆] See, for example: http://www2.ohchr.org/english/issues/opinion/articles1920_iccpr/docs/expert_papers_Bangkok/SRSubmissionBangkokWorkshop.pdf

## ၂။ ရွေးကောက်ပွဲဆိုင်ရာ ခေါင်းဆောင်မှုနှင့် အမုန်းစကား

အမုန်းစကားသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အုပ်စုတစ်စု၊ လူနည်းစုတို့၏ အခွင့်အရေးနှင့် လူသားတို့၏ ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု နှင့် လုံခြုံစိတ်ချရမှုစသည် သဘောတရားများ ရှုပ်ထွေးစွာဆက်စပ်တည်ရှိသည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များအတွက် အမုန်းစကားနှင့် အမုန်းတရားကိုလှုံ့ဆော်မှုသည် ရွေးကောက်ပွဲဆိုင်ရာ သမာသမတ်ရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံစိတ်ချရမှုတို့အတွက် သိသာထင်ရှားစွာ ဆက်စပ်နေပြီး ထိရောက်သော ရွေးကောက်ပွဲဆိုင်ရာ ခေါင်းဆောင်မှုလိုအပ်သည်။

ရွေးကောက်ပွဲဆိုင်ရာ ခေါင်းဆောင်မှုအရ ရွေးကောက်ပွဲများသည် အခွင့်အလမ်းများနှင့်ဘေးအန္တရာယ်များ ရောထွေးပါဝင်သည်။ အခြေခံအားဖြင့်ဆိုရလျှင် ရွေးကောက်ပွဲများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခွင့်အလမ်းဖြစ်သကဲ့သို့ ဒီမိုကရေစီကိုဖြိုဖျက်ရန် ဘေးအန္တရာယ်တစ်ခုအဖြစ်လည်း ကျရောက်နိုင်သည်။ ရွေးကောက်ပွဲဆိုင်ရာခေါင်းဆောင်မှု အရည်အသွေးသည် ရွေးကောက်ပွဲတစ်ခု အောင်မြင်မှုထက် ကျော်လွန်လေးနက်သော အကြီးအကျယ် အပျက်သဘော သို့မဟုတ် အပြုသဘောဆောင်သော သက်ရောက်မှုများ ရှိနိုင်ပါသည်။ ခိုင်မာအားကောင်းသော ရွေးကောက်ပွဲဆိုင်ရာခေါင်းဆောင်မှုသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ဆိုးရွားသောစိန်ခေါ်မှုများကို လျော့ပါးစေနိုင်သော်လည်း ညံ့ဖျင်းသောခေါင်းဆောင်မှုက စိန်ခေါ်မှုများကို ရံဖန်ရံခါ ပိုမိုဆိုးရွားစေသည်။

ရွေးကောက်ပွဲအတွင်း အမုန်းစကားနှင့် အကြမ်းဖက်မှုများအား သွေးထိုးလှုံ့ဆော်ခြင်းတို့သည် ထိုကဲ့သို့သော စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်သည်။ တုန့်ပြန်မှုပေးရာတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် ရိုးသားခြင်း၊ တရားမျှတခြင်း၊ တာဝန်ကို အလေးထားခြင်း၊ လူ့အခွင့်အရေးကို လေးစားမှုရှိခြင်းနှင့် လူအများအပေါ် အာရုံထားသည့် သဘောတရားများကို နလုံးသွင်းပြီး စံပြုထားရမည့် ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှုကို ကျင့်သုံးရမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ သမာသမတ်ကျမှုသည် ကိုယ်ကျင့်တရား၊ ကျင့်ဝတ်၊ ဥပဒေများ စသည်တို့ကို ထိရောက်စွာပေါင်းစပ်ထားသည့် စနစ်အပေါ်တွင် မူတည်နေသည်။

၁။ ကိုယ်ကျင့်တရား – လူ့အဖွဲ့အစည်းအတွင်း အများအမှန်အဖြစ် ယေဘုယျအားဖြင့် လက်ခံကြသည့် အရာများဖြစ်သည်။

၂။ ကျင့်ဝတ် – ဥပမာ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ အတွက် ကျင့်ဝတ်များသည် အုပ်စုတစ်စု၊ အလုပ်အကိုင်အတွင်း အများအမှန်အဖြစ် ကျင့်သုံးပြုမူနေသည့် သဘောတူညီထားသည့် စံချိန်စံညွှန်းများ ဖြစ်သည်။

၃။ ဥပဒေများ – အပြုအမူ ၊ အများအမှန်ကို ထိန်းချုပ်သော ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များဖြစ်သည်။ ခြိမ်းခြောက်ခြင်း၊ ပြစ်ဒဏ်များ အသုံးပြုခြင်း (ဥပမာ လူ့အခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ခွဲခြားဆက်ဆံမှုကို ကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် အမုန်းတရားကို တန်ပြန်တုံ့ပြန်ခြင်း) စသည်တို့ကို ထိန်းသိမ်းကြပ်မတ်ခြင်း အာဏာ၊ စီရင်ဆုံးဖြတ်သည့်လုပ်ငန်းစဉ်များဖြင့် အရေးယူမှုပြုသည်။[၆]

နောက်ဆုံးအနေဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် ဘေးကင်းလုံခြုံသည့် ရွေးကောက်ပွဲကျင်းပနိုင်သည့် ပတ်ဝန်းကျင် အခြေအနေတစ်ရပ်၌ ရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်ပါဝင်သူများအားလုံး ခြိမ်းခြောက်မှုများနှင့်အကြမ်းဖက်လုပ်ရပ်များ ကင်းစင်ပြီးၓင်းတို့၏တာဝန်ဝတ္တရားကို ထမ်းဆောင်နိုင်ရန် ထိရောက်စွာ ဖြည့်ဆည်းပေးရမည်။

[၆] ဤအယူအဆရေးရာမူဘောင်ကို Erhard, W. at al. (2014), Integrity: Positive Model that Incorporates the Normative Phenomena of Morality, Ethics, and Legality မှကိုးကားအသုံးပြုသည်။

## ၃။ သက်ဆိုင်အသုံးပြုနိုင်သော နိုင်ငံတကာစံချိန်စံညွှန်း

အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များသည် သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံများကလိုက်နာရန် စည်းမျဉ်း စည်းကမ်းများနှင့် စံချိန်စံညွှန်းများကို ချမှတ်ကြသည်။[၉] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများက လူ့ဂုဏ်သိက္ခာ၊ တန်းတူ ညီမျှရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း အပါအဝင် အခြေခံ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့ကို အသိအမှတ် ပြုပါသည်။ ထိုဥပဒေများက ခွဲခြားဆက်ဆံမှု၊ အမုန်းစကားများ၊ သို့မဟုတ် အမုန်းတရားလှုံ့ဆော်မှုများကို တားမြစ်ထားသည်။ ထို့အပြင် သဘောတူလက်မှတ်ထိုးထားသော နိုင်ငံများသည် နိုင်ငံတော် ဥပဒေပြုရေးမှတဆင့် ထိုအခွင့်အရေးများနှင့် တာဝန်၊ ဝတ္တရားများကို အတည်ပြုထိန်းသိမ်းထားရန် ပဋိညာဉ်များ ချမှတ်ကျင့်သုံးသည်။ အချို့ကိစ္စရပ်များတွင် ပိုမိုလေးစားလိုက်နာရန် နှင့် အရေးယူမှုများပြုနိုင်ရန် နိုင်ငံတကာခုံရုံး နှင့် စောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

**အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ခိုင်မာသည့် ကိုယ်ကျင့်တရားဆိုင်ရာ လက်ခံကျင့်သုံးရမည့် အချက်များအား လေးနက်ကျယ်ပြန့်စွာ ထည့်သွင်းထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူညီချက်များ အကျိုးသက်ရောက်မှု ရှိစေရန်မှာ ၎င်းတွင်ပါရှိသည့် အချက်များအား အမျိုးသားရေးဥပဒေအဖြစ် ပြဋ္ဌာန်းသတ်မှတ်ရမည်။ [ကိုးကား - IFES "ဥပဒေအဆင့်ဆင့် - ဥပဒေမူဘောင်အား နားလည်သဘောပေါက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲနိုင်ခြင်း" (၂၀၁၆)၊ စာမျက်နှာ ၆]

၁၉၄၈ခုနှစ် ကုလသမဂ္ဂ (UN) အထွေထွေညီလာခံက ချမှတ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းက "လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့် လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့် လည်းကောင်း၊ မွေးဖွားလာသူများ ဖြစ်သည်" ဟုဆိုသည်။ ကြေညာစာတမ်း တွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို တူညီစွာ ပိုင်ဆိုင် ခံစားခွင့်ရှိသည်ဟု အပိုဒ် ၂က ဆိုထားသည်။ "လူမျိုးနွယ်အားဖြင့် ဖြစ်စေ၊ အသားအရောင်အားဖြင့် ဖြစ်စေ၊ ကျား/မ သဘာဝအားဖြင့် ဖြစ်စေ၊ ဘာသာစကားအားဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးယူဆချက်၊ သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့် ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော၊ သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ်အားဖြင့် ဖြစ်စေ၊ ပစ္စည်းဥစ္စာ ဂုဏ်အားဖြင့် ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြား အဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ။ ထို့ပြင် လူတစ်ဦး တစ်ယောက်နေထိုင်ရာ နိုင်ငံ၏ သို့တည်းမဟုတ် နယ်မြေဒေသ၏ နိုင်ငံရေးဆိုင်ရာဖြစ်စေ စီရင်ပိုင်ခွင့်ဆိုင်ရာ ဖြစ်စေ တိုင်းပြည် အချင်းချင်း ဆိုင်ရာဖြစ်စေ၊ အဆင့်အတန်း တစ်ခုခုကို အခြေပြု၍သော်လည်းကောင်း၊ ဒေသနယ်မြေတစ်ခု သည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နယ်မြေ၊ သို့တည်းမဟုတ် ကုလသမဂ္ဂ ထိန်းသိမ်း စောင့်ရှောက် ထားရသည့် နယ်မြေ၊ သို့တည်းမဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့် အာဏာ တစ်စိတ်တဒေသရရှိသည့် နယ်မြေ စသဖြင့် ယင်းသို့ သော နယ်မြေများ ဖြစ်သည်ဟူသော အကြောင်းကို အထောက်အထား ပြု၍ သော်လည်းကောင်း ခွဲခြားခြင်း လုံးဝ မရှိစေရ။"[၁၀] လူတိုင်း၌ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့် နှင့် ပုဂ္ဂလိက လုံခြုံစိတ်ချခွင့် ရှိသည်ဟု အပိုဒ် (၃က) အခိုင်အမာဆိုသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းက အမုန်းစကား သို့မဟုတ် အမုန်းတရားလှုံ့ဆော်မှုတို့ကို တစ်သီးတစ်သန့် တားမြစ်မထားပါ။ သို့သော် ကြေညာစာတမ်းပါ သဘောတရားများကို ဖီဆန်၍ခွဲခြားခြင်းမှ လည်းကောင်း၊ ထိုသို့ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှ လည်းကောင်း၊ ကင်းလွတ်ခွင့်ကို တူညီစွာခံစားပိုင်ခွင့်ရှိသည်ဟု အပိုဒ် (၇) က ဆိုထားသည်။ အပိုဒ် (၂၀) နှင့် (၂၁ က) လွတ်လပ်စွာစုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်၊ အုပ်ချုပ်ရေးနှင့်ကာလအလိုက် ကျင်းပသည့် စစ်မှန်သောရွေးကောက်ပွဲများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို အသိအမှတ်ပြုသည်။

နည်းမျိုးစုံဖြင့် လူမျိုးရေး ခွဲခြားမှုများ ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ စာချုပ် (CERD) ကို ၁၉၆၅ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက စတင်ကျင့်သုံးခဲ့ပြီး လူမျိုးရေး ခွဲခြားဆက်ဆံမှုကို တိုက်ရိုက် ကိုင်တွယ်ခဲ့သည့် ပထမဆုံး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ဖြစ်ခဲ့သည်။ အဆိုပါ CERD ၏အပိုဒ် ၄ တွင် အမုန်းစကား (၄)မျိုး ကို သတ်မှတ်ဖော်ထုတ်ခဲ့သည် –

[၉] http://www.ifes.org/sites/default/files/2016_ifes_hierarchy_of_laws.pdf, p. 6.

[၁၀] http://www.un.org/en/universal-declaration-human-rights/

၁။ လူမျိုးရေး သာလွန်မှုအပေါ် အခြေခံသည့် အတွေးအခေါ်များ ဖြန့်ဝေခြင်း၊
၂။ လူမျိုးရေး မုန်းတီးမှု အပေါ် အခြေခံသည့် အတွေးအခေါ်များ ဖြန့်ဝေခြင်း၊
၃။ လူမျိုးရေး ခွဲခြားဆက်ဆံမှုကို လှုံ့ဆော်ခြင်း နှင့်
၄။ လူမျိုးရေး အခြေခံသည့် အကြမ်းဖက်လုပ်ရပ်များကိုလှုံ့ဆော်ခြင်း၊

အပိုဒ် ၄ က အထူးသဖြင့် ပြည်သူ့အာဏာပိုင်များ နှင့် အဖွဲ့အစည်းများအနေဖြင့် လူမျိုးရေးခွဲခြားဆက်ဆံမှု ကို တိုက်တွန်းအားပေးခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းတို့ကို တားမြစ်ထားသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) နှင့် လူမျိုးရေးခွဲခြားမှု နည်းမျိုးစုံအား ပပျောက်ရေး နိုင်ငံတကာစာချုပ် (CERD) အပိုဒ် - ၅ တို့အရ လူသားတိုင်းသည် ဥပဒေ ရှေ့မှောက်တွင် တန်းတူညီမျှရှိရေးအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပါအဝင် အခြားအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်ဟု ဆိုသောအချက်ကို အကောင်အထည်ဖော်မည့် အစီအမံများ လိုအပ်ပါသည်။[၁၁]

၁၉၇၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR) ကို စတင်ကျင့်သုံးခြင်းဖြင့် ကုလသမဂ္ဂအတွေ့တွေ့ညီလာခံသည် အမုန်းတရားလှုံ့ဆော်မှုကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းရန် ကြိုးစားလာသည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR) ၏ အပိုဒ် (၁၉) အရ လူသားတိုင်းသည် "ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ လွတ်လပ်စွာတွေးခေါ်ယူဆပိုင်" ခွင့်ရှိသည်ဟု အခိုင်အမာဆိုသည်။ "လူသားတိုင်းသည် လွတ်လပ်စွာ ပြောဆိုရေးသားဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာထင်မြင်နိုင်ခွင့် ပါဝင်သည့်အပြင် နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို အနုပညာပုံစံဖြင့်ဖြစ်စေ၊ မိမိကြိုက်နှစ်သက်သော သတင်းမီဒီယာပုံစံ တမျိုးမျိုး မှတဆင့် အပြော၊ အရေး သို့မဟုတ် ပုံနှိပ်များကို လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ထပ်မံ ဖြန့်ချိနိုင်ခွင့်လည်း ပါဝင်သည်"ဟု ထပ်မံဖော်ပြပါရှိသည်။[၁၂] တစ်ချိန်တည်းမှာပင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် အတူပါလာသည့် "အထူးတာဝန် နှင့် လုပ်ပိုင်ခွင့်များ"ကိုလည်း အပိုဒ် (၁၉) က အသိအမှတ်ပြုထားသည်။ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို (က) အခြားသူတို့၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာ များကို အကာအကွယ်ပြုရန် (ခ) နိုင်ငံတော်လုံခြုံရေး၊ လူထုအေးချမ်း တည်ငြိမ်စွာနေထိုင်နိုင်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ကိုယ်ကျင့်တရားတို့ကို ကာကွယ်ရန်အလို့ငှာ လိုအပ်လာပါက ဥပဒေအရ ကန့်သတ်မှုများ ပြုလုပ်နိုင်သည်။ ယင်းသို့ကန့်သတ်ရန် ပြုလုပ်ရာတွင် တရားဥပဒေနှင့် အညီဖြစ်ခြင်း ၊ တရားမျှတသော အကြောင်းရင်းရှိခြင်း ၊ အမှန်တကယ် လိုအပ်မှုရှိခြင်း စသဖြင့် အပိုင်း (၃) ပိုင်းဖြင့် ရမည်ဟုဆိုသည်။

ထို့အပြင် အပိုဒ် (၂၀) တွင် နိုင်ငံများသည် "ခွဲခြားဆက်ဆံခြင်း၊ ရန်ငြိုးထား ရန်လိုခြင်း သို့မဟုတ် အကြမ်းဖက်ခြင်းတို့ကို လှုံ့ဆော်သည့် အမျိုးသားရေး ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ မုန်းတီးမှုများအားဟောပြောထောက်ခံသည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ဥပဒေပြဋ္ဌာန်း တားမြစ်ရန်" တာဝန်ရှိသည်ဟုဆိုသည်။[၁၃] နိုင်ငံတော်အနေဖြင့် အမျိုးသားရေး အုပ်စုများ၊ လူမျိုးများ သို့မဟုတ် ဘာသာရေးများနှင့် ပတ်သက်သော အဆိုးမြင်ပြောဆိုချက်များ အားလုံးကို တားမြစ်ရန် အပိုဒ် (၂၀) က ဆိုလိုခြင်း မဟုတ်သကဲ့သို့ အပိုဒ် ၁၉ - ၃ နှင့် ကိုက်ညီမှုရှိနေသမျှ ၎င်းတို့ကို တားမြစ်ပိတ်ပင်ခြင်း မပြုရပါ။ အထူးသဖြင့် ခွဲခြားဆက်ဆံခြင်း၊ ရန်ငြိုးထားရန်လိုခြင်း သို့မဟုတ် အကြမ်းဖက်ခြင်းတို့ပြုလုပ်ရန် သွေးထိုးလှုံ့ဆော်သည့်အပေါ် မူတည်၍ တားမြစ်ပိတ်ပင်သင့်သည်။[၁၄] တားမြစ်ပိတ်ပင်သင့်သည့် အရာများမှာ အမျိုးသားရေး ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး မုန်းတီးမှုများကို လှုံ့ဆော်ဟောပြောမှုဖြစ်ပြီး ယင်းလှုံ့ဆော်မှုတွင် ခွဲခြားဆက်ဆံရန် ၊ ရန်လိုတိုက်ခိုက်ရန် သို့မဟုတ် အကြမ်းဖက်ရန် တိုက်တွန်းမှု ပါဝင်နေရပါမည်။[၁၅] အချို့နိုင်ငံများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအား အခြေခံအခွင့်အရေးအဖြစ် အထူးအလေးထားသည့်အတွက် ဖြစ်အံ့ဆဲဆဲ အကြမ်းဖက်မှုများဖြစ်ပွားစေရန် ရည်ရွယ်လှုံ့ဆော်မှုမျိုးကိုသာ ကန့်သတ်ရမည်ဟူသော အမြင်ရှိသည်။[၁၆]

---

[၁၁] http://www.ohchr.org/EN/ProfessionalInterest/Pages/CERD.aspx
[၁၂] Ibid.
[၁၃] Ibid.
[၁၄] Mrabure, K.O., Counteracting Hate Speech and the Right to Freedom of Expression in Selected Jurisdictions, undated, p. 167.
[၁၅] Muntarbhorn, Vitit, Study on the Prohibition of Incitement to National, Racial, Or Religious Hatred: Lessons from the Asia Pacific Region
[၁၆] Mrabure, p. 167.

အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေး နိုင်ငံတကာပဋိညာဉ်စာချုပ် (CEDAW) တွင် အမျိုးသမီးများ အပေါ်တိုက်ရိုက် "အမုန်းစကား" အကြောင်း အထူးဖော်ပြမထားပေ။ သို့သော် အပိုဒ် (၂) တွင် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများကို ရှုံ့ချထားသည်။"[၁၇] အဆိုပါ သဘောတူချက် အပိုဒ် (၁)တွင် အမျိုးသမီးအပေါ် ခွဲခြားဆက်ဆံမှုများ ဆို သည်မှာ "လူ့အခွင့်အရေးများ နှင့် အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အရပ်ဘက် သို့မဟုတ် အခြား နယ်ပယ်ရှိ အခြေခံအခွင့်အရေးများကို အမျိုးသမီးများ ရရှိပိုင်ခွင့်အား အသိအမှတ်ပြုခြင်း၊ ခံစားကျင့်သုံးပိုင်ခွင့်ရှိခြင်းတို့ကို လိင်အပေါ်အခြေခံ၍ ပျက်ပြယ်စေရန်ဖြစ်စေ ရည်ရွယ်ချက်ဖြင့်ခွဲခြားခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကိုမဆို ဆိုလိုသည်"[၁၈] ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ အပိုဒ် (၅) က နိုင်ငံများကို "မည်သည့်လိင်က မည်သည့်လိင်ထက် နိမ့်သည် မြင့်သည်ဆိုသော သို့မဟုတ် ကျား/မဆိုင်ရာ အရိုးစွဲပုံသေ အမြင်များကို အားပေးသည့် အတွေးအခေါ်များ၊ အခြေအမြစ်မရှိသော အစွဲအလမ်းအမြင် များကို ဖျောက်ဖျက်ပစ်ရန် နှင့်အတူ ကျားမတို့၏ လူမှုရေး၊ ယဉ်ကျေးမှုပုံစံ အလေ့အကျင့်ကို ပြင်ဆင်ရန်" တိုက်တွန်းထားသည်။[၁၉]

အခြားသက်ဆိုင်အသုံးပြုနိုင်သည်များမှာ -

၁. **မျိုးနွယ်စုအလိုက် သုတ်သင်ရှင်းလင်းမှုများအား ကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာ သဘောတူစာချုပ်**က "လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပွားစေရန် အများပြည်သူအား တိုက်ရိုက်သွေးထိုးလှုံ့ဆော်မှု" ကိုတားမြစ်သည်။[၂၀]

၂. **မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်**က နိုင်ငံများသည် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် မသန်စွမ်း သူများ အပေါ် အမုန်းစကားနှင့် လှုံ့ဆော်မှုများဟု နားလည်နိုင်သည့် မသန်စွမ်းခြင်းအပေါ် အခြေပြုခွဲခြားဆက်ဆံမှုများကို ပပျောက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟုဆိုသည်။

၃. **ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း** (အပိုဒ် ၈) အရ နိုင်ငံများသည် "ဌာနေ တိုင်းရင်းသားများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် လူမျိုးရေး သို့မဟုတ် လူမျိုးစုခွဲခြားဆက်ဆံခြင်း ကိုအားပေးသည့် မည့် သည့် ဝါဒဖြန့်မှု ပုံစံမျိုးကိုမဆို တားမြစ် အရေးယူကိုင်တွယ်ရမည်" ဟုပြဋ္ဌာန်းထားသည်။[၂၁၊၂၂]

[၁၇] http://www.un.org/womenwatch/daw/cedaw/

[၁၈] Ibid.

[၁၉] Ibid.

[၂၀] http://www.hrweb.org/legal/genocide.html

[၂၁] https://www.un.org/development/desa/disabilities/convention-on-the-rights-of-persons-with-disabilities/convention-on-the-rights-of-persons-with-disabilities-2.html

[၂၂] https://www.un.org/development/desa/indigenouspeoples/declaration-on-the-rights-of-indigenous-peoples. html

# ၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဥပဒေရေးရာမူဘောင်

နိုင်ငံအဆင့် ဥပဒေရေးရာမူဘောင်သည် အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဥပဒေနှင့်အညီ တာဝန်ခံမှုရှိရန် အရေးကြီးလှသည်။ နိုင်ငံတစ်ခုအတွင်း အကာအကွယ်ပေးထားသည့် အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များကို ထိန်းသိမ်းခြင်းတို့အပြင် အမုန်းတရား၏ ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပေးရမည်။ ထို့ပြင် သွေးထိုးလှုံ့ဆော်မှုကိုတားဆီးရန် တာဝန်ယူရမည့် အဖွဲ့အစည်းများကို သတ်မှတ် တာဝန်ပေးကာ အရေးယူဆောင်ရွက်ရမည့် ဥပဒေရေးရာအစီအမံများ စီစဉ်ထားရှိရမည်။

**ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများ**

၁။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့သည် အမုန်းစကားကို တွန်းလှန်ရန် ဥပဒေဘောင်အတွင်း မည်သည်တို့ကို တိုက်ရိုက်လုပ်ဆောင်နိုင်ပါသနည်း။
၂။ အခြား အစိုးရအဖွဲ့အစည်းများနှင့် လွတ်လပ်သော အဖွဲ့အစည်းများသည် အမုန်းစကားကိုတွန်းလှန်ရန် မည်သည့်တာဝန်ဝတ္တရားများရှိကြပြီးတုံ့ပြန်ချက်ပေးရန်အတွက် ထိုအဖွဲ့အစည်းများအနက် မည်သည့်အဖွဲ့များသည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြမည်နည်း။
၃။ ပိုမိုရှင်းလင်းစွာဆောင်ရွက်နိုင်ရန် သို့မဟုတ် ဥပဒေအတွင်း လစ်ဟာချက်များနှင့် မလျော်ကန် မကိုက်ညီမှုမှုများကို ဖြေရှင်းဆောင်ရွက်ရန် မည့်သည့်ဥပဒေများကို ပြုပြင်ပြောင်းလဲရန် လိုအပ်မည်နည်း။

နိုင်ငံအားလုံးတွင် ဥပဒေများ အဆင့်ဆင့်ရှိကြသည်။ ပုံမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အခြေခံဖွဲ့စည်းပုံ စာရွက်စာ တမ်း၊ ဥပဒေပြဋ္ဌာန်းချက်များ သို့မဟုတ် ဥပဒေစည်းမျဉ်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့် ကျင့်ဝတ် စသည်တို့ပါဝင်သည်။ အဆိုပါအဆင့်ဆင့်က သက်ဆိုင်ရာ အခွင့်အာဏာ၊ လုပ်ပိုင်ခွင့် ဥပဒေအတိုင်းအတာနှင့် ယင်းတို့ကို ဖွဲ့စည်းပုံအ ခြေခံဥပဒေမှ မည်သို့ခွဲဝေပေးထားသည်တို့ကို ဆုံးဖြတ်သည်။ ဥပဒေများ၏ အဆင့်ဆင့်ကို နားလည်ခြင်းဖြင့် အမုန်းစကားများကို အရေးယူကိုင်တွယ်ရန်ရှင်းလင်းပြီး တသမတ်တည်းဖြစ်သော စည်းမျဉ်းစည်းကမ်းမူဘောင် ချမှတ်ရာတွင် အကူအညီဖြစ်စေပြီး အဆင့်တစ်ဆင့်စီတွင် သင့်လျော်သော အကြောင်းအရာနှင့် အသေးစိတ်အချက်အလက်များ ထည့်သွင်းနိုင်သည်။[၂၃]

ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် ပြည်တွင်း အခြေခံဥပဒေ ပြဋ္ဌာန်းချက်များ၊ ဥပဒေပုဒ်မများ၊ စည်းမျဉ်းစည်းကမ်းများ၊ တရားရုံး လုပ်ထုံးလုပ်နည်းများ နှင့် နိုင်ငံတကာ ပဋိညာဉ်များ အပြည့်အစုံကို သိရှိနားလည်ထားသင့်သည်။ ထို့ပြင် ယင်းနိုင်ငံတကာ ပဋိညာဉ်များက ပြည်တွင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မည်သို့ ကိုက်ညီမှု ရှိသည်ကိုပါ နားလည်ထားသင့်သည်။ ထိုသို့သိရှိထားခြင်းဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များသည် ၎င်းတို့ကိုဥပဒေအရ နှင်းအပ်ထားသည့် ၎င်းတို့၏ အခွင့်အာဏာနှင့်အကန့် အသတ်များ ၊ အသုံးပြုနိုင်သည့် ဥပဒေအကြောင်းအရာများ ၊ မိတ်ဖက်ဆောင်ရွက်မည့် အခြားအဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်သည့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်နိုင်မည် ဖြစ်သည်။

ဤအပိုင်းတွင် အမုန်းတရားကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် အခြေခံဥပဒေနှင့် ဥပဒေရေးရာ ပြဋ္ဌာန်းချက်အချို့ ကို အလေးထားဖော်ပြထားသည်။ ဤနေရာတွင် အဓိက အလေးပေးချင်သည်မှာ ရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများ နှင့် သတင်းမီဒီယာတို့၏ ဆုံရာ ဖြစ်သည်။ မြေပုံဖြင့် သရုပ်ဖော်ထားသည့် ဥပမာ ဥပမေယျများ ထည့်သွင်းထားသည်။[၂၄]

## ဖွဲ့စည်းပုံ အခြေခံဥပဒေ

နိုင်ငံအတော်များများသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အမုန်းစကားနှင့် အမုန်းတရားလှုံ့ဆော်မှုတို့ကို တိုက်ရိုက်ရည်ညွှန်းသည်။ တောင်အာဖရိက၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆ (၁၉၉၆) က လူတိုင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိ

[၂၃] http://www.ifes.org/sites/default/files/2016_ifes_hierarchy_of_laws.pdf, p. 1.

[၂၄] ဤသရုပ်ဖော်ပုံကို အင်္ဂလိပ်ဘာသာဖြင့် အများပြည်သူအသုံးပြုနိုင်ရန် ဖော်ပြထားသည့် ဒုတိယကိုးကားရင်းမြစ်မှ ရယူပါသည်။ (ကိုးကားထားခြင်း သို့မဟုတ် ရည်ညွှန်းဖော်ပြထားခြင်း) ယင်းတို့သည့် မူရင်း IFES သုတေသနမှ မဟုတ်သကဲ့သို့ အလုံးစုံခြုံငုံသုံးသပ်မှုလည်းမဟုတ်ပါ။ ယင်းနှစ်ချက်လုံးသည် လက်ရှိပြုလုပ်နေသည့် အတိုင်းအတာ၏ပြင်ပ တွင် ရှိနေပါသေးသည်။ ဤစက္ကူဖြူစာတမ်း၏ အခန်း (၂) တွင်ဖော်ပြထားသည့်အတိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ အခြေခံကျင့်စဉ်များနှင့် နိုင်ငံရေးနှင့် ရွေးကောက်ပွဲအခွင့်အရေးများအပေါ် ကန့်သတ်မှုများ ပြုလုပ်ခြင်းသည် ကြီးစွာ အငြင်းပွားဖွယ်ရာဖြစ်ပြီး ကန့်သတ်မှုများ အလွန်အကျွံသုံးစွဲခြင်းနှင့် အလွဲသုံးမှုများ ဖြစ်ပေါ်လာစေနိုင်သည်။

သည်ဟု အခိုင်အမာဆိုထားသည်။ ဤအခွင့်အရေးတွင် စစ်အတွက်ဝါဒဖြန့်မှု၊ ဖြစ်အံ့ဆဲဆဲ အကြမ်းဖက်မှုများကို လှုံ့ဆော်မှု သို့မဟုတ် လူမျိုး၊ တိုင်းရင်းသားလူမျိုး၊ ကျား/မ ဖြစ်တည်မှု ၊ ဘာသာရေး အပေါ် အခြေခံသည့် အမုန်းတရားများကို အားပေး ထောက်ခံခြင်း နှင့် ထိခိုက်အန္တရာယ်ဖြစ်စေရန် လှုံ့ဆော်မှုတို့ မပါဝင်ပါ။[၂၅] ဖီဂျီဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၈) ပုဒ်မ (၁၇) တွင် အမုန်းတရားကို ထောက်ခံအားပေးခြင်းနှင့် အကြမ်းဖက်မှုကို လှုံ့ဆော်မှုတို့အား အလားတူကန့်သတ်ချက်များ ပါရှိသည်။ ပုဂ္ဂိုလ် တစ်ဦးချင်းစီနှင့် အုပ်စုများ "အမုန်းစကားမှ ကင်းဝေးစေရန်" အခွင့်အရေးကို အထူးသဖြင့် ကာကွယ်ရန် ဆက်လက်ဆောင်ရွက် လျှက်ရှိသည်။ လူ့အခွင့်အရေး စောင့်ကြည့်သူများကလည်း ပုဒ်မ (၁၇) အပေါ်အခြေပြု၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း အပေါ် ကြီးလေးသော ကန့်သတ်ချက်များနှင့် အလွဲသုံးစားပြုမှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ပူပန်ကြသည်။[၂၆]

## ရွေးကောက်ပွဲဥပဒေ

တီမောလက်စ်နိုင်ငံတွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးပွဲများ၌ "လူမျိုး၊ ကျား၊ မ ဖြစ်တည်မှု၊ အတွေးအခေါ်အယူအဆ၊ ဘာသာ ရေးယုံကြည်ချက်များ၊ လူမှုရေးအဆင့်အတန်း အပေါ်တွင် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မည်သည့် လူ့အခွင့်အရေးအပေါ် ဆန့် ကျင်မှုကိုမဆို နှုတ် သို့မဟုတ် စာဖြင့် ရေးသား အသုံးပြုခြင်းကို" အစိုးရအမိန့် ၁၈/၂၀၁၇ ပုဒ်မ ၁၃ ဖြင့် တားမြစ်ထားသည်။[၂၇] နိုင်ဂျီးရီးယားနိုင်ငံ၏ ရွေးကောက်ပွဲအက်ဥပဒေတွင် နိုင်ငံရေးစိတ်ဓာတ်သွင်းပေးမှုဖြင့် အမုန်းစကား ပြောဆိုမှုကို တားမြစ် ကြောင်း အသေးစိတ်ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ၎င်းအက်ဥပဒေတွင် "နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးရေးပွဲ သို့မဟုတ် ကြွေးကြော်ပွဲများကို ဘာသာရေး၊ တိုင်းရင်းသားရေး၊ မျိုးနွယ်စု သို့မဟုတ် ဂိုဏ်းဂဏဆိုင်ရာ ခံစားမှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ထိခိုက်နိုင်သည့် ရန့်ရင်းကြမ်းတမ်းသော စကားအသုံးအနှုန်းများဖြင့် မညစ်နွမ်းစေသင့်ပါ။ နိုင်ငံရေးဆိုင်ရာ မဲဆွယ် စည်းရုံးရေးပွဲများတွင် ရန့်ရင်းကြမ်းတမ်းသော၊ စောင့်စည်းမှုမရှိသော၊ လုပ်ကြံအသရေဖျက်သော သို့မဟုတ် ယုတ်ညံ့သော အသုံးအနှုန်း သို့မဟုတ် စောင်းပါးရိပ်ခြည် သို့မဟုတ် စောင်းမြောင်းပြောဆိုမှု ပုံစံ သို့မဟုတ် အကြမ်းဖက်တုံ့ပြန်ချက် သို့မဟုတ် စိတ်ခံစားမှုကို နိုးဆွမှုများဖြင့် အသုံးမချသင့်ပါ"[၂၈] ဟုဆိုသည်။ ဂျပန်နိုင်ငံ တွင် အစိုးရရုံးများ ရွေးကောက်ပွဲဥပဒေတွင် ကိုယ်စား လှယ်လောင်းများသည် တီဗီနှင့် ရေဒီယို ဟောပြောထုတ်လွှင့်မှုများ၌ သူတပါး၏ ဂုဏ်သိက္ခာနှင့် ဂုဏ်အသရေကို ပျက်စီးစေ သည့် စကားများကို ရှောင်ကြဉ်ရမည်ဟု မေတ္တာရပ်ခံထားသည်။[၂၉]

## မီဒီယာဥပဒေများ၊ လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်များ

ပိုမိုကျယ်ပြန့်သော ပရိသတ်အထိ အမုန်းစကားကို ချဲ့ထွင်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို သတင်းမီဒီယာ၏စွမ်းပကားဖြင့်လုပ်ဆောင် ကြသဖြင့် အချို့တရားစီရင်မှုတို့တွင် သတင်းမီဒီယာဖြင့် အမုန်းတရား လှုံ့ဆော်မှုကို တားမြစ်ရန်အတွက် တာဝန်ပေးထားသည်။ "ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးပွဲများတွင် လူအုပ်စုအသိုင်းအဝိုင်း သို့မဟုတ် လူတန်း စားအဆင့် ခွဲခြားသော စနစ်များဖြင့် မဲဆွယ်ခြင်းကို ပိတ်ပင်ထားသည်။ ထို့ကြောင့် စာနယ်ဇင်းများ သည် ဘာသာရေး၊ လူမျိုးရေး၊ လူတန်းစားအဆင့်၊ လူမှုအသိုင်းအဝိုင်း သို့မဟုတ် ဘာသာစကားအပေါ် အခြေခံပြီး လူများအကြား ရန်ငြိုး သို့မဟုတ် အမုန်းတရားများ အားပေးသည့် အစီရင်ခံတင်ပြခြင်းကို ရှောင်ကြဉ်သင့်သည်"ဟု အိန္ဒိယနိုင်ငံ စာနယ်ဇင်းကောင်စီက ထုတ်ပြန် သည့် လမ်းညွှန်ချက်များတွင် ရွေးကောက်ပွဲကာလအတွင်း စောင့်ကြည့်လေ့လာရန် စည်းကမ်းသတ်မှတ်ထားသည်။ ထို့ကြောင့် စာနယ်ဇင်းများသည် လူသားအချင်းချင်းအကြား ဘာသာရေး ၊ လူမျိုးရေး ၊ အမျိုးဇာတ်အဆင့်အတန်း၊ လူ့အဖွဲ့အစည်း သို့မဟုတ် ဘာသာစကားအပေါ် အခြေခံ၍ မနစ်မြို့မှုများ မြှင့်တင်ရန် သို့မဟုတ် မုန်းတီးမှုများ တိုးပွားလာစေရန် ရည်ရွယ်သည့် သတင်းများ ဖော်ပြခြင်းအား ရှောင်ရှားသင့်သည်။[၃၀] သတင်းနှင့် ရုပ်သံလွှင့်သူစည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် ရွေးကောက်ပွဲဆိုင်ရာ ရုပ်သံလွှင့်သူများ အတွက် လမ်းညွှန်ချက်များတွင် သတင်းနှင့် ရုပ်သံလွှင့်သူများအား "ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးပွဲများ၌ လူအုပ်စုအသိုင်းအဝိုင်း သို့မဟုတ် လူတန်းစားအဆင့် ခွဲခြား သော စနစ်များဖြင့် မဲဆွယ်ခြင်းကို ပိတ်ပင်ထားသောကြောင့် အများပြည်သူကို ဆူပူ ၊ မငြိမ်မသက်၊ အကြမ်းဖက်မှုကို လှုံ့ဆော်နိုင်

---

[၂၅] https://berkleycenter.georgetown.edu/quotes/constitution-of-south-africa-article-16-freedom-of-expression

[၂၆] https://freedomhouse.org/report/freedom-press/2015/fiji

[၂၇] https://www.laohamutuk.org/Justice/2017/ElPar/Government%20Decree%2018-2017en.pdf

[၂၈] Mrabure, p. 160

[၂၉] http://aceproject.org/ero-en/regions/asia/JP/japan-public-offices-election-act-2016-1/view

[၃၀] http://eci.nic.in/eci_main1/current/NBSA_07032014.pdf

သည့် အမုန်းစကား သို့မဟုတ် အခြား မလိုလားအပ်သောအကြောင်းအရာ မည်သည့်ပုံစံမျိုးမဆို" ရုပ်သံလွှင့်ရာတွင် တားမြစ်ထားသည်။ သတင်းထုတ်လွှင့် တင်ဆက်သူများသည် လူသားအချင်းချင်းအကြား ဘာသာရေး၊ လူမျိုးရေး၊ အမျိုးဇာတ်အဆင့်အတန်း၊ လူ့အဖွဲ့အစည်း သို့မဟုတ် ဘာသာစကားအပေါ် အခြေခံ၍ မနစ်မြို့မှုများ မြှင့်တင်ရန် သို့မဟုတ် မုန်းတီးမှုများ တိုးပွားလာစေရန် ရည်ရွယ်သည့် သတင်းများဖော်ပြခြင်းအား ရှောင်ရှားသင့်သည်။[၃၁]

ဂိုင်ယာနာနိုင်ငံတွင် ရွေးကောက်ပွဲကော်မရှင် (GECOM) က သတင်းမီဒီယာကဏ္ဍ၏ လုပ်ငန်းခွင်အတွင်း စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံပြီး သတင်းမီဒီယာကျင့်ဝတ်များကို မူကြမ်းဆွဲခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များ၌ နိုင်ငံ၏ ဦးဆောင်သတင်းမီဒီယာ ကိုယ်စားလှယ်များ ပါဝင်လုပ်ဆောင်စေသည်။ အဆိုပါ ကျင့်ဝတ်များသည် စာနယ်ဇင်းသမားများသာ မက အယ်ဒီတာများ၊ သတင်းမီဒီယာလုပ်ငန်းပိုင်ရှင်များ၊ ရုပ်သံထုတ်လွှင့်မှုနှင့် ပုံနှိပ်မီဒီယာရှိ ဝန်ထမ်းများ အားလုံးနှင့် သက်ဆိုင် သည်။[၃၂] ရွေးကောက်ပွဲကော်မရှင် (GECOM) ဥက္ကဋ္ဌက နိုင်ငံအဆင့်နှင့် ပြည်နယ် ရွေးကောက်ပွဲများ နီးကပ်လာသည်နှင့်အမျှ "ပုံနှိပ်နှင့် အီလက်ထရောနစ်မီဒီယာရှိ လှုံ့ဆော်ဆောင်းပါးများ နှင့် မှတ်ချက်များ" သိသိသာသာတိုးလာသည်ကို တွေ့ရသည့်အ တွက် ကျင့်ဝတ် နှင့် လိုက်နာမှု လေ့လာစောင့်ကြည့်ရေးစနစ် လိုအပ်နေကြောင်း မှတ်ချက်ပြုသည်။[၃၃] ဂိုင်ယာနာနိုင်ငံတွင် ရုပ် သံထုတ်လွှင့်မှု ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက် မရှိသလို သတင်းမီဒီယာ စည်းမျဉ်းစည်းကမ်း သို့မဟုတ် စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများမရှိခြင်းက ဤလိုအပ်ချက်ကို ပိုမို ဆိုးရွားစေသည်။ အဆိုပါ ကျင့်ဝတ်သည် အမုန်းတရားကို လှုံ့ဆော်ခြင်းနှင့် အမုန်းတရားအခြေခံများကို လှုံ့ဆော်မှုတို့ကို အထူးသဖြင့် ရည်ညွှန်းသည်။ အထူးသဖြင့် မဲဆွယ်စည်းရုံးရေးပွဲများနှင့် ရွေးကောက်ပွဲများကို လွှမ်းခြုံရန် အတွက် မီဒီယာသည် အောက်ပါတို့ကို သဘောတူရသည် –

- လူမျိုးရေး အမုန်းတရား၊ ဘက်လိုက်ခြင်း သို့မဟုတ် နှိမ့်ချခြင်းကဲ့သို့သော တစ်စုံတစ်ရာ လှုံ့ဆော်ခြင်း၊ အများပြည်သူ မတည်ငြိမ်မှု သို့မဟုတ် အမျိုးသားရေးလုံခြုံရေးအတွက် အန္တရာယ်ဖြစ်စေမှု အလားအလာ၊ ဖြစ်နိုင်ခြေရှိသော အခြားအကြောင်းကိစ္စရပ်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ရုပ်သံထုတ်လွှင့်ခြင်းမှ ရှောင်ကြဉ်ရန်။
- ကျား–မ ဖြစ်တည်မှု၊ လူမျိုး၊ မျိုးရိုး အဆင့်အတန်း၊ တိုင်းရင်းသားလူမျိုး၊ ဘာသာစကား၊ လိင်စိတ်တိမ်းညွတ်မှု၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုအပေါ်တွင် လှောင်ပြောင်သရော်ခြင်း၊ ကဲ့ရဲ့အပြစ်တင်ခြင်း၊ မကောင်းဆိုးဝါး လူအများကို ဒုက္ခပေးနိုင်သူဟု ဖော်ပြခြင်းမှ ရှောင်ကြဉ်ရန်။[၃၄]

အလားတူပင် ဇမ်ဘီယာနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်သည်လည်း သတင်းထောက်များ လိုက်နာရန် ကျင့်ဝတ်ကို ထုတ်ပြန်ကြေငြာခဲ့သည်။ သတင်းမီဒီယာ အားလုံးသည် ရွေးကောက်ပွဲသတင်းများကို မှန်ကန်တိကျစွာ တင်ပြ၍ လူမျိုးရေး၊ တိုင်းရင်းသား၊ လူမျိုးနွယ်စု၊ ကျား၊ မ ဖြစ်တည်မှု၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေး ခံယူချက် အပေါ် အခြေခံ၍ အမုန်းတရား လှုံ့ဆော်အားပေးခြင်း သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်း၊ မလျော်သော မှတ်ချက်များ ဖော်ပြခြင်း မလုပ်ရ" ဟု ဖော်ပြပါရှိသည်။[၃၅]

## နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေများ၊ လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်များ

ကင်ညာနိုင်ငံတွင် နိုင်ငံရေးပါတီများ အက်ဥပဒေ (၂၀၁၂) တွင် နိုင်ငံရေးပါတီများ အကြမ်းဖက်မှုတွင် ပါဝင်ခြင်း၊ ၎င်း၏အဖွဲ့ဝင်များနှင့် ထောက်ခံအားပေးသူများအား ထိုသို့ပြုလုပ်ရန် အားပေးခြင်းကိုတားမြစ်ထားသည့် ကျင့်ဝတ်စည်းကမ်း ထည့်သွင်းထားသည်။ ထို့ပြင် အခြားသော ကန့်သတ်ချက်များအဖြစ် တိုင်းရင်းသားများကို လှုံ့ဆော်ခြင်း၊ အခြားသူများအား သွားပုတ်လေလွင့်ပြောခြင်း၊ သို့မဟုတ် ထိခိုက်နစ်နာစေရန် ရည်ရွယ်လှုံ့ဆော်ခြင်းစသည့် အမုန်းတရားကို ထောက်ခံဆော်သြအားပေးခြင်း တို့ကို ကန့်သတ်ထားသည်။[၃၆] နိုင်ဂျီးရီးယားနိုင်ငံတွင် လွတ်လပ်သော အမျိုးသားရွေးကောက်ပွဲ ကော်မရှင် (INEC) က ထုတ်ပြန်သော နိုင်ငံရေးပါတီများအတွက် လမ်းညွှန်ချက်များက မဲဆွယ်စည်းရုံးစဉ်အတွင်း အမုန်းစကားနှင့် ခွဲခြားဆက်ဆံမှု အပြောအဆို များ အသုံးပြုမှုကို တားမြစ်ထားသည်။[၃၇] အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးပွဲများ၌ စံကျင့်ဝတ်ကို အတိ

[၃၁] http://eci.nic.in/eci_main1/current/NBSA_07032014.pdf

[၃၂] See Address by Dr. Steve Surujbally At the Launching of the Re-Established – GECOM Media Monitoring Unit (26 August 2011).

[၃၃] Ibid, p. 2.

[၃၄] ဂိုင်ယာနာနိုင်ငံ အထွေထွေန ှင့် ပြည်နယ်ရွေးကောက်ပွဲများတွင် သတင်းရယူတင်ပြခြင်းဆိုင်ရာ မီဒီယာ ကျင့်ဝတ် (၂၀၀၁) ။ မူရင်းကျင့်ဝတ်ကို ရွေးကောက်ပွဲ အခြေအနေအလိုက် အကြိမ်ကြိမ် ပြုပြင်ခဲ့သည်။ http://www.gecom.org. gy/pdf/MEDIA%20CODE%20OF%20CONDUCT.pdf. တွင်ကြည့်ရန်၊

[၃၅] https://www.elections.org.zm/journalist_code.php

[၃၆] http://www.parliament.am/library/Political%20parties/qenia.pdf

[၃၇] Mrabure, p. 161.

အကျ လိုက်နာစေရေးအတွက် ကြပ်မတ်ရန် တာဝန်ရှိသည်။ ကျင့်ဝတ်၏ ပထမအချက်က "မတူညီသောလူတန်းစားများ၊ လူ့အသိုင်း အဝိုင်းများ၊ ဘာသာရေး သို့မဟုတ် ဘာသာစကားများအကြား တင်းမာမှုကိုဖြစ်စေခြင်း၊ အပြန်အလှန် အမုန်းတရားကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် လက်ရှိ ခြားနားချက်များကို ပိုမိုဆိုးရွားစေခြင်းစသည့် မည်သည့် လှုပ်ရှားမှုမျိုး၌ မဆို ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းသည် ပါဝင်လုပ်ဆောင်ခြင်း မရှိစေရ" ဟု ဖော်ပြထားသည်။[၃၈] ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်အတွင်း လူထုအစည်းအဝေးများ၊ လူထုတွေ့ဆုံပွဲများ ကျင်းပရန်အတွက် လိုအပ်သော စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်နှင့်အတူ ကျင့်ဝတ်အချက်အလက် မိတ္တူကို တစ်ပါတည်း ထုတ်ပေးထားသည်။[၃၉]

မြန်မာနိုင်ငံတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများအတွက် ကျင့်ဝတ်စည်းကမ်းရေးဆွဲနေစဉ်အတွင်း နိုင်ငံရေးပါတီများနှင့် တက်ကြွစွာ ဆွေးနွေးလုပ်ဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေး ပါတီ ၉၁ ပါတီလုံးက ထိုကျင့်ဝတ်စည်းကမ်းကို လက်ခံခဲ့ပြီး ကျင့်ဝတ်စည်းကမ်းနှင့်ညီသော ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကို အားပေးခဲ့ကြသည်။ ကျင့်ဝတ်စည်းကမ်းအရ နိုင်ငံရေးပါတီများသည် အကြမ်းဖက်မှုနှင့် အမုန်းတရားလှုံ့ဆော်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နိုင်သော တိုင်းရင်းသား၊ ဂိုဏ်းဂဏ၊ သို့မဟုတ် မျိုးနွယ်စုကို အမှီပြု၍ မီးလောင်ရာလေပင့်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။ အဆိုပါတားမြစ်ချက်များသည် မဲဆွယ်စည်းရုံးရေးကာလအတွင်းသုံးသော မည်သည့် ဆက်သွယ်မှုပုံစံမဆို နှင့် မဲဆွယ်စည်းရုံးရေးပွဲများအားလုံး အကျုံးဝင်သည်။[၄၀] နိုင်ငံရေးပါတီများ သည် ယေဘုယျအားဖြင့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကြသော်လည်း အခြားအုပ်စုများအား အမုန်းစကားပြောဆိုခြင်းကို ထုတ်ဖော်ကန့်ကွက်ခြင်း မပြုခဲ့ကြပေ။ ကျင့်ဝတ်စည်းကမ်းဖြင့် ချုပ်နှောင်ခြင်း မပြုနိုင်သည့် အမျိုးသားရေးပြင်းထန်သည့် အဖွဲ့အစည်းများနှင့် ထိုသဘောထားရှိသော ပုဂ္ဂိုလ်များသည် လူမှုကွန်ယက်မီဒီယာကို အသုံးပြု၍ အမုန်းစကားလှုံ့ဆော်ခဲ့ကြသကဲ့သို့ လူမျိုးရေးနှင့် ဘာသာရေးတင်းမာမှုများကို မီးထိုးပေးခဲ့ကြသည်။

အမုန်းစကားဆန့်ကျင်တိုက်ဖျက်ရန် အသုံးပြုနိုင်သည့် ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရန်အတွက် နောက်ဆက်တွဲ – ၁ကို ဖတ်ရှုပါ။

---

[၃၈] Ibid, p. 160. Also, Election Commission of India Model Code of Conduct for the Guidance of Political Parties and Candidates, which can be found at: http://eci.nic.in/eci_main/faq/faq_mcc.pdf.

[၃၉] Mrabure, p. 160

[၄၀] https://www.eda.admin.ch/content/dam/countries/countries--content/myanmar/en CodeofConductforPoliticalPartiesandCandidates_Eng.pdf Art 4.3

# ၅။ အကောင်အထည်ဖော်ရေးနှင့် အရေးယူဆောင်ရွက်ခြင်း ကိစ္စများ

ကမ္ဘာတစ်ဝှမ်းမှ အတွေ့အကြုံများအရ အမုန်းစကားနှင့် အမုန်းသွေးထိုး လှုံ့ဆော်မှုကို တန်ပြန်ရန်အဓိက စိန်ခေါ်မှုများနှင့် ရေးဆွဲထားသည့် ဥပဒေ၊ စည်းမျဉ်းမူဘောင်များသည် အကြံပြုထည့်သွင်းထားသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ၊ အကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အောက်တွင် အသေးစိတ်ဖော်ပြထားသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ ကိစ္စများ

အမုန်းစကားကို တားဆီးနိုင်ရန် စံချိန်စံညွှန်းများနှင့်ဥပဒေများအား ထိရောက်စွာ အကောင်အထည်ဖော်ရေးတွင် အကြောင်းအရာများစွာ လိုအပ်သည်။ ပထမဦးစွာ၊ ရှင်းလင်းပြီး တစ်သမတ်တည်းဖြစ်သော စကားလုံးအသုံးအနှုန်းများပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် လိုအပ်သည်။ ဒုတိယအချက်မှာ စီရင်ဆုံးဖြတ်သော အဖွဲ့အစည်းများအတွက် အမုန်းစကားမြောက်ခြင်း ရှိမရှိ၊ တရားဥပဒေအရ တားမြစ်ထားခြင်းရှိမရှိ ဆုံးဖြတ်နိုင်မည့် အတိုင်းအတာ လိုအပ်သည်။ သို့သော် လူ့အခွင့်အရေးဥပဒေများတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်ခံနိုင်သော အမုန်းစကား၊ အမုန်းတရားလှုံ့ဆော်မှု တို့အား အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် သီးခြားအသုံးအနှုန်းများ မရှိသေးပေ။ အကျိုးဆက်အနေဖြင့် ကမ္ဘာတဝှမ်းရှိ တရားရုံးများနှင့် အခြား ပြည်သူ့အဖွဲ့အစည်းများသည် အသေးစိတ် အဆင့်အမျိုးမျိုးပါသော အဓိပ္ပာယ်မျိုးစုံကို ကျင့်သုံးကြသည်။ ဥပမာ –

- အမုန်းစကားဟူသည် "လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းဖြစ်သော လူ့ဂုဏ်သိက္ခာနှင့်တန်းတူညီမျှမှုကို တိုက်ရိုက်ငြင်းပယ်သည့် စကားအမျိုးအစားဖြစ်ပြီး လူ့အဖွဲ့အစည်း၏ ထင်မြင်ယူဆချက်တွင် လူပုဂ္ဂိုလ်များ၊ အုပ်စုများတို့၏ရပ်တည်ချက်ကို အရှက်ရသိမ်ငယ်စေရန်ဖြစ်သည်" ဟု ကုလသမဂ္ဂ၏ နည်းမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေး အပြည်ပြည်ဆိုင်ရာကော်မတီက အဓိပ္ပါယ်ဖွင့်ဆိုသည်။ အလားတူပင် ယေဘုယျအားဖြင့် နိုင်ငံအမျိုးမျိုး၏ ရာဇသတ်ကြီးပုဒ်မများတွင် "အုပ်စုတစ်အုပ်စုမှ လူများက အခြားအုပ်စုတစ်စုအပေါ် ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်သော" သို့မဟုတ် "အုပ်စုများအကြား ရန်ငြိုးကိုဖြစ်စေသည့်" စကားဟု ရည်ညွှန်းသည်။[၄၁]
- အခြေခံ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး (ECHR)က အမုန်းစကားဟူသည် " လူမျိုးရေး အမုန်းတရား၊ နိုင်ငံခြားသားကြောက်ရွံ့မုန်းတီးမှု၊ ဂျူးမုန်းတီးရေး စသည်တို့ကိုဖြန့်ဖြူး၊ လှုံ့ဆော်၊ အားပေးသည့် ထုတ်ဖော်ပြောဆိုမှု ပုံစံအားလုံး သို့မဟုတ် အမျိုးသားရေးနှင့် လူမျိုးစုဗဟိုပြု ရှုမြင်ခြင်းတို့ကြောင့် ပေါ်ပေါက်လာသည့် သဘောထားမကြီးခြင်းအပါအဝင် ခွဲခြားဆက်ဆံခြင်း နှင့် လူနည်းစုများ၊ ရွှေ့ပြောင်းများနှင့် အခြားနိုင်ငံမှ ပြောင်းရွှေ့လာသော ဇစ်မြစ်မတူသည့် လူများအား ရန်လိုခြင်းစသည့် အမုန်းတရားအပေါ်အခြေခံသည့် သဘောထားမကြီးခြင်းပုံစံများ" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။[၄၂]
- တောင်အာဖရိက၏ ရုပ်သံကြီးကြပ်ရေး ကော်မရှင်က အမုန်းစကားဟူသည် "လူမျိုး၊ နိုင်ငံ သို့မဟုတ် တိုင်းရင်းသား ဇစ်မြစ်၊ အသားရောင်၊ ဘာသာရေး၊ ကျား/ မဖြစ်တည်မှု၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ အသက်၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုအပေါ် အခြေခံ၍ တင်ဆက်မှုများတွင် ဝေဖန်ကဲ့ရဲ့ခြင်း၊ ပိတ်ပင်တားဆီးခြင်း၊ အားပေးခြင်း သို့မဟုတ် အကြမ်းဖက်မှုကို တွန်းအားပေးခြင်း" သို့မဟုတ် "စစ်ပွဲအတွက်ဝါဒဖြန့်မှု၊ အကြမ်းဖက်မှုများ ဖြစ်ပွားစေရန် လှုံ့ဆော်မှု သို့မဟုတ် လူမျိုး၊ တိုင်းရင်းသားလူမျိုး၊ ကျား/မ ဖြစ်တည်မှု ၊ ဘာသာရေး အပေါ် အခြေခံသည့် အမုန်းတရားများကို အားပေးထောက်ခံပြီး ထိခိုက်အန္တရာယ်ဖြစ်စေရန် လှုံ့ဆော်မှုတို့ပါဝင်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

များသောအားဖြင့် ပြည်တွင်းဥပဒေ ပြဋ္ဌာန်းချက်များသည် အမုန်းစကားနှင့်/သို့မဟုတ် လှုံ့ဆော်မှု အကြောင်းရင်းကို အဓိပ္ပာယ်ရှင်းရှင်းလင်းလင်းဖွင့်ဆိုနိုင်ခြင်း မရှိပေ။ ထို့အပြင် အချို့ကိစ္စရပ်များတွင် "သွေးထိုးလှုံ့ဆော်မှု"ကို ရည်ညွှန်းကိုးကားစရာမရှိပေ။ အမုန်းစကားနှင့် အမုန်းတရားကိုလှုံ့ဆော်မှု အုပ်စိုးနိုင်ရန် ပြည်တွင်း ဥပဒေရေးရာ သို့မဟုတ် စည်းမျဉ်းမူဘောင်ကို ပထမဆုံးအကြိမ် ရေးဆွဲနေခြင်း သို့မဟုတ် တည်ဆဲ ဥပဒေများကို ပြင်ဆင်နေခြင်းဖြစ်ပါက အောက်ပါ အရေးကြီးမေးခွန်း ၂ ခုကို ဖြေရှင်းရန် လိုအပ်သည်။

[၄၁] Sim Kok Eng,, p. 7. For example, the criminal codes of Malaysia, Burma/Myanmar, Singapore, Syria, and Timor- Leste. Or the criminal codes of Malaysia, Singapore, Vietnam, Bangladesh, Azerbaijan, Jordan, and India.

[၄၂] https://rm.coe.int/CoERMPublicCommonSearchServices/DisplayDCTMContent?documentId=0900001680505d5b

[၄၃] http://www.mediamonitoringafrica.org/index.php/codes/code_of_the_broadcast_complaints_commission_of_ south_africa

**၁. အမုန်းတရားကို လှုံ့ဆော်ရန် အကြောင်းရင်းများမှာ အဘယ်နည်း။**

အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR) အပိုဒ် (၂၀)က အမျိုးသားရေး၊ လူမျိုးရေး နှင့် ဘာသာရေးစသည်ဖြင့် အမုန်းတရားကိုအခြေခံ လှုံ့ဆော်သည့် အကြောင်းရင်း (၃) ခုကို ဖော်ထုတ်သတ်မှတ်ထား သည်။ အခြား နိုင်ငံတကာ ဥပဒေများ၊ ပြည်တွင်း ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေရေးရာ အဓိပ္ပာယ်ပြန်ဆိုမှုများက တားမြစ် ပိတ်ပင်သင့်သည့် လှုံ့ဆော်ပြောဆိုမှုများကို ပိုမိုအသေးစိတ်ရှင်းလင်းစွာ ဖော်ထုတ်သတ်မှတ်သည်။ အမျိုးသားရေး၊ လူမျိုးရေးနှင့် ဘာသာရေး အကြောင်းရင်းများအပြင် အောက်ပါတို့လည်း ပါဝင်သည် -

| | | |
|---|---|---|
| - ဘာသာစကား<br>- တိုင်းရင်းသားလူမျိုး<br>- လူမှုရေးဇစ်မြစ်<br>- ရွှေ့ပြောင်း သို့မဟုတ် ဒုက္ခသည်အခြေအနေ | - မွေးဖွားစဉ်အခြေအနေ<br>- ဌာနေဇာစ်မြစ် သို့မဟုတ် ဝိသေသ လက္ခဏာ<br>- ကျား - မဖြစ်တည်မှု / လိင်<br>- ကျား - မ သတ်မှတ်မှု | - လိင်စိတ်တိမ်းညွတ်မှု<br>- နိုင်ငံရေး သို့မဟုတ် အခြားသော ထင်မြင်ယူဆချက်<br>- အိမ်ခြံမြေပိုင်ဆိုင်မှု<br>- စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု |

**၂. လှုံ့ဆော်မှုတွင် မည်သည်တို့ ပါဝင်သနည်း။**

အထက်တွင် ကောက်နုတ်ထားသည့်အတိုင်း အချို့ပြည်တွင်းဥပဒေများတွင် "သွေးထိုးလှုံ့ဆော်မှု" ကို ရည်ညွှန်းကိုးကား စရာမရှိပေ။ တရားရုံးများ နှင့် အခြား ပြည်သူ့အဖွဲ့အစည်းများသည် အမုန်းတရားလှုံ့ဆော်မှု ဖြစ်ပွားခဲ့မှု ရှိမရှိကို ဆုံး ဖြတ်ရန် စစ်ဆေးမှု သို့မဟုတ် အတိုင်းအတာအမျိုးမျိုး တို့ကို စဉ်းစားထားရမည်ဟု ယေဘုယျ အထွေထွေ ဥပဒေပညာက အကြံပြု ထားသည်။[၄၄]

လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECHR)က စမ်းသပ်မှု အမျိုးမျိုး ပြုလုပ်ခဲ့သည်။ အကယ်၍ ပြောဆိုမှုသည် ဥရောပ လူ့အခွင့်အရေးဆိုင်ရာ တရားရုံး (ECHR) က တားမြစ်ချက်များနှင့် ကင်းလွတ်၍ ပုဒ်မ (၁၇) နှင့်အညီ (ဆိုလိုသည်မှာ ပဋိညာဉ် တွင် ထည့်သွင်းပြဋ္ဌာန်းထားသည့် အခွင့်အရေးများ သို့မဟုတ် ဒီမိုကရက်တစ်တန်ဖိုးများအပေါ်တွင်အခြေခံသည့်စနစ်တို့ကို ဖျက်ဆီးရန် ရည်ရွယ်ချက်) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအပေါ် နိုင်ငံတော်၏ ကန့်သတ်ချက်များသည် အောက်ပါလိုအပ် ချက်များနှင့် ကိုက်ညီမှုရှိမရှိကို တရားရုံးက ဆန်းစစ်သည်။

- အဆိုပါ ကန့်သတ်ချက်ကို နိုင်ငံတော် ဥပဒေအရ ဆန်းစစ်သည်။
- အဆိုပါ ကန့်သတ်ရသည့် အကြောင်းရင်းသည် ပုဒ်မ (၁၀) တွင် ဖော်ပြထားသည့် တရားမျှတသည့် ရည်ရွယ်ချက်ဖြင့် ကိုက် ညီသည်။
- ၎င်းတို့သည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် လိုအပ်သည့် ပုဒ်မ (၁၀) တွင် ဖော်ပြထားသော တစ်ခု သို့မဟုတ်တစ်ခုထက် ပိုသော တရားဝင်ဦးတည်ချက်များကို ရရှိနိုင်ရန်လိုအပ်ပါသည်။[၄၅]

ဤလိုအပ်ချက်များသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR) အပိုဒ် ၁၉ နှင့် အပိုဒ် ၂၀ တို့အကြား အပြန်အလှန် ထိန်းညှိမှုဖြစ်သည့် တရားဥပဒေနှင့်ညီမှု၊ အချိုးအစားမျှတမှု၊ လိုအပ်မှုစသည့် အပိုင်း (၃) ပိုင်း စစ်ဆေးမှု ကို အလေးပေးထားခြင်း ဖြစ်သည်။[၄၆]

ဥရောပ လူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECHR) ၏ရှေ့မှောက်သို့ ရောက်ရှိလာသော အမှုများတွင် အောက်ပါတို့ကို ထည့်သွင်း စဉ်းစားသည် -

- ကန့်သတ်မည့် ပုဂ္ဂိုလ်၏ပြောဆိုမှု ရည်ရွယ်ချက်

[၄၄] Sim Kok Eng, p. 8

[၄၅] SCouncil of Europe, Factsheet, (Nov အရပ်ဖက်အဖွဲ့အစည်း er 2008), p. 3.

[၄၆] Sim Kok Eng, p. 14.

- အဆိုပါပြောဆိုမှု၏ အကြောင်းအရာ
- အဆိုပါပြောဆိုမှုကို ပြုလုပ်သည့် အခင်းအကျင်း
- ထိုအမုန်းစကားဟု စွပ်စွဲခံရသည့် ပြောဆိုမှု၏ ပစ် မှတ်ထားခံရသောလူများ၏ အကြောင်းအရာ
- အဆိုပါပြောဆိုမှု၏ လူသိများမှု နှင့် သက်ရောက် ဖွယ်ရှိသည့် အလားအလာ(မည်သည့် အတိုင်း အတာအထိ ပြန့်နှံ့ ခဲ့သည်) နှင့်
- အဆိုပါကန့်သတ်ချက်၏ သဘောသဘာဝနှင့် အတိမ်အနက်[၅၇]

## အမုန်းစကားဥပဒေပြုရေးဆိုင်ရာ အကောင်အထည် ဖော်ခြင်း ကိစ္စရပ်များ

အကောင်အထည်ဖော်ရာတွင် ဆက်စပ်လွှမ်းခြုံနေသောပြဿနာ (၂)ရပ် ပေါ်ပေါက်လာသည်။ တစ်ဘက်စွန်းတွင် အမုန်းစကားကို ထိန်းချုပ်နိုင်မည့် ဥပဒေကို အကောင်အထည်မဖော်နိုင်ခြင်းဖြစ်သည်။ အခြားတစ်ဘက်တွင် ဥပဒေကို အလွန်အမင်း ကျယ်ပြန့်၊ အားမာန်ပြင်းပြီး နိုင်ငံရေးအရ အသုံးချနေသည်။

### မပြည့်စုံသောအကောင်အထည်ဖော်မှု-

> **အမုန်းစကားအတွက် ဥပဒေရေးရာ အဖြေရှာရာတွင် အကန့်အသတ်များ**
>
> "ကျွန်ုပ်တို့အနေဖြင့် အမုန်းစကား နှင့် သွေးထိုးလှုံ့ဆော်မှုများ တိုက်ဖျက်ရန် ဥပဒေပြုရေး၏အကန့်အသတ်များကို သိရမည်။ အမုန်းတရား၊ လူမျိုးရေးခွဲခြားမှုများ နှင့် ခွဲခြားဆက်ဆံမှုများ ၏ အကြောင်းရင်းမြစ် ကိုတိုက်ရန် အလွှာပေါင်းစုံမှ ချဉ်းကပ်မှု နည်းလမ်းမျိုးကို ဖော်ထုတ်ကျင့်သုံးရန်လိုအပ်ပါတယ်။"
>
> [ကိုးကား: Adama Dieng, လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေးအတွက် ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် http://www.auschwitzinstitute. org/blog/genprev-in-the-news-26- march-2013/]

အမုန်းစကားဥပဒေပြုရေးကို အကောင်အထည်ဖော်ရန် မအောင်မြင်ခြင်းတွင် အကြောင်းပြချက်များစွာရှိသည်။ နိုင်ငံရေးအရ ဆန္ဒရှိမှုလိုအပ်ပြီး အခြေအနေအရ ဆန္ဒရှိခြင်း ၊ မရှိခြင်း ဖြစ်နိုင်သည်။ နိုင်ငံသား များသည် မိမိတို့၏ အခွင့်အရေး နှင့် ထိခိုက်မှုများကို တိုင်ကြားနိုင်ကြောင်း သတိမပြုမိကြပေ။ ယင်းဖြစ်စဉ်တွင် တရားရုံးများကို ကောင်းစွာ အသုံးမချနိုင်ကြပေ။[၅၈] အချို့သော အခင်းအကျင်းများတွင် တာဝန်ရှိ အဖွဲ့အစည်းများကို မိရိုးဖလာ သတင်းမီဒီယာ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းနှင့် လူမှုမီဒီယာမှ အမုန်းစကား ထုတ်ဝေမှု၊ မျှဝေမှု ပြုသည့် ရင်းမြစ်အရေအတွက်တိုးလာခြင်းက လွှမ်းမိုးလျက်ရှိသည်။[၅၉] ဖြစ်ရပ်များကို နိုင်ငံတော်အဆင့် ခြုံငုံအကဲဖြတ်ရာတွင် တရားစီရင်ရေးဆုံးဖြတ်ချက်များသည် ဝေဝါးခြင်း၊ ကြုံသလို ချမှတ်ခြင်း နှင့် အယူအဆရေးရာ ရှင်းလင်းမှုမရှိခြင်း သို့မဟုတ် အသေးစိတ်မပြုလုပ်နိုင်ခြင်း စသည်တို့အပြင် အခြေပြု ပြဋ္ဌာန်းချက်များ သည်လည်း အရည်အသွေးညံ့ဖျင်းသည်ကိုတွေ့ရှိရသည်။[၆၀]

မည်သည့်အကြောင်းပြချက်ကြောင့်ဖြစ်စေ အပြန့်အတားမဲ့သော အမုန်းစကားနှင့် အမုန်းတရားလှုံ့ဆော်မှုများအတွက် မပြည့်စုံသော အရေးယူမှုများက ဆိုးကျိုး အကျိုးဆက်များ ရှိလာနိုင်သည်။

- ထိုသို့ဖြစ်ခြင်းက လူ့အဖွဲ့အစည်းအတွင်း အမုန်းစကားသုံးစွဲမှု အရှိန်မြှင့်တက်လာနိုင်သည်။
- အမုန်းရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများ တိုးလာနိုင်စေမည်။
- ပြစ်မှုကျူးလွန်ခံရအုပ်စုများက တန်ပြန်တိုက်ခိုက်မှုများရှိလာပါက အကြမ်းဖက်မှုများ အတောမသတ်ဖြစ်ပေါ်လာနိုင်သည်။ ဘေးဖယ်ခံအုပ်စုများကို ပို၍သီးခြားခွဲထုတ်လိုက်နိုင်သည်။
- ပြည်သူ့ရဲများ၊ အုပ်ချုပ်သူ အဖွဲ့အစည်းများ နှင့် ဒီမိုကရေစီအပေါ် အုပ်စုတစ်စု သို့မဟုတ် ပြည်သူတို့၏ ယုံကြည်ကိုးစားမှု လျော့ပါးစေသည်။[၆၁]

အခြားတစ်ဖက်တွင် ဥပဒေကို အလွန်အမင်း ကျယ်ပြန့်၊ အားမာန်ပြင်းပြီး နိုင်ငံရေးအရ အသုံးချနိုင်သည့် အန္တရာယ်ရှိနိုင်သည်။

---

[၅၇] Council of Europe Factsheet, (Nov အရပ်ဖက်အဖွဲ့အစည်းer 2008), p. 3. For a current discussion of how the ECHR applies, or does not apply to this framework, see http://www.echr.coe.int/Documents/FS_Hate_speech_ENG.pdf

[၅၈] http://www.accord.org.za/conflict-trends/south-africa-kenyas-legislative-measures-prevent-hate-speech/

[၅၉] Ezeibe, Christian Chukwuebeka. Hate Speech and Electoral Violence in Nigeria, p. 6.

[၆၀] Sim Kok Eng, p. 9. Note: Based on a review of laws and application of laws in the Asia-Pacific region.

[၆၁] Preventing and Responding to Hate Crimes: A Resource Guide for NGOs in the OSCE Region, p. 18.

နိုင်ငံတကာ နှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများက တစ်သမတ်တည်း ပြောဆိုကြသည်မှာ ရမ်းကားစော်ကားသော စကားတိုင်းသည် အမုန်းစကားမဟုတ်ကြပါ။ အမုန်းစကားဖြစ်နေလျှင်သော်မှ ချမှတ်မည့် တားမြစ်ချက်များသည် တရားမျှတမှုရှိရမည်ဖြစ်ပြီးတတ်နိုင်သမျှ တိကျစွာပြဋ္ဌာန်းသတ်မှတ်ရမည်။ ဥပမာ - ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECHR) တို့က အခိုင်အမာဆိုကြသည်မှာ အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေးအခွင့်အရေးစာချုပ် (ICCPR)သည် "ဆိုးဆိုးရွားရွား ရမ်းကားစော်ကား"သည် ယူဆနိုင်သည့် စကားရပ်များကိုပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းအောက်တွင် ထည့်သွင်း အကာအကွယ်ပြုပါသည်။[၇၂]

အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းကို ကာကွယ်ခြင်းသည် "ထိခိုက်စေရန် မရည်ရွယ်သော၊ အပြုသဘောဆောင်သော သို့မဟုတ် သာမာန်သတင်းအချက်အလက် သို့မဟုတ် အတွေးအခေါ်များသာမက နိုင်ငံတော် သို့မဟုတ် လူဦးရေတစ်စိတ်တစ်ဒေသကို စိတ်အနှောက်အယှက်ဖြစ်စေသော ၊ စိတ်ခြောက်ခြားစေသော သို့မဟုတ် အနှောင့်အယှက်ဖြစ်သည့် သတင်းအချက်အလက်နှင့် အတွေးအခေါ်များအပေါ်ပါ သက်ရောက်သည်။[၇၃] ထိုသို့သော ဗဟုဝါဒ၊ သည်းခံစိတ်နှင့် သဘောထားကြီးမှုတို့ မရှိပါက ဒီမိုကရေစီလူ့အဖွဲ့အစည်း မရှိနိုင်ပါ။ ၎င်းတို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ တောင်းဆိုချက်များဖြစ်သည်။ ပြောဆိုသူ နှင့် ပြောဆိုမှု၏ ပစ်မှတ်ထားခံရသူတို့သည် ထိုသဘောတရားကို ကွဲပြားခြားနားစွာ ရှုမြင်ကြမည်ဖြစ်ကြသဖြင့် "မည်သည့်စကားက ဆိုးဆိုးရွားရွားရမ်းကားစော်ကားသည်" နှင့် "မည်သည့်စကားက မုန်းစရာဖြစ်သည်" တို့ကို ဆုံးဖြတ်ရာတွင် အလွန်အမင်း ခက်ခဲသည်။ အချို့နိုင်ငံများတွင် "သွေးထိုးလှုံ့ဆော်မှု" သည် နိုင်ငံ၊ ဘာသာ နှင့် လူမျိုးရေး အမုန်းစကားများသာမက အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ဘာသာရေးများကို ဝေဖန်မှုများအထိပါ ကျယ်ပြန့်စွာ သက်ရောက်သည်။ ထိုကဲ့သို့သောဖြစ်ရပ်များတွင် စီရင်ဆုံးဖြတ်သည့် အဖွဲ့အစည်းများသည် အားကောင်းသော ဝေဖန်မှု သို့မဟုတ် သွေးထိုးလှုံ့ဆော်သော ပြောဆိုမှုကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR)၊ အပိုဒ် (၂၀)မှ တားမြစ်ထားသော အမုန်းတရားလှုံ့ဆော်မှုနှင့် မခွဲခြားနိုင်ကြပေ။[၇၄,၇၅]

လှုံ့ဆော်မှုကို အလေးထား တားမြစ်သော အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR)၊ အပိုဒ် (၂၀)(၂)နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းတွင် အခြားသူများ၏ အခြေခံအခွင့်အရေးများ (ရွေးကောက်ပွဲ ကဲ့သို့ဖြစ်ရပ်များတွင် မဲပေးပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်၊ နိုင်ငံရေးပါတီဖွဲ့စည်းနိုင်ခွင့်တို့ အပါအဝင်) ကိုပိတ်ပင်ခြင်းအား အလေးထား တားမြစ်သော အပိုဒ် (၁၉)(၃)(က) တို့အကြား ခွဲခြားနိုင်ရန် အရေးကြီးပါသည်။ အမုန်းစကားဆိုင်ရာ ဥပဒေပြုရေး ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် တားမြစ်ချက်များ နှင့် ကာကွယ်စောင့်ရှောက်ရေးနှစ်ခုစလုံးတွင် ပါဝင်ရမည့် အချက်များ ကို ထည့်သွင်းစဉ်းစားရမည်။

---

[၇၂] http://www2.ohchr.org/english/bodies/hrc/docs/gc34.pdf

[၇၃] Council of Europe Factsheet, (Nov အရပ်ဖက်အဖွဲ့အစည်း er 2008), p. 3.

[၇၄] Ibid.

[၇၅] Ibid, p. 1.

**ရမ်းကားစော်ကားသော စကား VS. တိုက်ခိုက်သောစကားများ**

အမေရိကန်နိုင်ငံ Charlottesville ချားလော့်စ်ဗဲလ် တွင် မကြာမီသေးခင်ကဖြစ်ရပ်များက အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမပြင်ဆင်ချက်သည် အမုန်းစကားကို အကာအကွယ်ပေးထားခြင်း ရှိ၊ မရှိ ဝေဖန်ဆွေးနွေးမှုများ အငြင်းအခုံ အရှိန်မြင့်တက်ခဲ့ကြသည်။

၂၀၁၇ခုနှစ် ဇွန်လတွင် အစိုးရအနေဖြင့် ရမ်းကားစော်ကားသည့် ပြောဆိုမှုများကို မကန့်သတ်ရန် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က တစ်ညီတညွတ်တည်းအတည်ပြုခဲ့ကြသည်။ ထို (မက်တယ် နှင့် တမ်) ဖြစ်ရပ်တွင် " လူမျိုးရေး၊ ကျား/မ ဖြစ်တည်မှု၊ ဘာသာတရား၊ အသက်အရွယ်၊ မသန်မစွမ်းမှု သို့မဟုတ် အခြားအလားတူ အကြောင်းရင်းကို အခြေခံ၍ သိက္ခာကျစေသည့်စကားများသည် မုန်းတီးဖွယ်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ ဥပဒေသိပ္ပံ၏ ဂုဏ်ယူစရာအကောင်းဆုံးအချက်မှာ လွတ်လပ်စွာထုတ်ဖော်မှုကို ကာကွယ်သည်ဆိုရာတွင် ကျွန်ုပ်တို့မုန်းတီးသည့်အတွေးအခေါ်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အားလဲ ကျွန်ုပ်တို့ အကာအကွယ်ပေးခြင်းဖြစ်သည်" ဟု ပြည်ထောင်စုတရားရုံးချုပ်က စီရင်ချက်ချသည်။ အမေရိကန်နိုင်ငံ တရားရုံးများက တိုက်ခိုက်သောစကားလုံးများကို (ဆိုလိုသည်မှာ လူမှုရေးတန်ဖိုးမပါသော်လည်း ပုဂ္ဂိုလ်တစ်ဦးတယောက်ကို ရည်ရွယ်ပြောဆိုလိုက်ခြင်းဖြင့် အုပ်စုတစ်စု၏ အဖွဲ့ဝင်ဖြစ်တန်သူအား ရန်ဆွပေးလိုက်သလိုဖြစ်စေနိုင်သည့် စကားမျိုးကို ပထမပြင်ဆင်ချက်တွင် အကာအကွယ်မပေးထားပါ။) သို့သော် ကျွမ်းကျင်သူများက စော်ကား ရမ်းကားသော သို့မဟုတ် တယူသန်သော စကားဖြစ်ရုံမျှနှင့် အရေးယူတားမြစ်ရန် မထိုက်တန်ပါဟု ဆိုသည်။ စကားတစ်ခွန်းသည် စည်းကိုကျော်မကျော် ဆုံးဖြတ်ခြင်းသည် ဖြစ်ရပ်တစ်ခုချင်းအလိုက် စဉ်းစားရမည့်တရားဝင်မေးခွန်းတစ်ခုဖြစ်သည်။ [ကိုးကား – http://www.abalegalfactcheck.com/articles/hate-speech.html]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏အခြေခံ အခွင့်အရေးများအပေါ် ကန့်သတ်ရာတွင် ဥပဒေ သို့မဟုတ် စည်းမျဉ်း မူဘောင်အတွင်းကပါ ကျိုးကြောင်းဆီလျော်ရန် လိုအပ်ပါသည်။ လက်တွေ့တွင် တရားဥပဒေဘောင်အတွင်းမှ ကန့်သတ်ခြင်းသည် အခြားသူများ၏ အခွင့်အရေးကို ကာကွယ်ပေးရန် ကန့်သတ်ခြင်းနှင့် ထိုကန့်သတ်ချက်ကို ချိုးဖောက်ခြင်းသည် မည်သို့ဖြစ်နိုင်သည်ဆိုခြင်းအကြား ချိန်ခွင်လျှာညှိရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ နောက်ဆုံးတွင် အခြားသူများ ထိပါးခံရသည့် အခွင့်အရေးများကို ကာကွယ်ပေးမှုနှင့် ပြန်လည်ရရှိစေခြင်းတို့အတွက် မည်သည့်အဓိပ္ပာယ်ပြည့်ဝသော ကုစားမှုများရှိသင့်သည်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည် (အောက်တွင် ထပ်မံ ဆွေးနွေးဖော်ပြထားသည်) ။

မကြာခဏဆိုသလို နိုင်ငံတော်လုံခြုံရေး နှင့် အကြမ်းဖက်ဝါဒကို ကိုင်တွယ်သော ဥပဒေများနှင့်အတူ အမုန်းစကားနှင့် လှုံ့ဆော်မှုတားမြစ်ရေး ဥပဒေများကို အရပ်ဘက်လူ့အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများ၊ သတင်းစာဆရာများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ နှင့် အတိုက်အခံအဖွဲ့ဝင်များ အပါအဝင် ဆန့်ကျင်ဆောင်ရွက်သူများအား ရေငုံနှုတ်ပိတ်ရန် အသုံးပြုခဲ့ကြသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က လှုံ့ဆော်ရေးဆိုင်ရာ ဥပဒေများကို ဤရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်းအား အတိအကျ ထုတ်ဖော်ရှုတ်ချထားသည်။[၃၆] ဗင်းနစ်ကော်မရှင်ကလည်း " ကန့်သတ်ချက်များသည် ဆန့်ကျင်မှုများ၊ သဘောထားကွဲလွဲမှုများအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မရအောင် ဟန့်တားခြင်း၊ လူနည်းစုများကို ရေငုံနှုတ်ပိတ်စေခြင်း၊ နိုင်ငံရေး၊ လူမှုရေး၊ ကိုယ်ကျင့်တရား ဟောပြောချက်များတွင် အင်အားကြီးအယူအဆ လွှမ်းမိုးမှုကို အားပေးခြင်းစသည့် မလျော်ကန်သော အကျိုးသက်ရောက်မှုများရှိသည့် [အလေးပေးထည့်သွင်းထားသည်] လူနည်းစုကို နှိပ်စက်ညှင်းပန်းခြင်း၊ အစွန်းရောက်ခြင်း၊လူမျိုးရေးခွဲခြားခြင်းတို့ကို ရည်ရွယ်သည့်ရလဒ်ကို ရှောင်ရှားနိုင်စေရန် အမုန်းစကားဥပဒေပြုရေးများကို ပြုလုပ်နိုင်ရန် စီမံထားရမည်" ဟု မှတ်ချက်ပြုသည်။[၃၇]

[၃၆] Sim Kok Eng, p. 11.

[၃၇] Outcome Document of the Durban Review Conference (Nov အရပ်ဖက်အဖွဲ့အစည်း er 23, 2008).

## ၆။ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များမှအထူးစိုးရိမ်ပူပန်ရသည့် အကောင်အထည်ဖော်ရေးကိစ္စများ

အမုန်းစကားဖြစ်ရပ် အမှန်တကယ်ဖြစ်ပွားခဲ့ခြင်းရှိ/မရှိ နှင့် အပြစ်ပေးနိုင်သည့် အဆင့်ရောက်မရောက် ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသည့် ယေဘူယျ စိန်ခေါ်မှုများ၏ နောက်ကွယ်တွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ၎င်းတို့ကိုပေးအပ်ထားသည့် အခန်းကဏ္ဍအပြင် နောက်ထပ် ရှုပ်ထွေးမှုများကို ကြုံတွေ့ကြရသည်။

### ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများတွင် လွတ်လပ်စွာ နိုင်ငံရေးဟောပြောပွဲများနှင့် ပြည်သူများပါဝင်ဆွေးနွေးပွဲများကို ကာကွယ်ခြင်း

လက်တွေ့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ အခြေခံမှုများကို အာမခံခြင်းနှင့် တားမြစ်ထားသော စကားကြောင့်ဖြစ်ပေါ်လာမည့် ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ချိန်ခွင်လျှာမှန်မှန်ကန်ကန်ညှိရန် အလွန်အမင်းခက်ခဲသည်။ ACE ရွေးကောက်ပွဲဆိုင်ရာသုတေသနကွန်ယက်အရ "ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းကာလအတွင်း ဤအကျပ်အတည်းသည် ပိုမိုစိုးရိမ် ဖွယ်ရာပြင်းထန်သည်" ဟု ကောက်ချက်ချထားသည်။[၅၈] ဤအတွက်အကြောင်းရင်းများစွာရှိပါသည် -

- ပထမဦးစွာ ရွေးကောက်ပွဲသည် "အတိအကျဆိုရလျှင် နိုင်ငံရေး အမြင် အမျိုးမျိုး ထုတ်ဖော်ပြောဆိုရမည့် အချိန်အခါဖြစ်သည်။ ထိုအမြင် အမျိုးမျိုးတို့အနက် အချို့ကို ကန့်သတ်ခြင်းသည် လွတ်လပ်စွာပြောဆိုခွင့်၏ အခွင့်အရေးများကိုသာမက ဒီမိုကရေစီစနစ်အရ အားလုံးပါဝင်နိုင်မည့် အခွင့်အရေးကို ကန့်သတ်လိုက်သည့် အလားအလာရှိသည်။" [၅၉]
- ဒုတိယအချက်အနေဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး အရေးကြီးသည့် အခြေအနေတွင် "မီးလောင်ရာ လေပင့်သည့် ထုတ်ပြန်ချက်များသည် လူများကို အကြမ်းဖက်မှု ပြုလုပ်ရန် တွန်းအားပေးခြင်းဖြင့် အခြားသူများ၏ ဒီမိုကရေစီနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးများအား ချိုးဖောက်သွားနိုင်သည့် အလားအလာရှိသည်။"[၆၀]

မည်သည့် ချိုးဖောက်မှုမျိုးမဆို အရှိန်အဟုန်နှင့် ပေါ်ပေါက်လာပါက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အတွင်း စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်သည်။

အထွေထွေမှတ်ချက် အမှတ်(၃၄)၊ အပိုဒ် ၂၈ (၂၀၀၁)တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာ မင်းကြီးရုံး (OHCHR) က "မဲပေးပိုင်ခွင့်ကိုကာကွယ်ရန်အလို့ငှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းသည် တရားဝင်ဖြစ်နိုင်သည်... ထိုကန့်သတ်ခြင်းများကို ဂရုတစိုက် တည်ဆောက်ရမည်........ ခြိမ်းခြောက်ခြင်း သို့မဟုတ် အတင်းအကျပ်ပြုလုပ်ခြင်း ပုံစံများ မှ မဲဆန္ဒရှင်များကို ကာကွယ်ပေးရန် ခွင့်ပြုနိုင်သလို နိုင်ငံရေးဝေဖန်ဆွေးနွေးပွဲကို အဟန့်အတားမဖြစ်စေရပါ"ဟု ဖော်ပြထားသည်။[၆၁] " ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) က နိုင်ငံရေးပါဝင်ဆွေးနွေးပွဲအပေါ် ကန့်သတ်ချက်များကြောင့် အိမ်အရောက် နိုင်ငံရေးမဲဆွယ်ခြင်းကိုတားမြစ်ခြင်း၊ ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်နေစဉ်အတွင်း ဖြန့်ဝေနိုင်သည့် ရေးသားထားသည့်စာ အမျိုးအစားနှင့် အရေအတွက်ကို ကန့်သတ်ခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာများ၏ နိုင်ငံရေး တိုက်ရိုက်ထုတ်လွှင့်အစီရင်ခံချက် အပါအဝင် ရွေးကောက်ပွဲကာလများအတွင်း သတင်းရင်းမြစ်များကို ပိတ်ဆို့ခြင်းနှင့် အတိုက်အခံပါတီများနှင့်နိုင်ငံရေးသမားများ၏ သတင်းမီဒီယာအခွဲများမှသတင်းရယူခွင့်ကို ကန့်သတ်ခြင်း စသည့် ဖြစ်ပေါ်လာနိုင်သည်များနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုခဲ့သည်။[၆၂]

---

[၅၈] https://aceproject.org/ace-en/topics/me/mea/mec03d/default

[၅၉] Ibid.

[၆၀] Ibid.

[၆၀] http://www2.ohchr.org/english/bodies/hrc/docs/gc34.pdf

[၆၀] Such concerns have been raised in response to actions taken in countries as diverse as the Republic of Korea, Finland, Japan, Tunisia, Togo, and Moldova.

[၆၀] Ihttp://www2.ohchr.org/english/bodies/hrc/docs/gc34.pdf

[၆၂] Such concerns have been raised in response to actions taken in countries as diverse as the Republic of Korea, Finland, Japan, Tunisia, Togo, and Moldova.

## နိုင်ငံရေးသမားများနှင့် ဆက်သွယ်လုပ်ကိုင်ရခြင်း

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် နိုင်ငံရေးသမားများသည် လွတ်လပ်သော နိုင်ငံရေးစကားများနှင့် အားကောင်းသော ပြည်သူပါဝင်ဆွေးနွေးပွဲများအကြား ဗဟိုပြု၍ အမုန်းစကားနှင့် ပတ်သက်လာပါက အထူးတာဝန်ဝတ္တရားများ ရှိလာသည်။ ပြည်သူများက အလေးထားရသည့်ပုဂ္ဂိုလ်များဖြစ်သဖြင့် ၎င်းတို့တွင် အမုန်းတရားနှင့် အကြမ်းဖက်မှုကိုလှုံ့ဆော်ရန် ဖြစ်နိုင်ခြေမြင့်မားပြီး အာဏာပိုင်နေရာမျိုးတွင်ရှိနေသဖြင့် ၎င်းတို့စကားသည် ပိုမိုတာသွားသည်။ အစွန်းတစ်ဘက်ရောက်အောင် ပြောဆိုမှ အမုန်းစကားမဟုတ်ပေ။ အမုန်းစကားသည် အဓိကပါတီများ၏ အပြောအဆိုကြောင့် အလွယ်တကူပျံ့နှံ့နိုင်သည်။[၆၄၊၆၅] အမုန်းစကားကိုအသုံးချ၍ လူထုကြိုက်နိုင်ငံရေးသမားများနှင့် အမုန်းစကားကို ပေါ့ပေါ့တန်တန် အသုံးချသောပါတီများ ကြီးထွားလာအောင်မြင်လာမှုသည် စိုးရိမ်ဖွယ်ရာအချက်တစ်ချက်ဖြစ်လာသည်။[၆၆] သို့သော် လက်တွေ့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု နှင့် နိုင်ငံရေး ဟောပြောချက်တို့အကြား ဟန်ချက်ညီညီ ထည့်သွင်းစဉ်းစားနိုင်ရန်မှာ ခက်ခဲသည်။ နိုင်ငံအဆင့် စီရင်ထုံးများတွင် လူ့အခွင့်အရေးဆိုင်ရာဥရောပတရားရုံး (ECHR)အား ရလာဒ်အမျိုးမျိုးနှင့် လျှောက်ထားခဲ့ကြသည်။

- Feret v. Belgium (၂၀၀၉) အမှုတွင် တရားရုံးက မူဆလင်ဆန့်ကျင်ရေးနှင့် နိုင်ငံရပ်ခြားမှ ရွှေ့ပြောင်းအခြေစိုက်နေထိုင် သူများကို ဆန့်ကျင်ရေး ကြွေးကြော်သံများ ပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည့် ဘယ်လ်ဂျီယံပါလီမန် အဖွဲ့ဝင်တစ်ဦး(ဘယ်လဂျီယံ အမျိုးသားတပ်ဦးပါတီဥက္ကဋ္ဌလည်းဖြစ်သူ) ကို ပြစ်မှုထင်ရှားစီရင် အတည်ပြုခဲ့သည်။ အဆိုပါ တရားရုံးက လူမျိုးရေး အမုန်းတရားလှုံ့ဆော်များအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည် အခြားသူများ၏အခွင့်အရေးကို ကာကွယ်ခြင်း အတိအကျဆိုရသော် နိုင်ငံရပ်ခြားမှ ရွှေ့ပြောင်းအခြေစိုက်လာသူများအတွက် တရားမျှတသည်ဟု ဆိုသည်။

> **နိုင်ငံရေးသမားများ အမုန်းစကားပြန့်ပွားအောင် လုပ်ဆောင်ခြင်း**
>
> အမုန်းစကားပြန့်ပွားမှုများ ဖြစ်ပေါ်စေရန် ပြုလုပ်မည်ဟု စဉ်းစားသည့်အခါတွင် နိုင်ငံရေးသမားများအနေနှင့် သည်းမခံနိုင်လောက်သည့် ဘာသာစကား/စကားလုံး အသုံးအနှုန်းများ အသုံးမပြုရန်နှင့် စည်းကမ်းကျင့်သုံးလိုက်နာရန် အထူးတာဝန်တစ်ရပ်အနေနှင့် ဥရောပ လူ့အခွင့်အရေးသဘောတူစာချုပ်တွင်ပြဌာန်းထားသည်။

- ပြင်သစ်အမျိုးသား တပ်ဦးပါတီ ဥက္ကဋ္ဌအား Le Monde နေ့စဉ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခြင်းတွင် မူဆလင်များနှင့်ပတ်သက်သည့် ပြောဆိုမှုအတွက် ပြစ်မှုထင်ရှားစီရင်ခဲ့သည်ဟု တရားရုံးက အခိုင်အမာဆိုသည်။ နိုင်ငံရေးကိုယ်စားလှယ်များ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်းသည် ဒီမိုကရေစီလူ့မှုအဖွဲ့အစည်းတွင် လိုအပ်သည်ဟု တွေ့ရှိရသည်။
- Erbakan v. Turkey (၂၀၀၆) ဖြစ်ရပ်တွင် တူရကီ ဝန်ကြီးချုပ် (လူမှုဖူလုံရေး ပါတီဥက္ကဋ္ဌ)သည် ၎င်း၏လွတ်လပ်စွာပြောဆိုခွင့် အခွင့်အရေးကို ချိုးဖောက်ခံရသည်ဟုဆို၍ တရားရုံးက ဝန်ကြီးချုပ်ဘက်သို့လိုက်ခဲ့သည်။ အဆိုပါ ဖြစ်ရပ်တွင် ဝန်ကြီးချုပ်က အမုန်းတရား နှင့် ဘာသာရေး သဘောထားမကြီးမှုကို လှုံ့ဆော်ခဲ့သည့် လူထုမိန့်ခွန်းကို ပြောကြားခဲ့သည်။ အဆိုပါ တရားရုံးက နိုင်ငံရေးသမားများသည် သဘောထားမကြီးမှုကို အားပေးသည့် မှတ်ချက်များကိုရှောင်ရန် အထူးအရေးကြီးသော်လည်း တရားစွဲဆိုရန်အတွက် ပေးထားသော အကြောင်းပြချက်များသည် ဒီမိုကရက်တစ်လူ့မှုအဖွဲ့အစည်းတစ်ရပ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ဝင်ရောက်စွက်ဖက်ရန် လိုအပ်သည့်သက်သေအထောက်အထားများ မလုံလောက်ပါဟုဆိုသည်။[၆၇]

မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ပြောဆိုမှုကို ခုခံကာကွယ်ရင်း နိုင်ငံရေးသမားများသည် ၎င်းတို့ကို ကန့်ကွက်ပြောဆိုသည့် မှတ်ချက်များကို အရေးတယူ မရှုမြင်ကြပေ။ အစောပိုင်းက ဖော်ပြခဲ့သည့်အတိုင်း အမုန်းစကားကို ကိုင်တွယ်သော ဥပဒေပြုရေးသည် အတိုက်အခံအား ခြေမှုန်းရန်အလွဲသုံးစားလုပ်ခံရနိုင်သည်။ အဆိုပါ OCHCR ကုလသမဂ္ဂ လူ့အခွင့်

[၆၃] https://rm.coe.int/16800c170e

[၆၄] Ibid.

[၆၅] http://www.reuters.com/article/us-usa-election-hatespeech-insight/hate-speech-seeps-into-u-s-mainstream- amid-bitter-cam paign-idUSKBN13225X

[၆၆] https://rm.coe.int/16800c170e

[၆၇] For a more detailed discussion of these and other cases, please see http://www.echr.coe.int/Documents/FS_ Hate_speech_ENG.pdf

အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ အပြည်ပြည်ဆိုင်ရာ ပြည်သူ့အရေးနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR) ၏မူကြမ်း အထွေထွေ မှတ်ချက်အမှတ် ၃၄၊ ပုဒ်မ ၁၉(အပိုဒ် ၃၈) မှ ကောက်နုတ်ချက်အရ၊  အထူးသဖြင့် နိုင်ငံရေးဖြစ်စဉ်ကို ရည်ညွှန်းကိုးကားရာတွင် "ပြည်သူများ အလေးထားရသည့်ပုဂ္ဂိုလ်များကို စော်ကားသည်ဟု ယူဆရသော ထုတ်ဖော်ပြောဆိုမှုပုံစံမျှနှင့် ပြစ်ဒဏ်များ ချမှတ်ရန်မလုံလောက်ပါ။ ထို့အပြင် နိုင်ငံတော်နှင့် အစိုးရ အကြီးအကဲများ ကဲ့သို့သော အမြင့်ဆုံး နိုင်ငံရေး အခွင့်အာဏာကို ကျင့်သုံးသူများအပါအဝင် ပြည်သူများက အလေးထားရသည့်ပုဂ္ဂိုလ်များအား ဝေဖန်ရန်နှင့် နိုင်ငံရေးအရ အတိုက်အခံ ပြုနိုင်ရန်ကို ဥပဒေအရ ခွင့်ပြုထားသည်။"[၆၈] ထိုကဲ့သို့သော ဖြစ်ရပ်များတွင် ပြောဆိုချက်များသည် စော်ကားရမ်းကားရုံမျှသာ ဖြစ်မဖြစ် သို့မဟုတ် နိုင်ငံရေးမူဝါဒများအား ဝေဖန်ခြင်းဖြစ်မဖြစ် သို့မဟုတ် ကျား/မဖြစ်တည်မှု၊ လူမျိုး၊ ဘာသာရေး အစရှိသည်တို့အပေါ်မူတည်သည့် အမုန်းတရားလှုံ့ဆော်မှု ဟုတ်မဟုတ် ကို စီရင်ဆုံးဖြတ်သူများက ဆုံးဖြတ်ရမည်။

## ကိုယ်စားလှယ်လောင်းများအနေဖြင့် ဘက်မလိုက်ရေးနှင့် တန်းတူဆက်ဆံရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များက ကိုယ်စားလောင်းများနှင့် နိုင်ငံရေး ခေါင်းဆောင်များကို စုံစမ်းစစ်ဆေးရခြင်းနှင့် ဥပဒေရေးရာ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ခဲ့ကြောင်း တွေ့ရှိသူတို့ကို ပြစ်ဒဏ်များချမှတ်ရခြင်း တို့ကြောင့် နိုင်ငံရေးကိစ္စရပ်များတွင် အမုန်းစကား ပြောဆိုခြင်းရှိပါက ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များအတွက် အမှန်တကယ် စိန်ခေါ်မှုပင်ဖြစ်သည်။ ဂျပန်နိုင်ငံ၊ ပြည်သူ့တရားစီရင်ရေး၏ ညွှန်ကြားရေးမှူးက "နိုင်ငံရေးအဝန်းအဝိုင်းမှာ ဘက်တစ်ဘက်က လူကို ဖမ်းလိုက်တာနှင့် တစ်ပြိုင်နက် အခြားတစ်ဘက်က လူကိုလည်း ညီတူညီမျှ ဖြစ်စေဖို့ ဖမ်းစေချင်ကြတယ်။ အဲ့ဒီလူက အပြစ်တစ်ခုခုလုပ်လား မလုပ်လားဆိုတာ ကိစ္စမရှိဘူး။"[၆၉]

## သင့်တင့်မျှတသော အပြစ်ဒဏ်များချမှတ်ခြင်း

ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (IFES)က ဆွေးနွေးထားခဲ့သည့်အတိုင်း[၇၀] ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု သို့မဟုတ် ချိုးဖောက်မှုအတွက် ထိရောက်သော ကုစားမှု သည် အောက်ပါတို့ ဖြစ်သင့်သည်။ (၁) ဥပဒေ၏ အနှစ်သာရနှင့် ဥပဒေစကားလုံးများကို အမှန်တကယ် အသိအမှတ်ပြုထည့်သွင်းစေရမည်၊  (ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပြန်လည်ရရှိခြင်း၊ ချိုးဖောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်း)  (၂) အချိန်နှင့် တပြေးညီဖြစ်စေရမည်၊ (၃)  တွေ့ကြုံလာသည့် ချိုးဖောက်မှု သို့မဟုတ် မမှန်ကန်မှုတို့အတွက် အရေးယူမှု အချိုးအစားမျှတစေရမည်၊ (၄) လက်တွေ့ကျင့်သုံးနိုင်စေရမည်၊  (၅) ပြဿနာကို အမှန်တကယ် ဟန့်တားနိုင်ခြင်း သို့မဟုတ် အပြုအမူ အပြောင်းအလဲဖြစ်စေခြင်းကို ဦးတည်ရမည်၊  (၆)  လုပ်ငန်းစဉ်၏တရားမျှတမှုနှင့် ယုံကြည်စိတ်ချရမှု တို့ကို အားကောင်းလာစေရမည်။  အမုန်းစကားနှင့် အမုန်းတရားလှုံ့ဆော်မှု အမှန်တကယ်ဖြစ်ပွားခဲ့ခြင်းရှိမရှိ ဆုံးဖြတ်ခြင်းနှင့် ပတ်သက်သော ယေဘူယျ စိန်ခေါ်မှုများ၏ နောက်ကွယ်တွင် ထိရောက်မှုရှိစေရန် စီရင်ဆုံးဖြတ်သည့် အဖွဲ့အစည်းများက ပြစ်ဒဏ်များချမှတ်ရမည်။ အထူးသဖြင့် စိုးရိမ်ပူပန်နေရသည်မှာ ချိုးဖောက်မှုနှင့် အချိုးညီသော ပြစ်ဒဏ်ဖြစ်စေရန်ဖြစ်သည်။ အချို့သောပြည်တွင်း ဥပဒေပြဋ္ဌာန်းချက်များသည် ပြစ်ဒဏ်ပြင်းထန်လွန်းသည် (ဥပမာ ကိုယ်စားလောင်းအား မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းခြင်း သို့မဟုတ် မဲပေးနိုင်သည့် အခွင့်အရေးရုပ်ဆိုင်းခြင်း မျိုးပါဝင်သည်)။  ဤသို့ပြုလုပ်ခြင်းက အခြေခံအခွင့်အရေးများဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေး နှစ်ခုကို ကန့်သတ်ခြင်းများ ပါဝင်သည့်အတွက် ပြဿနာရှိသည်။

ဥပမာ အိန္ဒိယတွင်  ပြည်သူ့ကိုယ်စားလှယ် အက်ဥပဒေအရ အမုန်းစကားပြောဆိုကြောင်း ပြစ်မှုထင်ရှားခဲ့သူ မည်သူမဆို ရွေးကောက်ပွဲ များ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ဆုံးရှုံးသည်။ နိုင်ငံရေးပါတီများကို အသိအမှတ်ပြုခြင်း၊ မပြုခြင်းစသည့် လုပ်ပိုင်ခွင့်အား ရွေးကောက်ပွဲကော်မရှင် (UEC) ထံ အပ်နှင်းမည့်ကိစ္စကို စဉ်းစားသုံးသပ်လျှက်ရှိသည်။ အိန္ဒိယနိုင်ငံတရားရုံးချုပ်က အစိုးရအနေဖြင့် အမုန်းစကားကို ဟန့်တားနိုင်ရန် ရွေးကောက်ပွဲကော်မရှင် (UEC) ၏ အာဏာကို ပိုမိုခိုင်မာ အားကောင်းစေမည့် အစီအမံများ အတည်ပြုဋ္ဌာန်းနိုင် ရန် အကြံပြုထားသော်လည်း စည်းကမ်းနှင့်မညီညွတ်ပါက နိုင်ငံရေးပါတီများကို ပယ်ဖျက်ခွင့် သို့မဟုတ် ၎င်းတို့၏အဖွဲ့ဝင်များကို  ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ  ပိတ်ပင်တားဆီးခွင့်များသည်  အလွန်အမင်းအငြင်းပွားဖွယ်ဖြစ်နေ

[၆၈] http://www2.ohchr.org/english/bodies/hrc/docs/gc34.pdf

[၆၉] See: http://www.asahi.com/ajw/articles/AJ201608050051.html

[၇၀] https://www.ifes.org/sites/default/files/2017_ifes_measuring_effective_remedies_for_fraud_and_ administrative_malpractice.pdf

သဖြင့် ထိုအကြံပြု ချက်ကို ဥပဒေကော်မရှင်က ပြန်လည်သုံးသပ်လျှက်ရှိသည်။

အစောပိုင်းကမှတ်ချက်ပေးခဲ့သည့်အတိုင်း ဂျပန်နိုင်ငံ၏ ပြည်သူ့ရုံးများရွေးကောက်ပွဲဥပဒေအရ ကိုယ်စားလှယ်လောင်းများသည် ရုပ်မြင်သံကြားနှင့် ရေဒီယိုမှ အခြားသူများ၏ ဂုဏ်သိက္ခာ နှင့် ဂုဏ်အသရေ ကို ထိခိုက်ပျက်စီးစေသော မိန့်ခွန်းများ ထုတ်လွှင့်ခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဆိုထားသည်။[၇၁] ထိုဥပဒေတွင် အများပြည်သူ သွားလာနေသည့် လမ်းများပေါ်တွင် ပြုလုပ်သော မဲဆွယ်စည်းရုံးရေး မိန့်ခွန်းများ၏ အကြောင်းအရာများကိုမူ ထိုကဲ့သို့သော ကန့်သတ်ချက်များ မထားရှိပါ။ အမုန်းစကားအတွက် အပြစ်ဒဏ်များလည်း မရှိပါ။ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများတွင် အနှောင့်အယှက်ပေးသူများ (ဥပမာ၊ မဲဆွယ်စည်းရုံးရေး အစည်းအဝေးများနှင့် ကိုယ်စားလှယ်လောင်းများ၏ မိန့်ခွန်းများကို နှောင့်ယှက်ပွဲဖျက်ခြင်း) အတွက်မူ ပြစ်ဒဏ်များရှိသည်။ ထို့ကြောင့် ရလဒ်အဖြစ် "ကိုယ်စားလှယ်လောင်းတစ်ဦးအား ဦးတည်၍ မုန်းတီးသော၊ ခွဲခြားဆက်ဆံသော စကားလုံးများ၊ အပြုအမူများကိုရပ်တန့်ရန် လုပ်ရပ်များကိုလည်း မဲဆွယ်စည်းရုံးရေးပွဲအား အနှောင့်အယှက်ပြုသည်ဟု ယူဆနိုင်သည်။[၇၂]

သင့်လျော်သော ပြစ်ဒဏ်များ ဖြစ်လာစေရန် ကြိုးပမ်းမှုအနေဖြင့် အခြားအဆိုပြုချက်များကိုလည်း တင်ပြထားသည်။ ဥရောပ လူမျိုးရေးခွဲခြားမှုများနှင့် သဘောထားမကြီးမှုများ ဆန့်ကျင်ရေး ကော်မရှင် (ECRI) သည် ဥရောပကောင်စီ အဖွဲ့ဝင်နိုင်ငံများအား လူမျိုးရေးခွဲခြားမှုများကို အားပေးသည့် နိုင်ငံရေးပါတီများကို ပြည်သူ့ဘဏ္ဍာငွေ ထောက်ပံ့ခြင်းမှ ပြန်လည်ရုပ်သိမ်းရန် စည်းရုံးနေသည်။[၇၃] အချို့ အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း ထုတ်ပယ်ခံရသော နိုင်ငံရေးပါတီများအား ဒေသဆိုင်ရာအုပ်စုများတွင် ပါဝင်ခွင့် မပေးရန် စည်းရုံးလှုံ့ဆော်မှုများ ပြုကြသည်။ အမုန်းစကား ဖြစ်ရပ်များတွင် အဓိပ္ပာယ်ပြည့်ဝပြီး ထိရောက်နိုင်စေ မည့် ကုစားမှုများ ကျင့်သုံးနိုင်ရန် အခြားသော သုတေသနများလုပ်ရန် လိုအပ်ပါသည်။ ကျူးလွန်သည့် ပြစ်မှုအလိုက် ချမှတ်သည့် ပြစ်ဒဏ်များသည် အချိုးအစားမမျှမတ ပြင်းထန်လွန်ကျူးမှုမရှိဘဲ ထိရောက်သည့် ကုစားမှုဖြစ်စေရန် အရေးကြီးသည်။

## လုံခြုံစိတ်ချရသော ရွေးကောက်ပွဲ အခင်းအကျင်း တစ်ခု ဖန်တီးပေးခြင်း

ရွေးကောက်ပွဲနှင့်ဆက်စပ်၍ အကြမ်းဖက်မှုများသည် ကမ္ဘာအနှံ့ပျံ့နှံ့သကဲ့သို့ အမျိုးအစားကွဲပြားသည်။[၇၄] ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ကုန်းမြေတိုက်ကြီး (၅) တိုက်ရှိ နှစ်သက်တမ်းရှည်ကြာသော ဒီမိုကရေစီအင်အားစု အဖွဲ့အစည်းများတည်ရှိရာ အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံများနှင့် ထိရှလွယ်သော အခြေအနေ ၊ ပဋိပက္ခများဖြင့် ရုန်းကန်နေရသည့် အာဖဂန်နစ္စတန်ကဲ့သို့နိုင်ငံများ အပါအဝင်နိုင်ငံပေါင်း (၂၇) နိုင်ငံ၌ ယင်းအကြမ်းဖက်မှုများကို ရင်ဆိုင်ကြုံတွေ့ရသည်။[၇၅] မကြာခဏဆိုသလိုပင် ရွေးကောက်ပွဲ အကြိုမဲဆွယ်စည်းရုံးမှုများသည် အကြမ်းဖက်မှု ဖြစ်ပေါ်စေရန် နောက်ခံအကြောင်းပြချက်များ ဖြစ်လာတတ်ပြီး အမုန်းအခြေခံသော ရာဇဝတ်မှုများ ဖြစ်ပေါ်လာစေသည် (ဥပမာ – နိုင်ဂျီးရီးယား၊ အီသီယိုပီးယား၊ ဆီယာလီယိုနီ နှင့် ဇင်ဘာဘွေ)[၇၆၊၇၇၊၇၈] မဲဆွယ်စည်းရုံးကာလ အမုန်းစကားများသည် ရွေးကောက်ပွဲ အကြမ်းဖက်မှုဖြစ်ပေါ်လာသည်အထိ အလိုအလျောက် တွန်းအားပေးခြင်းမဟုတ်ပါ။ ယင်းတို့ဖြစ်ပေါ်ရန် နောက်ခံအခြေအနေ အကြောင်းခြင်းရာများအပေါ် များစွာ မူတည်ပါသည်။

"လူ့အဖွဲ့အစည်းအတွင်းတွင် အကြမ်းဖက်မှု သမိုင်းကြောင်း ၊ အုပ်စုတစ်စု ကို ဖယ်ကျဉ်ထားခြင်း နှင့်အခြေအမြစ်မရှိသော အရိုးစွဲထင်မြင်ယူဆချက်များ စသည့် ပတ်ဝန်းကျင် အခင်းအကျင်းနှင့် ပုံစံအကြောင်းခြင်းရာများက အမုန်းစကားကို အကြမ်းဖက်မှု ဖြစ်စေသည်အထိ တွန်းပို့ပေးသည်။ အထက်အောက် အဆင့်ဆင့်ထိန်းချုပ်မှုပုံစံ အမြစ်တွယ်နေခြင်း ၊ တရားဥပဒေ စိုးမိုးမှု အားနည်းခြင်း၊ အစိုးရက အကြမ်းဖက်မှုများကို အထောက်အပံ့ပြုနေခြင်း၊ မတရားပြုသူများ အရေးယူခံရခြင်းမှ လွတ်ကင်းနေခြင်း သို့မဟုတ် အကျင့်ပျက်ခြစားမှုကြီးထွားနေခြင်းစသဖြင့် ဖြစ်ပေါ်နေသည့် လူ့အဖွဲ့အစည်းအတွင်းတွင် အမုန်းစကားများသည် အကြမ်းဖက်မှု ဖြစ်စဉ်ထိ ရောက်ရှိနိုင်သည်။ အထူးသဖြင့် အတွေးအခေါ်များ ပိတ်ဆို့ထားပြီး မတူကွဲပြားသည့် အမြင်များကို ဖော်ပြနိုင်ခြင်း မရှိသည့်အခြေအနေ၌ ပို၍ အန္တရာယ်ကြီးသည်။ [၇၉]

---

[၇၁] Legal language the dignity and honor of others can be quite broad and are not necessarily related to a person's nationality, gender, religion, ethnicity, etc.
[၇၂] http://www.asahi.com/ajw/articles/AJ201608050051.html
[၇၃] Preventing and Responding to Hate Crimes, p. 55.
[၇၄] http://democracyjournal.org/arguments/electoral-violence-can-it-happen-here/
[၇၅] Ibid.
[၇၆] Preventing and Responding to Hate Crimes, p. 55.
[၇၇] Mrabure, pp. 160, 162.
[၇၈] Ezeibe, p. 3.
[၇၉] http://www.genocidewatch.org/images/OutsideResearch_Hate_Speech_and_Group-Targeted_Violence.pdf, p. 9.

ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးကာလများအတွင်းတွင် အမုန်းစကားများကြောင့် ရွေးကောက်ပွဲ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်ခြေ မြင့်တက်လာစေသည်။[၈၀] ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များ၊ လုံခြုံရေးဆောင်ရွက်သူများနှင့် ရွေးကောက်ပွဲကာလ အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများသည် အဆိုပါ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမည်။
အန္တရာယ်ဖြစ်နိုင်ခြေများကို ထိရောက်စွာ လျှော့ချနိုင်ရန် နှင့် ကိုင်တွယ်နိုင်ရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့် ရွေးကောက်ပွဲသမာသမတ်ကျမှု အပါအဝင် ရွေးကောက်ပွဲ ဖြစ်စဉ် ပါ လုပ်ငန်းစဉ်များနှင့် အမုန်းစကားတို့အကြား ဆက်နွယ်မှုကို သိနားလည်ရန် လိုအပ်သည်။

## ရွေးကောက်ပွဲ စနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း

- ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ "ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သည့် တစ်စုံတစ်ဦး သို့မဟုတ် ပိုင်ဆိုင်မှုတစ်စုံတစ်ရာ သို့မဟုတ် ရွေးကောက်ပွဲကို ထိခိုက်စေခြင်း သို့မဟုတ် ထိခိုက်ရန် ခြိမ်းခြောက်ခြင်း" ဖြစ်သည်။[၈၁]
- ရွေးကောက်ပွဲလုံခြုံရေးဆိုသည်မှာ ရွေးကောက်ပွဲ ပါဝင်ပတ်သက်သူများ၊ သတင်းအချက်အလက် ၊ အခမ်းအနားများနှင့် ပစ္စည်းများကို ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ထိခိုက်ပျက်စီးစေရန် ခြိမ်းခြောက်ခံရခြင်းမှာ အကာအကွယ်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။
- ရွေးကောက်ပွဲ သမာသမတ်မျှတခြင်း ဆိုသည်မှာ ရွေးကောက်ပွဲ ၊ ဒီမိုကရေစီနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ကော်မရှင်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ "နိုင်ငံတကာ စံနှုန်းများ နှင့် သဘောတူညီချက်များတွင် ပါဝင်သည့် နိုင်ငံ ရေးနှင့် မဲပေးခွင့် တန်းတူညီတူရှိမှု ဒီမိုကရေစီ မူဝါဒပေါ်တွင် အခြေပြုထားသည့် မည်သည့် ရွေးကောက်ပွဲမဆို ရွေးကောက်တင်မြှောက်ခြင်း ဖြစ်စဉ်တစ်လျှောက် ကြိုတင်ပြင်ဆင်မှုများ နှင့် စီမံခန့်ခွဲခြင်းများ၌ မှန်ကန်တိကျ၊ ဘက်လိုက်မှုကင်း၍ ၊ ပွင့်လင်းမြင်သာမှု ရှိခြင်းကို ဆိုလိုသည်။" [၈၂]

အတင်းအကျပ် ဖိအားပေးခြင်းနှင့် လှုံ့ဆော်ပြောဆိုခြင်း ပါဝင်သည့် အမုန်းစကားသည် ရွေးကောက်ပွဲလုံခြုံရေး နှင့်ရွေးကောက်ပွဲ သမာသမတ်မျှတမှုကို ထိခိုက်စေသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖြစ်ပွားစေနိုင်သည်။ အမုန်းစကားမှသည် ဥပဒေဖြင့် ရှင်းလင်းစွာဖော်ပြတားမြစ်ထားသည့် လုပ်ဆောင်မှုများ ကျူးလွန်မိစေ၍ "အမုန်းကြောင့် ကျူးလွန်သည့် ရာဇဝတ်မှုများ" ဖြစ်ပွားစေနိုင်သည်။ အခြားသော ဥပမာများတွင် ပြောဆိုမှုကိုယ်၌က ရာဇဝတ်မှုမြောက်နေနိုင်သည်။ ပိုမိုကျယ်ပြန့်စွာ ထည့်သွင်းရေးဆွဲထားသည့် ရွေးကောက်ပွဲ လုံခြုံရေးနှင့် သမာသမတ်မျှတရေး နည်းဗျူဟာများတွင် အမုန်းစကားကို တန်ပြန်သည့် လုပ်ဆောင်မှုများ ထည့်သွင်းရန် ခေါင်းဆောင်မှု၊ အာရုံစူးစိုက်မှု နှင့် သင့်တော်သည့် အင်အားရင်းမြစ်များ ရှိရန် လိုအပ်သည်။

၂၀၁၇ ခုနှစ် ဂျာကာတာ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် သဘောထားတင်းမာသည့် အဖွဲ့အစည်းများက လူများစု ကိုးကွယ်သည့် ဘာသာတရားကို ပုတ်ခတ်သည်ဟုယူဆရသော ကိုယ်စားလှယ်ကို ရှုံးနိမ့်စေရန် လူများစုကို စည်းရုံးလှုံ့ဆော်နိုင်သည့်အဖြစ်တွင် တွေ့ မြင်ခဲ့ရသကဲ့သို့ အချို့သော ဖြစ်ရပ်များတွင် အမုန်းစကားနှင့် အမုန်းအခြေခံ ရာဇဝတ်မှုများသည် ရွေးကောက်ပွဲလက်နက်တစ်ခုအဖြစ် တိုက်ခိုက်မှုများ ဖြစ်ပေါ်စေနိုင်သည်။[၈၃] ဟောင်ကောင်နစ်ခြင်းတက္ကသိုလ်မှ သတင်းပညာဌာနမှ ပါမောက္ခ ချော့ချ် ချဲရိယန်းက "အမုန်းစကား (သွားပုပ်လေလွင့်ပြောဆိုခြင်းများမှတစ်ဆင့် မုန်းတီးစေရန် လှုံ့ဆော်ခြင်း) နှင့် ရန်လိုတိုက်ခိုက်မှုကို ဖန်တီးခြင်း (မတရားမှုကို ဖယ်ရှားသည့် အပြုအမူကို ပြုလုပ်ခြင်း) စသည် နှစ်ခုကို ပေါင်းစပ်ထားသည့် အသွားနှစ်ဖက်ပါသော နည်းစနစ်ကို" ရည်ညွှန်း၍ "အမုန်းဖြင့် လှည့်စားခြင်း" ဟူသည့် ဝေါဟာရကို ဖန်တီးသုံးစွဲခဲ့သည်။ သူ၏ စာအုပ် "အမုန်းဖြင့် လှည့်စားခြင်း – ဘာသာရေးအခြေခံသော ရန်လိုတိုက်ခိုက်မှုများ နှင့် ဒီမိုကရေစီကို ခြိမ်းခြောက်ခြင်း" တွင်

---

[၈၀] http://democracyjournal.org/arguments/electoral-violence-can-it-happen-here/

[၈၁] http://www.ifes.org/issues/electoral-security

[၈၂] http://www.kofiannanfoundation.org/supporting-democracy-and-elections-with-integrity/global-commission- on-elections-democracy-security-2/. For a conceptual framework on election integrity that identifies vulnerabilities by type, likelihood, and impact, please refer to: http://www.ifes.org/news/ifes-assessment-evolves-maps-electoral- vulnerabilities.

[၈၃] http://www.thejakartapost.com/academia/2016/11/03/ahok-and-hate-speech-the-unexpected-outcome-of- democracy.html

အိန္ဒိယ၊ အင်ဒိုနီးရှား နှင့် အမေရိကကဲ့သို့သော ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံရေးသမားများသည် "ကိုယ်ပိုင်သ – ဝင်ပြင် လက္ခဏာ နိုင်ငံရေး၏ လက်နက်တစ်ခုအဖြစ် ရန်ပြုခြင်း နှင့် ရန်ပြုခံရခြင်း၊ ဒီမိုကရေစီနည်းလမ်းအရ ဖြစ်တည်ပေါ်ပေါက်လာသည့် လွတ်လပ်စွာ ပြောဆိုခွင့်ကို အလွဲသုံးစားပြု၍ ယင်းတို့၏ အနစ်သာရများကို နှိမ့်ချကာ ဥပဒေမဲ့လုပ်ရပ်များကို ဖြစ်ပွားစေခြင်း၊ ပြုလုပ်စေခြင်းများ မည်သို့မည်ပုံ စည်းဝါးရိုက်ဖန်တီးကြသည်တို့ကို ဆန်းစစ်လေ့လာထားသည်။[၈၄]

အမုန်းစကား ၊ လှုံ့ဆော်သွေးထိုးခြင်း နှင့် အကြမ်းဖက်ခြင်းတို့ကို များသောအားဖြင့် "အထက်တန်းလွှာများက မဲပေးသူများကို အကျပ်အတည်းဖြစ်စေရန် ကြံစည်လှုံ့ဆော် ဖန်တီးကြသည်"။[၈၅] အမျိုးသမီးများနှင့် အခြားသော ဖယ်ကျဉ်ခံထားရသည့် အုပ်စုများကို ဖိနှိပ်ရန် ၊ လွတ်လပ်၍ တရားမျှတသော အားလုံးပါဝင်သည့် ဒီမိုကရက်တစ်လုပ်ငန်းစဉ်ကို အနှောက်အယှက်ဖြစ်စေရန် အမုန်းစကားကို အသုံးပြုနိုင်သည်။

## ရွေးကောက်ပွဲ၌ အမျိုးသမီးများအပေါ် အမုန်းစကား နှင့် အကြမ်းဖက်တိုက်ခိုက်မှုများပပျောက်ရေး

မဲပေးသူများ၊ ရွေးကောက်ပွဲ ဆိုင်ရာ အရာရှိများ၊ ကိုယ်စားလှယ်များ၊ ပါတီခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းထောက်များအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူ အမျိုးသမီးများကို စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သည့် အမုန်းစကားများ သွေးထိုးလှုံ့ဆော်နိုင်သည်။ အမျိုးသမီးများ၏ နိုင်ငံရေးအရ ပေါ်လွင်ထင်ရှားမှု မြင့်မားလာသည်နှင့်အမျှ ၎င်းတို့ထိခိုက်နိုင်ခြေလဲ မြင့်မားလာသည်။ အမျိုးသမီးများသည် ၎င်းတို့၏ နိုင်ငံရေးပါဝင်လှုပ်ရှားမှုများ၊ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် လှုပ်ရှားမှုများ သို့မဟုတ် အမျိုးသားများ လွှမ်းမိုးသည့် နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးဖြစ်နေခြင်းကြောင့် ပင်ပစ်မှတ်ထားခံရနိုင်သည်။[၈၆]အပြည်ပြည်ဆိုင်ရာ လွှတ်တော်သမဂ္ဂက မကြာသေးခင်က ပြုလုပ်သည့် လေ့ – လာမှုတွင် အမျိုးသမီး နိုင်ငံရေးသမားများအနေဖြင့် ငယ်ရွယ်သော ၊ လူနည်းစုအုပ်စုဝင် သို့မဟုတ် အတိုက်အခံဖြစ်နေခြင်းက ရွေးကောက်ပွဲ/နိုင်ငံရေး ဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ခြေ ပိုမိုမြင့်မားသည်ကို တွေ့ရသည်။[၈၇] ကျား/မ အခြေပြု ခွဲခြားဆက်ဆံ နှင့် ကျား/မ အခြေပြု အကြမ်းဖက်ခြင်း ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော နေရာတွင် အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေ အလွန်မြင့်မားသည်။[၈၈]

IFES သည် ရွေးကောက်ပွဲများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား ကိုင်တွယ်နိုင်ရန်ခြုံငုံမိသော မူဘောင်တစ်ခု (VAWIE) ပြုစုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်၊ ကင်ညာ၊ သီရိလင်္ကာ၊ နီပေါ နှင့် ဟေတီတို့၌ ပြုလုပ်ခဲ့သော သုတေသနနှင့် ရှေ့ပြေးစီမံကိန်းများတွင် တွေ့ရှိချက်များအရ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့ရသည့် နည်းတူ အချို့အခြေအနေများတွင် အမျိုးသမီးများအတွက် သက်သက်ရည်ရွယ်သော အကြမ်းဖက်မှုများ ကြုံတွေ့ရသည်။ ကျား/မအခြေပြု ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုကို ကိုင်တွယ်မည်ဆိုလျှင် ရွေးကောက်ပွဲ ကြီးကြပ်အုပ်ချုပ်သူများ၊ လုံခြုံရေးဆိုင်ရာ လုပ်ဆောင်သူ များ၊ မီဒီယာ၊ စောင့်ကြည့်အုပ်စုများ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်

**အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ရာ၌ အမုန်းစကားနှင့် ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှု အတားအဆီးများ**

၂၀၁၃ ခုနှစ်၌ မက္ကဆီကိုနိုင်ငံသည် အမျိုးသမီးများကို ပစ်မှတ်ထားသည့် နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်ခြင်းကို ရင်ဆိုင်ရန် ရွေးကောက်ပွဲဥပဒေ အပါအဝင် ဥပဒေများစွာကို ပြုပြင်ခဲ့သည်။ ယခင်နှစ်က ဘိုလီဗီးယားတွင် အမျိုးသမီးမြို့တော်ဝန်နှင့် ကောင်စီဝင်အမျိုးသမီးများ အစည်းအရုံးက နိုင်ငံရေးတွင် ကျားမအခြေပြု ထိပါးနှောက်ယှက်မှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး အက်ဥပဒေ ပေါ်ပေါက်လာစေရန် အောင်မြင်စွာ စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ယင်းဥပဒေသည် အမျိုးသမီးများ၏ နိုင်ငံရေး အခွင့်အရေးကို အာမခံချက်ပေးသကဲ့ သို့ တစ်ဦးချင်းနှင့် အုပ်စုလိုက် ထိပါးနှောက်ယှက်မှုနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများအတွက် ပြစ်မှုပြစ်ဒဏ်များ သတ်မှတ်ထားသည်။

[ကိုးကား – IPU, Women in Parliament 2013: The Year in Review]

[၈၄] https://mitpress.mit.edu/hate-spin

[၈၅] Ibid.

[၈၆] Bardall, G., Breaking the Mold: Understanding Gender and Electoral Violence (2011), IFES White Paper Series.

[၈၇] Sexism, Harassment, and Violence Against Women Parliamentarians (2016), IPU Issues Brief.

[၈၈] http://www.genocidewatch.org/images/OutsideResearch_Hate_Speech_and_Group-Targeted_Violence.pdf, p. 9.

မှုပံ့ပိုးပေးသူများ အပါ အဝင် ကွဲပြားစုံလင်သည့် လုပ်ဆောင်သူများအကြား ပူးပေါင်းလုပ်ဆောင်နိုင်မည့် ပိုမိုပြည့်စုံခြုံငုံမိသော နည်း လမ်းလိုအပ်သည်။

VAWIE သည် ကျဉ်းမြောင်းသည့် အမုန်းစကားကိုကျော် လွန်၍ အကြမ်းဖက်မှုနှင့် အတင်းအကျပ်ဖိအားပေးမှုများအား အဓိကထား ရာတွင် ကျားမ အခြေပြုသဘောတရားကို ထိန်ချန်ထား ခြင်းမပြုရန် အရေးကြီးသည်။ ယင်းအချက်နှင့် ဆက်နွယ်သည့် အချက် တစ်ခုမှာ အမျိုးသမီး ကိုယ်စားလှယ်များကို တိုက်ခိုက်ရန် အွန်လိုင်း အမုန်းစကားကို အလျှံပယ်အသုံးပြုကြခြင်းဖြစ်သည်။ IFES သုတေသနသည် ကင်ညာ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါ နှင့် မကြာသေးမီက ရွေးကောက်ပွဲများ ကျင်းပခဲ့သည့် အခြားသော နိုင်ငံများတွင် အမျိုးသမီးများကို အွန်လိုင်းပေါ်မှ ထိပါး နှောက်ယှက်မှုများစွာကို ဆက်လက်မှတ်တမ်းတင်ထားသည်။ နိုင်ငံရေး နှင့်အစိုးရဝန်ထမ်းအမျိုးသမီးများသည် အသက် အန္တရာယ်ခြိမ်းခြောက်ခြင်း၊ "ကိုယ်ရေးကိုယ်တာ ချစ်ရေးချစ်ရာကိစ္စများနှင့် ပတ် သက်၍ အရှက်ခွဲမှု" နှင့် မိသားစုကို ခြိမ်းခြောက် ခြင်း အပါအဝင် အွန်လိုင်းအကြမ်းဖက်မှုများကို တွေ့ကြုံရသည်။IFES ၏ ချဉ်းကပ် ပုံနည်းလမ်း ဆိုင်ရာ ဆွေးနွေးမှုအပြည့်အစုံအ တွက် IFES VAWIE ကိုရည်ညွှန်းပါ။[၉၉] IFES သည် ယခုအခါ "VAWIE Online" အမည်ရှိ သီးခြားသုတေသနတစ်ခုပြုလုပ်၍ ရွေးကောက်ပွဲများ၌ အမျိုးသမီးများ – အထူးသဖြင့် အမျိုးသမီးကိုယ်စားလှယ်များ – အပေါ် အွန်လိုင်းခြိမ်းခြောက်မှုများနှင့် အတင်းအကျပ် ဖိအားပေးမှုများကို လေ့လာကြည့်ရှုနေသည်။

[၉၉] http://www.ifes.org/sites/default/files/2016_ifes_violence_against_women_in_elections.pdf. For more on hate speech and political violence against women, please see also: https://www.usaid.gov/sites/default/files/ documents/2496/Electoral_Security_Best_Practices _USAID.pdf

## ၇။ တုန့်ပြန်မှုများ – ပိုမိုစည်းကမ်းတင်းကျပ်ခြင်း သို့မဟုတ် ပိုမိုလွတ်လပ်စွာပြောဆိုခွင့်

ဤကိစ္စနှင့် ပတ်သက်၍ ယခုစာတမ်းသည် အမုန်းစကားကို တုန့်ပြန်ရန် ဥပဒေနှင့် မူဝါဒ မူဘောင်များအား အဓိကထားပါသည်။ ၎င်းသည် ပြဿနာကို ထိရောက်စွာကိုင်တွယ်ရာ၌ ဥပဒေအခြေပြု ချဉ်းကပ်နည်းလမ်းများ၏ အကန့်အသတ်များကို မီးမောင်းထိုးပြထားသည်။ လွတ်လပ်စွာ ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များ၏ အငြင်းပွားဖွယ်ရာ သဘောသဘာဝနှင့် အလွဲသုံးစားလုပ်နိုင်ခြေရှိမှုများကို သတိပြုမိစေရန် ထောက်ပြသည်။ ထိုမျှသာမက ပဋိပက္ခဖြစ်လာပြီဆိုလျှင် (ဥပမာ – လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ခွဲခြားဆက်ဆံရခြင်းမှ အကာအကွယ်ရပိုင်ခွင့်) အခြေခံအခွင့်အရေးများနှင့် ချိန်ညှိရန် ကြိုးစားရာ၌ တွေ့ကြုံရသည့် အခက်အခဲများကိုလဲ မှတ်သားသည်။ ရှေ့ဆက်လုပ်ဆောင်ရန် ဆွေးနွေးတိုင်ပင်မှုများကို ဗဟိုပြုသည်။ အထူးသဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများ အကြား ပူးပေါင်းလုပ်ဆောင်မှုပါဝင်သည့် ပိုမိုခြုံငုံမိသော ဖြေရှင်းမှုကို စဉ်းစားနိုင်ရန် ဥပဒေအခြေပြု ကန့်သတ်ချက်များကို ကျော်လွန်ရပေမည်။ ဤဆွေးနွေးမှု အပိုင်းကို မြောက်များလှစွာသော လူ့အခွင့်အရေး လုပ်ဆောင်သူများ၏ လမ်းညွှန်ချက်ဖြင့် ထည့်သွင်းထားသည်။ ဥပမာ –
ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နာရုံး (OHCHR) ကိုကိုယ်စားပြုသည့် အထူးကိုယ်စားလှယ်က အမုန်းစကားကို ဗျူဟာကျကျ တုန့်ပြန်သည့်နည်းလမ်းသည် လွတ်လပ်စွာပြောဆိုခွင့်ပင်ဖြစ်သည်ဟုအကြံပြုသည်။ အထူးသဖြင့် နိုင်ငံရေး၊ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ မုန်းတီးမှုများကို တွန်းလှန်တိုက်ဖျက်ရန် လူသားတိုင်း လွတ်လပ်စွာထုတ်ဖော်ခွင့်ကို အာမခံချက်ပေးရမည်။[၉၀]

> **အမုန်းစကားများကို လွတ်လပ်စွာပြောဆိုခွင့် ပိုမိုပေးခြင်းဖြင့် တွန်းလှန်ခြင်း**
>
> "အမုန်းစကားကို နည်းဗျူဟာကျကျ တုန့်ပြန်ခြင်းမှာ လွတ်လပ်စွာပြောဆိုခွင့် – ယဉ်ကျေးမှုများ ကွာခြားမှုအကြောင်း အသိပညာပေးသည့် ပြောစကားများ ၊ မတူကွဲပြားမှုကို တိုးမြှင့်ပေးသည့် ပြောစကားများ၊ ဥပမာ – လူနည်းစုများအနေဖြင့် ရပ်ရွာအခြေပြု မီဒီယာများ၏ အထောက်အကူနှင့် ပင်မမီဒီယာတွင် ၎င်းတို့၏ ပါဝင်မှုများမှတစ်ဆင့် ၎င်းတို့အသံကို ထုတ်ဖော်စေရန် နှင့် ၎င်းတို့ကို တွန်းအားပေးသည့် ပြောစကားများ စသည်တို့ကို ပိုမိုပေးခြင်းဖြစ်သည်။ ပြောဆိုခွင့်များ ပိုမိုလာခြင်းက တစ်ဦးချင်းဆီသို့ ၎င်းတို့ ပြုလုပ်ပုံ သက်သက်သာမက တွေးတောပုံကိုပါ ပြောင်းလဲစေနိုင်သည့် ထိရောက်သော အကောင်းဆုံးနည်းဗျူဟာဖြစ်နိုင်သည်။"
>
> [ကိုးကား – နိုင်ငံရေး ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး မုန်းတီးမှုများ တားမြစ်ရေးဆိုင်ရာ OHCHR ကျွမ်းကျင်သူအလုပ်ရုံဆွေးနွေးပွဲ ၊ အထူးကိုယ်စားလှယ်များ ပူးတွဲတင်သွင်းချက်၊ ဇူလိုင် ၆ – ၇၊ ၂၀၁၁၊ ဘန်ကောက်၊ ထိုင်းနိုင်ငံ]

အစိုးရမဟုတ်သည့် ဗြိတိလျှ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော အာတီကယ်လ် (၁၉) က နိုင်ငံအစိုးရများကို အမုန်းစကားများကို တွန်းလှန်တိုက်ဖျက်နိုင်ရန် တားဆီးကန့်သတ်သည့် နည်းလမ်းထက် "တန်းတူညီမျှခွင့်ကို အာမခံချက် ပေးရန်၊ အကောင်အထည်ဖော်ရန် ၊ မတူကွဲပြားမှု နှင့် အမျိုးအစားများပြားစုံလင်မှုကို တိုးမြှင့်ပေးသော အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများ ချမှတ်လုပ်ဆောင်ရန်၊ ဆက်သွယ်ရေးနည်းလမ်းများကို အားလုံးအသုံးပြုနိုင်စေရေး ပံ့ပိုးပေးရန်နှင့် သတင်းအချက်အလက်ရရှိပိုင်ခွင့်ကို အာမခံချက်ပေးရန်စသည့်ဖြင့်" ပိုမိုကျယ်ပြန့်သည့် နည်းလမ်းများ အသုံးပြုရန် တောင်းဆိုလိုက်သည်။[၉၁]

ဥရောပကောင်စီနိုင်ငံတော်အဆင့် လူနည်းစုများ အကာအကွယ်ပေးရေး ဆိုင်ရာ လုပ်ဆောင်ချက် နှင့် မူဘောင်များ သဘောတူညီချက်အစီအစဉ် ဒါဗန်ကြေညာစာတမ်းသည်လည်း ခွဲခြားဆက်ဆံမှုနှင့် အမုန်းစကားများ တိုက်ဖျက်ရာတွင် ပြောဆိုခွင့်ကို ပိုမို မြှင့်တင်ပေးသည်။ အထူးသဖြင့် အမုန်းစကား နှင့် မုန်းတီးရန် သွေးထိုးလှုံ့ဆော်မှုများ တားမြစ်ကန့်သတ်ခြင်းသည် ခိုင်မာသည့် ဝေဖန်အကြံပြုချက်များကို အတားအဆီး မဖြစ်စေသင့်ပဲ အမုန်းတရားကို တိုးပွားစေသည့် ဆိုးရွားသော လှုံ့ဆော်မှုများကိုသာ ဟန့်တားသင့်သည်။[၉၂]

---

[၉၀] See: http://www2.ohchr.org/english/issues/opinion/articles1920_iccpr/docs/expert_papers_Bangkok/ SRSubmissionBangkokWorkshop.pdf

[၉၁] Sim Kok Eng, p. 21.

[၉၂] http://www.un.org/en/durbanreview2009/ddpa.shtml; https://rm.coe.int/CoERMPublicCommonSearchServices/ DisplayDCTMContent?documentId=09000016800c10cf

ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (OSCE) အဖွဲ့ဝင် နိုင်ငံများအတွင်း အမျိုးမျိုးသော နိုင်ငံတကာ နှင့် ဒေသတွင်း လူ့အခွင့်အရေး သဘောတူစာချုပ်များအရ စောင့်ထိန်းရမည့် တာဝန်များကိုဖွင့်ဆိုမှုမှာ ကွဲပြားခြားနားသည်။ နိုင်ငံတစ်ခုတွင် တားမြစ်ကန့်သတ်ထားသည့် ပြောဆိုမှုအမျိုးအစားသည် အခြားနိုင်ငံတစ်ခုတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အဖြစ် အကာအကွယ်ပေးရမည်ဟု သတ်မှတ်သည်။[၉၃] ယင်းအချက်ကြောင့်ပင် OSCE ဝန်ကြီးဌာနများကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၀/၀၅ က "ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန် လွတ်လပ်စွာ ပြောဆိုခွင့်ကို ဘက်ညီစွာ ပံ့ပိုးပေးသကဲ့သို့ အထူးသဖြင့် နိုင်ငံရေး ဆက်သွယ်ပြောဆိုမှုအခြေအနေများတွင် [ရည်ညွှန်းချက် ထည့်သွင်းရန်] အမုန်းဖြင့် လုပ်ဆောင်မှု နှင့် ထုတ်ဖော်ပြသမှုမုန်သမျှကို တစ်သမတ်တည်း ခြွင်းချက်မရှိ ထုတ်ဖော်ကန့်ကွက်ရန်" လိုအပ်မှုကို ထောက်ပြခဲ့သည်။[၉၄]

နောက်လာမည့်အခန်းတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များ ၎င်းတို့၏အဖွဲ့အစည်းတွင်း လိုက်နာနိုင်မည့် ထပ်လောင်းနည်း ဗျူဟာများ နှင့် ရွေးကောက်ပွဲဆိုင်ရာ ပတ်သက်သူအားလုံး နှင့်ဆက်စပ် ကွန်ယက်များတစ်လျှောက် ဖော်ထုတ်သွားမည်။

[၉၃] Preventing and Responding to Hate Crimes, p. 54.

[၉၄] http://www.osce.org/mc/17462?download=true

## ၈။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ၌ အမုန်းစကားကို တိုက်ဖျက်ရန် နည်းဗျူဟာများ

ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့နှင့် ရွေးကောက်ပွဲဆိုင်ရာ ပုဂ္ဂိုလ်များ ဘာလုပ်နိုင်သနည်း။

ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့နှင့် ရွေးကောက်ပွဲဆိုင်ရာ ပုဂ္ဂိုလ်များက ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် အမုန်းစကား နှင့် မုန်းတီးရန် လှုံ့ဆော်မှုများကို ထိန်းချုပ်နိုင်သည့် နည်းဗျူဟာများစွာရှိသည်။ အဆိုပြုနည်းဗျူဟာများတွင် စည်းမျဉ်းစည်းကမ်း အခြေပြုတားမြစ်ကန့်သတ်ချက်များသာမက အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများပါဝင်သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များနှင့်သာ သက်ဆိုင်သည့် တာဝန်ဝတ္တရားများနှင့် လုပ်ငန်းဆောင်တာများရှိပြီး ၎င်းတို့သာလျှင် လုပ်ဆောင်နိုင်သကဲ့သို့ အမုန်းစကားများတားဆီးရာတွင် မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ တစ်ဦးတည်း တစ်ဖွဲ့တည်း ဖြင့် အောင်မြင်စွာလုပ်ဆောင်နိုင်ခြင်း မရှိနိုင်ပေ။

### ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်လုပ်ဆောင်ခြင်း

ပူးပေါင်းလုပ်ဆောင်ရန် လမ်းဖောက်ခြင်းသည် ဗျူဟာကျကျပူးပေါင်းခြင်းနှင့် မဟာမိတ်ဖွဲ့ခြင်း ၊ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ရှိရင်းစွဲလုပ်ပိုင်ခွင့်များ၊ လုပ်နိုင်စွမ်းများနှင့် အရင်းအမြစ်များကို ညှိနှိုင်းရခြင်းစသည်တို့အပေါ် မူတည်သည်။ အချုပ်အားဖြင့်ဆိုရလျှင် အမုန်းစကားကို တိုက်ဖျက်ရာတွင် ပိုမိုကျယ်ပြန့်သည့် ပမာဏ၊ ခြုံငုံမှု နှင့် ကြိုးပမ်းအားထုတ်မှု၏ ရေရှည် တည်တံ့သော အောင်မြင်မှုရရှိစေရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် ပြင်ပပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းလုပ် ဆောင်ရန် လိုအပ်သည်။

> **နည်းဗျူဟာကျကျ ထိရောက်မှု**
>
> ဂျော့ချ်တောင်း တက္ကသိုလ်က မကြာသေးခင်က ပြုလုပ်ခဲ့သော လေ့လာမှုအရ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက နည်းလမ်းများ စနစ်တကျ ပေါင်းစည်းလုပ်ဆောင်သည့် အခါ ရွေးကောက်ပွဲကာလ အကြမ်းဖက်မှုကို ပိုမိုထိရောက်စွာ တိုက်ဖျက်နိုင်သည်ကို တွေ့ရသည်။
>
> [ကိုးကား – https://government. georgetown.edu/sites/government/files/Georgetown%20-%20USAID%20Electoral%20Violence%20Study.pdf, p. 33]

အမုန်းစကားတိုက်ဖျက်ရေး လုပ်ဆောင်မှုများ ပြုလုပ်ရာတွင် အစိုးရ အဖွဲ့ပုဂ္ဂိုလ်များနှင့် ပြင်ပ အေဂျင်စီများအကြား ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ချင်သော သို့မဟုတ် ပြုလုပ်ရန်လိုအပ်သော အဖွဲ့အစည်းများမှာ -

- ပြည်ထဲရေး ဝန်ကြီးဌာန/ ရဲ
- အစိုးရဥပဒေအရာရှိရုံးများနှင့် တရားရုံးများ
- လူ့အခွင့်အရေး ကော်မရှင် / နစ်နာမှုများ တိုင်ကြားရေး အရာရှိရုံးများ
- လူနည်းစုများ သို့မဟုတ် အမျိုးဘာသာတူ အုပ်စုများအကြား ဆက်ဆံရေးနှင့် သက်ဆိုင်သော အစိုးရဌာနများ
- နိုင်ငံပိုင် မီဒီယာ
- မီဒီယာကောင်စီ နှင့် ကြီးကြပ်ရေး အဖွဲ့များ
- ပညာရေး ဝန်ကြီးဌာန
- အစိုးရအာဏာပိုင်အဆင့်ဆင့်
- အထူးကော်မရှင် (ဥပမာ – ငြိမ်းချမ်းရေး သဘောတူစာချုပ်ပါ အချက်အလက်များကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် ကော်မရှင်များ)
- အမျိုးသမီး ရေးရာဝန်ကြီးဌာန

ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့သည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့လုပ်ဆောင်ရန်လိုအပ်မည်။ အမုန်းစကားကို တိုက် ဖျက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ အောက်ဖော်ပြပါ အချက်အလက်များကို အာတီကယ်ရ် ၁၉ မှ ထုတ်ဝေသော အမုန်းစကားရှင်းပြခြင်း လက်စွဲ စာအုပ်မှ ထုတ်နုတ်ထားခြင်း ဖြစ်ပါသည်။[၉၅]

[၉၅] Hate Speech Explained: A Toolkit by Article 19, p. 57.

- လူ့အခွင့်အရေးကို တိုးမြှင့်ခြင်းနှင့် ကာကွယ်ခြင်းပြုလုပ်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် ကွဲပြားသည့် အုပ်စုများအကြား အပြန်အလှန် ဆွေးနွေးပြောဆိုမှုများ ပြုလုပ်လာအောင် စုစည်းပေးနိုင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ ထက်ပို၍ ရင်းနှီးဖော်ရွေပြီး လွတ်လွတ်လပ်လပ်ရှိသည့် အပြန်အလှန်ဆက်သွယ်မှုများကို အထောက်အပံ့ပြုနိုင်စွမ်းရှိသည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် အမုန်းစကားနှင့် အကြမ်းဖက်မှုတို့၏ ဆိုးကျိုးကို ခံစားရသော အုပ်စုများကို ကိုယ်စားပြုခြင်း၊ အထောက်အကူပေးခြင်း စသည်တို့ကို လုပ်ဆောင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များ ရောက်ရှိနိုင်စွမ်း မရှိသည့် အောက်ခြေလူတန်းစား ပြည်သူများ၏ ကွန်ယက်နှင့် လူ့အဖွဲ့အစည်းများကို ဆက်သွယ်ပေါင်းကူးပေးနိုင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် အမုန်းစကားကို တိုက်ဖျက်ရာတွင် ထိုးဖောက်တွေးခေါ်ခြင်းနှင့် ဆန်းသစ်သည့် နည်းလမ်းများ သယ်ဆောင်လာနိုင်သည်။
- အရပ်ဘက်အဖွဲ့အစည်းများသည် အမုန်းစကားများ တိုက်ဖျက်ရာတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ ထက်ပိုမို၍ ရွေးချယ်စရာများ နှင့် အခွင့်အလမ်းများ ပိုမိုများပြားသည်။
- အစိုးရ ဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍတို့သည် ၎င်းတို့၏ စွမ်းဆောင်နိုင်စွမ်း အသီးသီးနှင့် ရင်းမြစ်များကို ညှိနှိုင်း၍ ပိုမိုကြီးမားကျယ်ပြန့်သည့် အောင်မြင်မှု ရလဒ်များ ရရှိနိုင်သည်။ ဤသို့ဆိုလျှင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့သည် မည်သို့သော မဟာဗျူဟာများနှင့် လုပ်ဆောင်မှုများ ပြုလုပ်နိုင်သနည်း။

## ကောင်းသော အမူအကျင့်များကို ရှေ့ဆောင်ပြုခြင်း

မည်သည့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အတွက်မဆို အခြေခံလုပ်ဆောင်ရမည့် အချက်သည် အဖွဲ့အစည်းတစ်ခုအနေဖြင့် (အဖွဲ့ဝင်များ နှင့် အဆင့်လိုက် ဝန်ထမ်းများအပါအဝင်) မည်သူတစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုတစ်စုကိုမျှ ခွဲခြားဆက်ဆံမှု သို့မဟုတ် အမုန်းစကားပြောဆိုခြင်း လုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိစေရပါ။ ယင်းတို့တွင် -

- ဌာနတွင်း လူ့အရင်းအမြစ် စီမံခန့်ခွဲရေး လုပ်ဆောင်မှုများ (ဝန်ထမ်းရွေးချယ် ခန့်အပ်ခြင်း၊ လစာ ပေးခြင်း၊ အရေးယူခြင်းနှင့် အလုပ်မှ နုတ်ပယ်ခြင်း)
- ဝန်ထမ်းများအကြား ဌာနတွင်း ဆက်သွယ်ရေးနှင့် အပြန်အလှန် လုပ်ဆောင်မှုများ
- ပြင်ပဆက်သွယ်ရေး - အများပြည်သူနှင့်ထိတွေ့ဆက်ဆံခြင်း၊ တိုက်ရိုက်ဆက်သွယ်ခြင်း သို့မဟုတ် မီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်ခြင်း စသည်မည်သည့်နည်းလမ်းဖြင့်မဆို ဆက်သွယ်ဆောင်ရွက်မှုများ
- တောင်းဆိုလာမှုများအား ကိုင်တွယ်ဖြေရှင်းခြင်း နှင့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ပတ်သက်သည့် ဝန်ဆောင်မှု ပေးအပ်ခြင်း (ဥပမာ - မဲပေးသူ စာရင်းသွင်းခြင်း ၊ ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်း ၊ ပုံမှန် သို့မဟုတ် အထူးမဲပေးခွင့် ဝန်ဆောင်မှုများ စသည်)
- ရင်းမြစ်များ နေရာချထားခြင်း (ဥပမာ - ဥပဒေနှင့်အညီ စည်းရုံးရေး လှုပ်ရှားမှုများအား ငွေကြေးထောက်ပံ့ခြင်း သို့မဟုတ် အသံလွှင့်ရန် အချိန်ပေးခြင်း)
- စည်းကမ်းများချမှတ်ခြင်း သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် စည်းရုံးခြင်း (ဥပမာ - မဲပေးခွင့် ၊ အများပြည်သူပါဝင်မှု ၊ စည်းရုံးလှုံ့ဆော်ခြင်း၊ မီဒီယာ နှင့် ရွေးကောက်ပွဲများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ)
- အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များ၊ မဲပေးသူ ပညာပေး သတင်းစကားများနှင့် ထုတ်ဝေစာများ တင်ပြခြင်း နှင့် ဖြန့်ဝေခြင်း၊
- စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် တိုင်ကြားမှု ၊ အယူခံမှု နှင့် ပြစ်ဒဏ်ချမှတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊
- ကျားမရေးရာ တန်းတူညီမျှမှု နှင့် အားလုံးပါဝင်သည့် မူဝါဒတစ်ရပ်နှင့် ဌာနတစ်ခု တည်ထောင်ခြင်း။

ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ အပါအဝင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့ဌာနဆိုင်ရာ ကိစ္စရပ်များကို ပွင့်လင်းမြင်သာမှုရှိရှိ နှင့် အများပြည်သူသတင်းအချက်အလက် တစ်ပြေးညီတည်းရယူနိုင်မှုရှိစေရန် လုပ်ဆောင်သင့်သည်။ ပွင့်လင်း

မြင်သာစွာ လုပ်ဆောင်ခြင်းဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ အနေဖြင့် အခြားသူများက အုပ်စုအမှတ်လက္ခဏာများကို အလွဲသုံးစား အသုံးပြုရန် အားထုတ်မှုများ၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လူနည်းစု အုပ်စုများကို ဖယ်ထုတ်ခြင်း ၊ ပစ်မှတ်ထား တိုက်ခိုက်ခြင်းများကို ရှုံ့ချကန့်ကွက် တားဆီးနိုင်ပေမည်။[၉၆]

ကောင်းသော အပြုအမူများကို စံပြပြုလုပ်ပေးနိုင်ရန် နှင့် မျက်နှာပန်းလှစေရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များသည် ၎င်းတို့၏ ဝန်ထမ်းများကို ခွဲခြားဆက်ဆံခြင်းနှင့်/သို့မဟုတ် အမုန်းစကားဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ၊ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့် ပြည်တွင်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဌာနတွင်း သင်တန်းများပို့ချရန် (အောက်တွင် ထပ်မံဖော်ပြထားသည်) လိုအပ်ကောင်းလိုအပ်ပေမည်။ ရွေးကောက်ပွဲဆိုင်ရာအရာရှိများ လိုက်နာရန်ကျင့်ဝတ်များနှင့် ပြည်သူ့ဝန်ဆောင်မှု သတ်မှတ်ချက်များ၊ လိုက်နာရန်လမ်းညွှန်ချက်များ ရှိရမည့်အပြင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များသည် ခွဲခြားဆက်ဆံမှုနှင့် အမုန်းစကားဆိုင်ရာ ကိစ္စရပ်များကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းသင့်သည်။

## ခွဲခြားဆက်ဆံမှု နှင့် မုန်းတီးမှုများကို ဆောလျှင်စွာ ထုတ်ဖော်ကန့်ကွက်ပါ

ပြည်သူ့ဝန်ထမ်းများဖြစ်သည့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် ထုတ်ဖော်ပြောဆိုနိုင်ရန် လမ်းကြောင်း တစ်ခုရှိနေပြီး ယင်းမှတစ်ဆင့် အများပြည်သူနှင့် အဓိက ပါဝင်ပတ်သက်သူများကို အမုန်းစကား နှင့် အမုန်းတရားဖြစ်ပေါ်စေ သည့် သွေးထိုးလှုံ့ဆော်မှုများအကြောင်း အသိပေးနိုင်သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ ခေါင်းဆောင်များသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးကာလ လှုပ်ရှားမှုများတွင် အမုန်းစကားသုံးစွဲမှုများ ရှိပါက ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိသကဲ့သို့ ထုတ်ဖော်ကန့်ကွက်ပြောဆိုရမည်။ ယင်းသို့ ထုတ်ဖော်ပြောဆိုခြင်းဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ ခေါင်းဆောင်များသည် အမုန်းစကားနှင့် ယင်းတို့၏ အကျိုးဆက်များကို အများပြည်သူသိရှိစေရန် အမြင်ဖွင့်ပေးသကဲ့သို့ အများပြည်သူများ တုန့်ပြန်လာစေရန် စည်းရုံးပြီးသား ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ခေါင်းဆောင်များသည် ရွေးကောက်ပွဲ ပါဝင်ပတ်သက်သူများအား ရွေးကောက်ခံဒီမိုကရေစီ စနစ်အပေါ် အမုန်းစကား၏ အဖျက်အမှောင့်အန္တရာယ်များကို ရှင်းပြနိုင်စွမ်းရှိသူများဖြစ်သည်။

ယင်းသို့ပြုလုပ်နိုင်ရန် အမုန်းစကားများ ပေါ်ပေါက်လာပါက သတိပြုနိုင်စွမ်းရှိရန်လိုအပ်ပြီး ပေါ်ပေါက်လာပါက ယင်းသို့သုံးနှုန်း ပြောဆိုခြင်းကို တရားဝင်ကန့်ကွက်ပြောဆိုနိုင်မည့် နိုင်ငံရေးဆန္ဒ ရှိရန်လည်း လိုအပ်သည်။ ထိုမျှသာမက လူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး ၊ ခွဲခြားဆက်ဆံခြင်း ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တရားသဖြင့် ကန့်သတ်နိုင်သည့် အခြေအနေများ စသည့် နိုင်ငံတကာ စံသတ်မှတ်ချက်များ၊ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်း ဥပဒေပြဋ္ဌာန်းချက်များကို အကျွမ်းတဝင် နားလည်သိရှိရန်လိုအပ်သည်။ ရှုပ်ထွေးမှုများ ပိုမိုဆိုးရွားခြင်း မရှိစေရန် သက်ဆိုင်ရာ ဥပဒေဖွင့်ဆိုချက်များ (ဥပမာ - အမုန်းစကားနှင့် မုန်းတီးစေရန် သွေးထိုးလှုံ့ဆော်မှုများ) ကို နားလည်သိရှိပြီး တစ်သမတ်တည်း သုံးစွဲရန်လိုအပ်သည်။

> **အကောင်းဆုံးအပြုအမူများကို စံပြုလုပ်ဆောင်ခြင်းနှင့် ထုတ်ဖော်ကန့်ကွက်ခြင်း**
>
> "ပြည်သူ့ဝန်ထမ်း အရာရှိများအား ခွဲခြားဆက်ဆံမှုကို အားပေးသော သို့မဟုတ် တန်းတူညီမျှမှုကို ထိခိုက်စေသော ထုတ်ဖော်ပြောဆိုမှုများကို ရှောင်ရှားရန် မည်မျှအရေးကြီးသည်ကို ညွှန်ကြားထားသင့်သည်။ "အမုန်းစကား" အပါအဝင် အကြမ်းဖက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း ကိုအသေးအဖွဲသဖွယ် သဘောထားခြင်း၏ အန္တရာယ်ကြီးပုံ နှင့် ယင်းတို့ကို ထုတ်ဖော်ကန့်ကွက်ရန် ပျက်ကွက်ခြင်းသည် ယင်းတို့အား ထောက်ခံအားပေးသည်ဟု အဓိပ္ပာယ်သက်ရောက်စေနိုင်မှုများကို နားလည်ရမည်ဖြစ်သည်။"
>
> [ကိုးကား - အမုန်းစကား ရှင်းပြခြင်း လက်စွဲစာအုပ် (2015 edition) prepared by Article 19, p. 50]

ဥပမာအားဖြင့် ဂိုင်ယာနာ ရွေးကောက်ပွဲကော်မရှင် (GECOM's) ၏ သတင်းမီဒီယာစောင့်ကြည့်ရေး ဌာနခွဲ ပြန်လည်ဖွင့်လှစ်ရာတွင် ဥက္ကဋ္ဌ ဒေါက်တာ စတိဗ်ဆုရက်ဘယ်လီ (Dr. Steve Surujbally ) က -

"ဒီနှစ်အစောပိုင်းမှာ၊ ၂၀၁၁ အထွေထွေနဲ့ ဒေသအလိုက် ရွေးကောက်ပွဲတွေနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ မီဒီယာတွေအပါအဝင် ပုံနှိပ်နှင့် အီလက်ထရောနစ်မီဒီယာတွေ မှာ သွေးထိုးလှုံ့ဆော်တဲ့ ဆောင်းပါးတွေ ၊ မှတ်ချက်စကားတွေ တွေ့နေခဲ့ရပါတယ်။ အချို့ဖော်ပြမှုတွေဟာ ပဋိပက္ခဖြစ်စေတဲ့ အကြောင်းအရာတွေ ဖြစ်နေတာကို တွေ့ရတယ်။ ဒါဟာ နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့်

[၉၆] Hate Speech Explained: A Toolkit (2015 edition) prepared by Article 19, p. 49. 22

အေးချမ်းတည်ငြိမ်ရေး အတွက် စောင့်ထိန်းရမည့်အရာတွေဖြစ်တယ်ဆိုတာ လူတိုင်း သတိပြုဖို့ လိုအပ်ပါတယ်။ GECOM အနေနဲ့ကျနော်တို့ လုပ်ငန်းတာဝန်ဖြစ်တဲ့ ရွေးကောက်ပွဲမှာ အကြမ်းဖက်မှု ၊ ရန်လိုမှုတွေ ပြည့်နှက်နေတဲ့ အခင်းအကျင်းမျိုးမဖြစ်စေဖို့ အလေးအနက် ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။[၉၇]

ဂါနာ သတင်းထောက်များ အစည်းအရုံး၏ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သောမိန့်ခွန်းတွင် ဂါနာရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ၊ မစ္စ ရှားလော့ အိုစီက ဂါနီးယန်း ရေဒီယိုနှင့် အွန်လိုင်းများမှ အမုန်းတရားနှင့် သွေးထိုးလှုံ့ဆော်မှုများ ပြည့်နှက်နေသည့် ထုတ်လွှင့်မှုများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ မစ္စအိုစီက မီဒီယာများကို လှိုက်လှဲစွာ တောင်းဆိုမှုပြုခဲ့သည်မှာ -

"သတင်းထောက်တွေဟာ စက်ရုံကအဆက်မပြတ်လည်ပတ်နေတဲ့ စက်ခါးပတ်တွေထက် အဆမတန်အင်အားကြီးမားတဲ့ သူတွေပါ။ နားဆင်သူတွေ၊ ကြည့်ရှုသူ ၊ စာဖတ်သူပရိသတ်တွေကို အဆက်မပြတ်သတင်းတွေ ထပ်ဆင့်ဖြန့်ဝေပေးနေကြပါတယ်။ ကျွန်မတို့က သတင်းစကားတွေကို ထပ်ဆင့်ဖြန့်ဝေရုံတင် ကျေနပ်နေလို့ မရတော့တဲ့ အခြေအနေပါ။ ကျွန်မတို့ နိုင်ငံရေး အာဏာအတွက် တိုက်ပွဲဝင်တုန်းကလိုပဲ တိုင်းပြည်ငြိမ်းချမ်းရေး နှင့် တည်ငြိမ်အေးချမ်းရေးအတွက် တစ်စုတစည်းတည်း စုပေါင်းတိုက်ပွဲဝင်ရမယ့် အချိန်ရောက်နေပါပြီ။[၉၈]

ကင်ညာနိုင်ငံတွင် နိုင်ငံတော် သဟဇာတဖြစ်ရေးနှင့် ယှဉ်တွဲနေထိုင်ရေးကော်မရှင် (NCIC) က ၂၀၁၇ ခုနှစ် ဇူလိုင် လ၁၄ ရက်နေ့ တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဒေသန္တရ ရေဒီယိုအသံလွှင့်ရုံများ နှင့် လူမှုကွန်ယက်မီဒီယာတို့တွင် တိုင်းရင်းသား အရေး ၊ နိုင်ငံရေး သဘောထားတင်းမာမှုများ နှင့် အမုန်းစကားများ တစ်ဟုန်ထိုး များပြားလာမှုကို စိုးရိမ်ပူပန်ကြောင်း ပြောဆိုခဲ့သည်။ လူမှုကွန်ယက်မီဒီယာပေါ်တွင် အမုန်းစကားများ ဖြန့်ဝေနေသည့် စာမျက်နှာအရေအတွက် ၁၇၆ ခုကို NCIC ကဖော်ထုတ် ခဲ့သည်။ NCIC က ယင်းသတင်းစာမျက်နှာများကို စီမံကိုင်တွယ်နေသည့်သူများအနေဖြင့် တာဝန်ခံရမည်ဟု သတိပေးခဲ့သည်။ NCIC က နိုင်ငံတစ်ဝှမ်းရှိ တရားရုံးများတွင် တရားစွဲဆိုတင်ပို့ထားသည့် အမှု အရေအတွက် ၃၁ ခုရှိကြောင်း ၊ စုံစမ်းစစ်ဆေးဆဲ အမှု ၃၀ ရှိကြောင်းတင်ပြခဲ့သည်။ ယခုစာအုပ်ကို ရေးသားနေစဉ်တွင် ၉ မှုကို စစ်ဆေးပြီးဖြစ်သည်။ သုံးမှုကို တရားရုံးသို့ တင်ပို့ထားပြီး တရားစွဲခံရသူများ အာမခံဖြင့် တရားရင်ဆိုင်နေရသည်။[၉၉]

အမုန်းစကားတိုက်ဖျက်ရန် ထိရောက်သော မဟာဗျူဟာများ

ထိရောက် အသုံးဝင်သည် -

- အကျိုးဆက်ကို သတိပေးခြင်း
- ထုတ်ဖော်ရှုံ့ချခြင်း နှင့် အမည်တံဆိပ်တပ်ခြင်း
- သနားညှာတာမှုနှင့် လက်တွဲခေါ်ယူခြင်း
- ဟာသ
- ရုပ်ပုံများ

ထိရောက်မှု မရှိ -

- ခက်ထန်သော သို့မဟုတ် ရန်လိုသော လေယူလေသိမ်း၊ ပုတ်ခတ်ပြောဆိုခြင်း
- ထိပါးနှောက်ယှက်ခြင်း နှင့် တိတ်ဆိတ်နေခြင်း

ရောနှော ရလဒ် -

- အချက်အလက်တိုက်ဆိုင် စစ်ဆေးခြင်း (မသိသေး သည့် ပရိသတ်အတွက် ထိရောက်မှုရှိ/ လက်ခံ ယုံကြည်ပြီး သား ပရိသတ်အတွက် ထိရောက်မှု မရှိ)

[ကိုးကား – Benesch, S. et al., Considerations for Successful Counter Speech (2016)]

ထုတ်ဖော်ကန့်ကွက်ပြောဆိုခြင်းဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ခေါင်းဆောင်များသည် သဘောထားမကြီးမှုများ၊ ခွဲခြားဆက်ဆံမှုများ၊ အမုန်းစကား ၊ နှင့် မုန်းတီးစေရန် ၊ အကြမ်းဖက်စေရန် သွေးထိုးလှုံ့ဆော်မှုများအပေါ် ကျယ်ပြန့်သော ဆွေးနွေးမှုပေါ်ပေါက်စေရန် အားပေးရာရောက်သည်။[၁၀၀] ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့၏ကိုယ်ပိုင်စင်မြင့် ၊ ပင်မမီဒီယာ နှင့် အခမ်းအနားများမှ တစ်ဆင့် ပြောဆိုသည်သာမက ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့ ခေါင်းဆောင်များသည် အဆင့်မြင့် အစိုးရဆွေးနွေးပွဲများ ၊ ပူးတွဲဆွေးနွေးပွဲများ (အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲများ) မှလည်း အထက်ပါ တိုက်တွန်းပြောဆိုမှုများကို ပြုလုပ်နိုင်သည်။

[၉၇] Surujbally, p. 1.

[၉၈] Keynote Speech Delivered by Mrs. Charlotte Osei, Chairperson of the Electoral Commission of Ghana, At the 21st

[၉၉] http://cohesion.or.ke/index.php/media-centre/latest-activities/477-hate-mongers-on-social-media-warned

[၁၀၀] Hate Speech Explained, p. 49.

## စုံလင်ကွဲပြားမှုများ ပါဝင်သည့် အများပြည်သူဆိုင်ရာ ဆွေးနွေးပြောဆိုမှုများအတွက် လမ်းဖွင့်ပေးခြင်း

အထက်တွင် ပြဆိုခဲ့ပြီးသည့်အတိုင်း မြောက်များလှစွာသော လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် NGOs များသည် အမုန်းစကားများနှင့် ယင်းတို့၏ သဘောသဘာဝ၊ အသုံးပြုပုံ နှင့် ယင်းတို့ကို တိုက်ဖျက်ရာတွင် ဥပဒေဆိုင်ရာ အကန့်အသတ်များ ကို ထုတ်ဖော်ပြောဆိုနေခဲ့ကြသည်။ ၎င်းတို့ အကြံပြုသည့် ထိရောက်သော ဖြေရှင်းနည်းမှာ အမုန်းစကားများကို လွတ်လပ်စွာပြောဆိုခွင့် ပိုမိုပေးခြင်းဖြင့် တိုက်ဖျက်နိုင်သည် (လွတ်လပ်စွာ ပြောဆိုနိုင်သည့် အခင်းအကျင်းဖန်တီးပေးခြင်းဖြင့် အမုန်းစကားကို တုန့်ပြန်ပြောဆိုမှုများကို အားပေးခြင်း) ဟုဆိုသည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့များသည် နိုင်ငံရေးသမား သို့မဟုတ် ဟောပြောသူတစ်ဦးတစ်ယောက်ကို အရေးပေးသည့်ပုံမဖြစ်စေရန် အထူးသတိထားရမည်ဖြစ်သကဲ့သို့ ရွေးကောက်ပွဲကာလတွင် အများပြည်သူ ဆွေးနွေးပြောဆိုမှုများ နှင့် ကျိုးကြောင်းပြငြင်းခုန်မှုများကို အားပေးနိုင်သည်။ ဥပမာအားဖြင့် –

- ကိုယ်စားလှယ်လောင်းများ၏ စကားနိုင်လုပွဲများ၊ မျက်နှာစုံညီဆွေးနွေးပွဲများ၊ မြို့နယ်လူထုတွေ့ဆုံပွဲပုံစံများ သို့မဟုတ် ကိစ္စရပ်အလိုက် ဆွေးနွေးမှုများကို အားပေးသည့် ပြည်သူ့စကားဝိုင်းများ ကျင်းပပေးခြင်း၊
- အရပ်ဘက် လူမှုအဖွဲ့အစည်းများက အမုန်းစကားနှင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုကာလ သွေးထိုးလှုံ့ဆော်မှုများကို အဓိကထား၍ သဘောထားကြီးမှုများ တိုးပွားလာစေရန် ၊ အများပြည်သူ အသိအမြင်ဖွင့်ပေးခြင်း၊ မဲပေးသူနှင့် ပြည်သူ့အရေး အသိပညာပေးခြင်း၊ အကြောင်းအရာအလိုက် လှုပ်ရှားမှုများ၊ ဖယ်ကျဉ်ခြင်းခံရသည့် အုပ်စုများ ၊ အမျိုးသမီးများနှင့် ဆက်သွယ်ခြင်း၊ အုပ်စုများအကြား ဆွေးနွေးပွဲများ ဦးဆောင်စတင်လုပ်ဆောင်နေကြသည်။

## သင်ကြားရေးအတွက် ဆောင်ရွက်ချက်

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုကာလအတွင်း အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပိုမိုကောင်းမွန်သော မဟာဗျူဟာများ၊ အစီအစဉ်များနှင့် သတင်းစကားများကို ရေးဆွဲရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းများ (ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့) သည် ရွေးကောက်ပွဲနှင့် ပါဝင်ပတ်သက်သူများ အနေဖြင့် အမုန်းစကား အကြောင်း မည်မျှ သိနားလည်သည် ၊ ယင်းတို့က အတွေးခေါ်များနှင့် အပြုအမူများအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိသည်တို့ကို သိရှိနားလည်ရန်လိုအပ်သည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့နိုင်ငံအခြေအနေအလိုက် မည်သည့်တုန့်ပြန်မှု မဟာဗျူဟာက အလုပ်ဖြစ်နိုင်မည်ကို သိရှိထား ရန်လည်း လိုအပ်ပါသည်။ သုတေသနလေ့လာချက်များအရ အဆိုပါကိစ္စရပ်နှစ်ခုစလုံးတွင် နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီကြ ကြောင်း တွေ့ရှိခဲ့ပါသည်။[၁၀၁] အဆိုပါကိစ္စရပ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်း များသည် ၎င်းတို့၏ ကိုယ်တိုင် လုပ်ဆောင်မှုဦးစားပေး သုတေသနများဆောင်ရွက်နိုင်သည် (သို့) အခြားသူများ ဆောင်ရွက်နေသော လေ့လာမှုများတွင် ပါဝင်နိုင်သည်။ ယခုလက်ရှိဆောင်ရွက်နေသော သုတေသနနမူနာများကို အောက်တွင် ဖော်ပြထားပါ သည်။

ကိုဆိုဗိုနိုင်ငံတွင် IFES သည် အမုန်းစကားက တစ်ဦးတစ်ယောက်ချင်းဆီ၏ မဲပေးခြင်း အပြုအမူကို မည်ကဲ့သို့ လွှမ်းမိုးနိုင်ကြောင်းကို သိရှိနိုင်ရန် စေ့းကွက်သုတေသနအခြေခံ နည်းလမ်းကို အသုံးပြုခဲ့ပါသည်။[၁၀၂] အဆိုပါ လေ့လာမှုတွင် အထူးသဖြင့် လူငယ်များ အမုန်းစကားအဓိပ္ပာယ်အပေါ် ထင်မြင်ယူဆချက်၊ အမုန်းစကားကို မည်သည့်နေရာတွင် မည်သူကအသုံးပြုသည်၊ အမုန်းစကား သည် ၎င်းတို့၏ စိတ်ခံစားချက်များနှင့် အပြုအမူများကို မည်ကဲ့သို့ လွှမ်းမိုးကြောင်းကို လေ့လာခဲ့ပါသည်။ ယေဘူယျအားဖြင့် အုပ်စုဖွဲ့ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေး သူများသည် အမုန်းစကားဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု သို့မဟုတ် နိုင်ငံရေးပါတီ အဖွဲ့ဝင်ဖြစ်ခြင်းတို့ကို အခြေခံ၍ တစ်စုံတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို စိတ်ထိခိုက်စေရန်၊ အရှက်ရစေရန် သို့မဟုတ် ဖိနှိပ်ခွဲခြား ဆက်ဆံရန် အသုံးပြုသော ဘာသာစကားဖော်ပြချက်များပါဝင်ကြောင်း လက်ခံထားကြပါသည်။ အုပ်စုဖွဲ့ ဆွေးနွေးပွဲ ၆ခုစလုံးမှ တူညီသော လေ့လာတွေ့ရှိချက်မှာ နိုင်ငံရေးသမားများသည် အမုန်းစကားကို အများဆုံးအသုံးပြုသည့် အဖွဲ့ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ယေဘူယျအားဖြင့် ပါဝင်ဆွေးနွေးသူများက အမုန်းစကားသည် ယနေ့ခေတ်တွင် အလွန်ပျံ့နှံ့လျက်ရှိပြီး ၎င်းတို့သည် တီဗွီ၊ ဆိုရှယ်မီဒီယာ၊ သတင်းများနှင့် ဆန္ဒပြပွဲများမှ တစ်ဆင့် အမုန်း စကားကို နေ့စဉ် ထိတွေ့လျက်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ နောက်ဆုံးတွင် နိုင်ငံရေးခေါင်းဆောင်များသည် ၎င်းတို့၏ နိုင်ငံရေးအတိုက်အခံအဖွဲ့များ သို့မဟုတ် အခြားအဖွဲ့များအပေါ် အမုန်းစကားများ ပြောကြားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ မက်လုံးများရှိကြသည်ဟု ပါဝင်ဆွေးနွေးသူများက ယူဆခဲ့ကြပါသည်။ ကိုဆိုဗိုနိုင်ငံ အခြေအနေအရ ကြည့်မည်ဆိုလျှင် အုပ်စုဖွဲ့ဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးသောလူငယ်များသည် အမုန်းစကား အသုံးပြုမှုအပေါ်ပြစ်တင်ရှုံ့ချကြပြီး အမုန်းစကားပြောကြားသော ကိုယ်စားလှယ်ကို မဲပေးချင်စိတ် နည်းပါးကြောင်း ပြောကြားခဲ့ကြပါသည်။

---

[၁၀၁] See: http://www.bricks-project.eu/wp/wp-content/uploads/2016/10/relazione_bricks_eng2-1.pdf

[၁၀၂] The study utilized a small number of focus groups to provide qualitative rather than quantitative data.

ကင်ညာနိုင်ငံ ပင်မသတင်းအချက်အလက် ဆက်သွယ်ရေး အဖွဲ့မှ သုတေသနပညာရှင်များက တက်သစ်စ သတင်းထောက်များ အမုန်းစကားကို မည်ကဲ့သို့နားလည်ကြောင်း လေ့လာရန်အတွက် စစ်တမ်းများ နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုသူများက အမုန်းစကားဆိုသည်မှာ အခြားသူများကို အကြမ်းဖက်မှုများနှင့် ဖိနှိပ်ခွဲခြားဆက်ဆံနေခြင်းများပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် သွေးထိုးလှုံ့ဆော်သောကိစ္စရပ်များ ပါဝင်သည်ဟု ဖြေဆိုခဲ့သည်။ အများစုက ကင်ညာနိုင်ငံတွင် အမုန်းစကားကို တားမြစ်သည့် ဥပဒေများ ရှိကြောင်း သိရှိကြသော်လည်း မည်သည့် ဥပဒေ၊ ပြဋ္ဌာန်းချက်များဆိုသည်ကို အတိအကျ ပြောပြနိုင်ခြင်း မရှိပါ။ အများစုက အမုန်းစကားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် ၎င်းတို့၏ အလုပ်ကို "အဟန့်အတား" ဖြစ်စေနိုင်မည်ဟု ယူဆကြပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်း၊ သတင်းအချက်အလက်များ ထိမ်ချန်ထားခြင်း၊ သတင်းအချက်အလက်များကို မည်သို့ထုတ်လုပ် တင်ဆက်ရမည် စသည့် ကန့်သတ်ခြင်း(အကယ်၍ ဖြစ်ခဲ့လျှင်)၊ မီဒီယာကဏ္ဍတွင် ထိရှလွယ်သော ခေါင်းစဉ်များကို မည်သို့တင်ပြရမည်ဆိုသည့် အငြင်းပွားမှုများ၊ မျှတမှုမရှိသော သို့မဟုတ် မတိကျသော သတင်းရေးသားထုတ်ပြန်ခြင်းနှင့် တရားစွဲဆိုခံရနိုင်ခြေများစသည်တို့နှင့် ပတ်သက်၍ စိုးရိမ်မှုများပြောကြားခဲ့ကြသည်။ ဖြေဆိုသူအချို့ကမူ အဆိုပါဥပဒေပြဋ္ဌာန်းမှုများ၏ ရရှိလာနိုင်သော ကောင်းကျိုးများ ဥပမာ – သတင်းထောက်များသည် သတင်း အချက် အလက်များ ထုတ်ပြန်ရာတွင် တိကျမှု၊ သတိရှိမှုနှင့် စေ့စပ်သေချာမှုရှိရန်လိုအပ်ခြင်းနှင့် မိမိတို့အလုပ်အကိုင်၏ ကျွမ်းကျင်ပိုင်နိုင်မှု စံနှုန်းမြင့်မားစေခြင်းစသော အကျိုးကျေးဇူးများ ရှိနိုင်ကြောင်း ဖြေဆိုခဲ့သည်။ အဆိုပါ သုတေသနတွေ့ရှိချက်များကို ကင်ညာနိုင်ငံ အီလက်ထရောနစ် မီဒီယာပေါ်ရှိ အမုန်းစကားများ စောင့်ကြည့်ခြင်း လမ်းညွှန်ရေးဆွဲရာတွင် အသုံးပြုခဲ့ပါသည်။[၁၀၃]

အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Internews သည် ကင်ညာနိုင်ငံတွင် အဓိက အကျိုးဆက်စပ်သူများအား တွေ့ဆုံမေးမြန်း၍ အခြားလေ့လာမှုတစ်ခု ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲများတွင် မီဒီယာများက သတင်းအချက်အလက်ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ပြီး စောင့်ကြည့်သည့်အခန်းကဏ္ဍကို မဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ကိုယ်စားလှယ်များကို အကြောင်းအရာ ကိစ္စရပ်များအပေါ် အာရုံစိုက်စေပြီး ၎င်းတို့၏ ဟောပြောချက်များ နှင့် ကတိများကို တာဝန်ခံစေရန် တိုက်တွန်းရမည့်အစား မီဒီယာသည် ကိုယ်စားလှယ်များအတွက် အသံချဲ့စက်များ ဖြစ်နေကြသည်။[၁၀၄] အဆိုပါ သုတေသနလေ့လာတွေ့ရှိချက်များကို ၂၀၁၃ခုနှစ် အထွေထွေရွေးကောက်ပွဲ မတိုင်မီ ထိရှလွယ် ပဋိပက္ခ သတင်းရေးသားခြင်းနှင့် ပတ်သက်သော စာနယ်ဇင်းပညာသင်တန်းပို့ချရန်နှင့် သင်တန်းသင်ရိုးရေးဆွဲရန် အသုံးပြုခဲ့ပါသည်။ ရွေးကောက်ပွဲကာလများအတွင်း မီဒီယာသည် ၎င်းတို့၏ သတင်းတင်ဆက်မှု နှင့် အရေးအသားများမှတစ်ဆင့် ပဋိပက္ခများကို အားပေးအားမြှောက်ပြုမည့်အစား အမုန်းစကားများကို တွန်းလှန်ရန် မဟာဗျူဟာ (၂) ခု အသုံးပြုခဲ့ပါသည်။ ယင်းမဟာဗျူဟာများ မှာ – (၁) မိမိ မီဒီယာကို ကန့်သတ် တည်းဖြတ်ခြင်း နှင့် (၂) ရှုံ့ချခြင်း (ဥပမာ – အမုန်းစကား ပြောကြား၍ အကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်သူများ၏ အမည်ကိုထုတ်ဖော်ပြောကြားခြင်းဖြင့် အရှက်ရစေခြင်း) တို့ဖြစ်ပါသည်။[၁၀၅]

## အချက်အလက်များ စောင့်ကြည့်ခြင်း၊ စုဆောင်းခြင်းနှင့် အစီရင်ခံတင်ပြခြင်း

နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများနှင့်အတူ အမုန်းစကားများ ပေါ်ပေါက်လာသည့်အခါ အချက်အလက်များ စောင့်ကြည့်ခြင်း၊ စုဆောင်းခြင်းနှင့် အစီရင်ခံ တင်ပြခြင်းတို့သည် ထိရောက်သော အန္တရာယ်ဖြစ်နိုင်ခြေကို လျော့ချသည့် အစီအစဉ်များနှင့် မဟာဗျူဟာများကို ရေးဆွဲရန်၊ စုံစမ်းစစ်ဆေးရေးနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် အချက်အလက်များ ရရှိရန် အရေးပါလှပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း အမုန်းစကားများ ပျံ့နှံ့မှုနှင့် ပျံ့နှံ့နှုန်းလမ်းကြောင်းများ အထူးသဖြင့် အမုန်းတရားဖြင့် ဥပဒေချိုးဖောက်သည့် အပြုအမူများဖြစ်စေရန် လှုံ့ဆော်ခြင်းတို့ကို ခြေရာခံ ပြုစုရန် အတွက် အချက်အလက်များ လုံးဝမရှိခြင်း (သို့) အနည်းငယ်သာရှိခြင်းသည် နိုင်ငံအများတွင် ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ အဆိုပါ စောင့်ကြည့်စုဆောင်းအစီရင်ခံတင်ပြခြင်းကို အစိုးရဌာနများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ သို့မဟုတ် နှစ်ဖွဲ့စလုံးမှ ဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မီဒီယာ သို့မဟုတ် "တကယ့်မြေပြင်အခြေအနေတွင်" အမုန်းစကားများ ပေါ်ပေါက်နေခြင်းကို တွေ့ရှိနိုင်မည်။

[၁၀၃] Musyoka, Veronica Katungu (September, 28, 2013), The Law on Hate Speech and Its Implications for Media in Kenya

[၁၀၄] http://www.cco.regener-online.de/2016_1/pdf/gustafsson2016.pdf

[၁၀၅] Ibid.

**အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိချုပ်များက စောင့်ကြည့်ခြင်း**

အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင် (ECI) သည် ၎င်း၏ ပြည်နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ အရာရှိချုပ်များကို မဲဆွယ်လှုပ်ရှားမှုများအား ဗီဒီယိုမှတ်တမ်းတင်ခြင်းအပါအဝင် နေ့စဉ် ရွေးကောက်ပွဲလှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်ရန် ညွှန်ကြားခဲ့ပါသည်။ အကယ်၍အရာရှိသည် ပထမသတင်းပေးတိုင်ကြားမှုပြုလုပ်ရန် လိုအပ်သည့်အခါ ဤကဲ့သို့အချက်အလက်ဆိုင်ရာသက်သေအထောက်အထားများ စုဆောင်းရယူထားခြင်းကအရေးကြီးသည်။နောက်ဆုံးတွင်ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲမဲဆွယ် လှုပ်ရှားမှုများ၌ အမုန်းစကား ပြောကြားခဲ့သည့် နိုင်ငံရေးခေါင်းဆောင် များစွာကို ပြင်းထန်စွာ ဝေဖန်ပြစ်တင်ခဲ့သည်။

[ကိုးကား – : Mrabure, p. 164]

အဆိုပါ လှုပ်ရှားမှုများတွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လူ့အခွင့်အရေးကို ပိုမိုအဆင့်မြှင့်တင်ခြင်း၊ ဖိနှိပ်ခွဲခြား ဆက်ဆံမှုပပျောက်စေရေး ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း၊ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများကို လျော့ချခြင်း၊ ငြိမ်းချမ်းရေးသဘောတူစာချုပ်များကို အကောင်အထည်ဖော်ခြင်း သို့မဟုတ် တာဝန်ယူမှုရှိသော မီဒီယာအလေ့အကျင့်ကို မြှင့်တင်ခြင်း စသည်တို့ကို အလေးထားဆောင်ရွက်သော အဖွဲ့များ ပါဝင်နိုင်ပါသည်။ အချို့အဖွဲ့များက သီးသန့်ကိစ္စရပ်များ ဥပမာ - အွန်လိုင်းအမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်မှုများအား စောင့်ကြည့်သည့် အဖွဲ့များဖြစ်ကြပါသည်။ ငြိမ်းချမ်းရေး နည်းပညာ ဓါတ်ခွဲခန်းအဖွဲ့ ( Peace Tech Lab) သည် ဆူဒန်နိုင်ငံတောင်ပိုင်း၌ လက်တွေ့မြေပြင်တွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် သွေးထိုးပေးသည့် အမုန်းစကားများအန္တရာယ်ကို လျော့ချနိုင်ရန် အွန်လိုင်းအမုန်းစကား လေ့လာဆန်းစစ်ခြင်းအစီရင်ခံစာကိုပုံမှန်ထုတ်ပြန်သည်။[၁၀၆]

ဂါရာနားနိုင်ငံရှိ ဂါရာနားရွေးကောက်ပွဲကော်မရှင် (GECOM ) သည် အမျိုးမျိုးသော ရွေးကောက်ပွဲများအတွက် ၎င်းတို့ကိုယ်တိုင် မီဒီယာစောင့်ကြည့်ရေးအဖွဲ့ (MMU) ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။[၁၀၇] အဆိုပါစောင့်ကြည့်ရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ GECOM မှနှင်းအပ်ထားသည့် လုပ်ပိုင်ခွင့်အတွင်းတွင် အများပြည်သူလက်ခံနိုင်မည့် "ငြိမ်းချမ်းလွတ်လပ်၍ တရားမျှတသော" ရွေးကောက်ပွဲများကျင်းပနိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် သင့်လျော်သော အခင်းအကျင်းတစ်ခု ဖန်တီးထိန်းသိမ်းရန်ဖြစ်ပါသည်။[၁၀၈] MMU တည်ရှိမှုသည် သတင်းထောက်များ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များဆိုင်ရာ သတင်းရေးသားမှုအတွက် လမ်းညွှန်မှုပေးသည့် မီဒီယာကျင့်ဝတ်နှင့် တိုက်ရိုက်ပတ်သက်နေပါသည်။[၁၀၉] ထိုမီဒီယာကျင့်ဝတ်သည် လူမျိုး ရေးမုန်းတီးမှုများဖြစ်စေရန် လှုံ့ဆော်မှုနှင့် ကျား၊/မ၊ လူမျိုး၊ အတန်းအစား၊ မျိုးနွယ်၊ ဘာသာစကား၊ လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်ရည်တို့ပေါ် အခြေခံ၍ ရန်လိုမုန်းတီးမှုဖြစ်ပေါ်စေရန် လှုံ့ဆော်မှုများကို အထူးဂရုပြုတားမြစ်ထားပါသည်။[၁၁၀] MMU ၏ လုပ်ငန်းစဉ်တွင် "ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဒေသတွင်း မီဒီယာများ၏ လုပ်ဆောင်ချက်များ ကို ငြင်းဆိုမရနိုင်သော သက်သေအထောက်အထားအခြေခံ သတင်းအချက်အလက်များ (အထူးဖော်ပြချက်ထည့်သွင်း) နှင့် ၎င်းကို နိုင်ငံတကာ စာနယ်ဇင်းပညာ အလေ့အကျင့်ကောင်းများနှင့်အတူ စံကျင့်ဝတ်များ နှင့် လိုက်နာရမည့်စံချိန်စံညွှန်းများ အဖြစ် အသုံးပြုရန်" စုစည်းထားရှိမှုအား MMU ၏ အခန်းကဏ္ဍဖြစ်ကြောင်း အလေးထားဖော်ပြခဲ့ပါသည်။[၁၁၁]

မာဆီဒိုနီးယားနိုင်ငံတွင် ဟယ်လ်စင်ကီ လူ့အခွင့်အရေးကော်မတီသည် (Helsinki Committee for Human Rights) အများပြည်သူနှင့်ဆိုင်သောနေရာများနှင့် မီဒီယာ၌ အမုန်းစကားများ ရှာဖွေခြင်း၊ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့အတွက် အွန်လိုင်းပလက်ဖောင်းတစ်ခုဖန်တီးမည့် စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။[၁၁၂] အဆိုပါရည်ရွယ်ချက်ဖြင့် အစိုးရဝဘ်ဆိုဒ် (www.govornaomraza.mk) ကိုရေးဆွဲခဲ့ပါသည်။ အမုန်းစကားနှင့်ပတ်သက်ပြီး အသိပညာမြှင့်တင်ရန်နှင့် ဝက်ဘ်ဆိုဒ်အခြေခံထား အင်တာနက်မှန်ဝကို အများပြည်သူသိရှိစေရန် သတင်းအချက်အလက်ဖြန့်ဝေခြင်းလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့သည်။ ပြည်သူလူထုသည် အဆိုပါဝဘ်ဆိုဒ်မှအမုန်းရာဇဝတ်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရရှိခြင်း၊ ပေးပို့ခြင်း

[၁၀၆] http://www.peacetechlab.org/hate-speech-in-south-sudan

[၁၀၇] Surujbally.

[၁၀၈] Ibid, p 3. Election authorities in Malawi, Nepal, Bangladesh, and Bosnia have reportedly used this Code of Conduct as a model.

[၁၀၉] Ibid.

[၁၁၀] http://www.gecom.org.gy/pdf/MEDIA%20CODE%20OF%20CONDUCT.pdf

[၁၁၁] Surujbally.

[၁၁၂] White Paper on the Situation with Hate Speech in the Republic of Macedonia, prepared by the Helsinki Committee for Human Rights of the Republic of Macedonia, pp. 29-35.

တို့ကို ဆောင်ရွက်နိုင်သည်။ အဆိုပါ ဝဘ်ဆိုဒ်မရှိခင်က မာဆီဒိုနီးယားပြည်သူများသည် အမုန်းရာဇဝတ်မှုများနှင့် ပတ်သက်သည့်စာရင်းအင်း အချက်အလက်များမရှိပါ။ အဆိုပါအွန်လိုင်းမှ ကောက်ခံရရှိသောအချက်အလက်များကို လေ့လာဆန်းစစ်၍ အမုန်းစကား ဆန့်ကျင်တိုက်ဖျက်နိုင်ရေးအတွက် အကြံပြုချက်များ ရေးဆွဲကြသည်။[၁၁၃]

နိုင်ငံများစွာအနက် အိန္ဒိယ၊ ဂါရာနားနှင့် ကင်ညာနိုင်ငံတို့၏ အတွေ့အကြုံများသည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများအပါအဝင် တာဝန်ရှိအဖွဲ့အစည်းများသည် ချမှတ်ထားသော တရားဥပဒေဘောင်အတွင်းမှ ဒစ်ဂျစ်တယ်မူခင်း လေ့လာ ဆန်းစစ်မှုကျွမ်းကျင်အဖွဲ့များအား တာဝန်ပေးရန် လိုအပ်ချက်ကို မီးမောင်းထိုးပြလျက်ရှိပါသည်။ အမုန်းစကားများနှင့် ယင်းတို့ကို ပြောဆိုသူများအား ဖော်ထုတ်ခြင်း နှင့် စောင့်ကြည့်ခြေရာခံခြင်း ၊ အရေးယူနိုင်ရန် သက်သေအထောက်အထား စုဆောင်းခြင်းတို့ပြုလုပ်ရန် ကျွမ်းကျင်မှုကအလွန်အရေးကြီးသည်။ ဆိုရှယ်မီဒီယာသည် ရွေးကောက်ခံ အမျိုးသမီးခေါင်းဆောင်များအပေါ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သည့် မူလအရင်းအမြစ်ဖြစ်သည်ကို[၁၁၄] အသိအမှတ်ပြုသကဲ့သို့ စောင့်ကြည့်သူ များသည် ၎င်းတို့ အသုံးပြုသောနည်းလမ်းများတွင် ပိုမိုအားကောင်းသော ကျားမအခြေပြုရှုထောင့်ပါ ထည့်သွင်းစဉ်းစားအသုံးပြု သင့်ပါသည်။ ထို့ပြင် အွန်လိုင်းမှ အမုန်းစကားများ စောင့်ကြည့်ခြင်းသည် ရွေးကောက်ပွဲများကိုပါထိခိုက်စေရန် (တစ်ခါတစ်ရံ အကျိုးအမြတ်ရရှိရန်) ကြိုးပမ်းနေသည့် အမုန်းစကားလှုပ်ရှားမှုများ နှင့်အတူ မဟာဗျူဟာ မြောက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာ ကြသည့် " သရော်လှောင်ပြောင်မှုများ ဖန်တီးမှု" ကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ရဲတပ်ဖွဲ့သည် ဆာရာဆန် အမည်ရှိ အမုန်းစကားအဖွဲ့၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်သော ဖေ့စ်ဘုတ်အဖွဲ့ စီမံခန့်ခွဲသူတစ်ဦးကို ဖမ်းဆီးခဲ့ပါသည်။ ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ၎င်းအမုန်းစကားအဖွဲ့နှင့် ဆက်စပ်နေသော ဖေ့စ်ဘုတ်အကောင့်ပေါင်း (၈) သိန်းရှိသည်ဟု သိရှိရပါသည်။[၁၁၅]

## ထိရောက်သောလုံခြုံရေး အစီအမံများဖြင့် အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေလျှော့ချခြင်း

အမုန်းတရားဖြင့် ရန်ပြုလာခြင်းကို ခံရနိုင်ခြေရှိသော အုပ်စုများအပါအဝင် ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်နေသူအားလုံး၏ လုံခြုံရေးကို ကာကွယ်ပေးရန်နှင့် နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများကိုလျှော့ချနိုင်ရန်အတွက်ကြိုတင် ဆောင်ရွက်ရန် အထူးမဟာဗျူဟာကို ပြင်ဆင်ရေးဆွဲရာ၌ အမုန်းစကားနှင့်ပတ်သက်သည့် ရရှိလာသမျှ အချက်အလက်များကို အသုံးချသင့်ပါသည်။ ပဋိပက္ခဖြစ်နေသော အခြေအနေ သို့မဟုတ် ပဋိပက္ခအလွန်ကာလများတွင် ခြိမ်းခြောက်မှုအန္တရာယ်များ တိုးပွားနေလေ့ရှိပြီး များသောအားဖြင့် မတူညီသောလုံခြုံရေးဆောင်ရွက်သူများစွာတို့ အတူအကွ ပူးပေါင်း၍ လုံခြုံရေးအဖွဲ့အစည်းတစ်ခုဖန်တီး တည်ဆောက်ရန် လိုအပ်လာတတ်သည်။ အဆိုပါလုံခြုံရေးအဖွဲ့အစည်းများသည် ရွေးကောက်ပွဲကာလတစ် လျှောက်လုံး သင့်လျော်သည့် ဆက်သွယ်ဆောင်ရွက်ခြင်း ၊ အစီအစဉ်ပြုလုပ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းတို့ကို ကောင်းမွန်သေချာစွာ ပြုလုပ်နိုင်စေရန်နှင့် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီမံ

**အေဂျင်စီအချင်းချင်းအမုန်းစကားကို တုံ့ပြန်ခြင်း**

၂၀၁၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ ဒေသတွင်း ရွေးကောက်ပွဲ ကာလအထိ ဆက်သွယ်ရေး ဝန်ကြီးဌာန၊ရဲတပ်ဖွဲ့၊ ရွေးကောက်ပွဲကြီးကြပ်မှု အေဂျင်စီနှင့်အထွေထွေရွေးကောက်ပွဲကော်မရှင်တို့ အတူတကွ ပူးပေါင်း၍ အမုန်းစကားများ စောင့်ကြည့်ခြင်း နှင့် ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။အင်ဒိုနီးရှားသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး သည် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေစိုးမိုးရေး၊ အစိုးရမှ အကောင်အထည် ဖော်ဆောင်ရွက်နေသည့် နည်းပညာအခြေပြု မဟာဗျူဟာများကို ကိုးကားဆောင်ရွက်နေစဉ်ကာလတွင်း၌ပင် " အမုန်းစကားများနှင့် ခွဲခြားဆက်ဆံနိမ့်ချသည့် စကားများ ကို ထိရောက်သည့် နည်းလမ်းများ ဖြင့် တားဆီးခြင်း" ကဲ့သို့ သော လုထုအသိပညာပေးလှုံ့ဆော်ပွဲများကို ထောက်ခံအား ပေးခဲ့သည်။ အဆိုပါဝန်ကြီးသည် ပြည်သူလူထုအကြား နာမည်ကြီးပုဂ္ဂိုလ်များ၊ပြည်သူ့အဖွဲ့အစည်းများနှင့် အထင်ကရပုဂ္ဂိုလ်တစ်ဦးချင်းစီ အလိုက် အားအသိပညာပေး လှုံ့ဆော်ပွဲများတွင်ပါဝင်ရန်တောင်းဆိုမှုများဆောင်ရွက်ခဲ့သည်။
[ကိုးကား – Muntarbhorn, Vitit. Study on the Prohibition of Incitement to National, Racial, Or Religious Hatred: Lessons from the Asia Pacific Region, undated]

[၁၁၃] A good example of the project’s Q&A based fact sheet can be found at: http://www.mhc.org.mk/system/ uploads/redactor_assets/documents/1096/Bela_kniga_en.pdf

[၁၁၄] http://www.ipu.org/pdf/publications/issuesbrief-e.pdf

[၁၁၅] https://en.tempo.co/read/news/2017/08/28/055903802/President-Livid-about-Hate-Speech-Group-Saracen

ခန့်ခွဲရေးအဖွဲ့များကို ပံ့ပိုးပေးနိုင်ရန် ပုံမှန် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ ကျင်းပပေးသည်။

အမုန်းစကားနှင့်ပတ်သက်ပြီး အဆိုပါကြိုးပမ်းအားထုတ်မှုများ ပြီးပြည့်စုံ၍ ထိရောက်မှုရှိစေရန်အတွက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်အရ ဥပမာ - ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်း (အရပ်ဘက်အဖွဲ့အစည်း)၊ ရဲ၊ ပဋိပက္ခတားဆီးကာကွယ်ရေး (သို့မဟုတ်) အရေးပေါ်စီမံခန့်ခွဲရေးနှင့်သက်ဆိုင်သော တာဝန်ရှိဝန်ကြီးဌာန နှင့် ကာကွယ်ရေးတပ်ဖွဲ့များ စသည့် အဖွဲ့အစည်း အသီးသီးပါဝင်သည့် ပူးပေါင်းအဖွဲ့အစည်းကိုဖွဲ့စည်းသင့်သည်။ ပူးပေါင်းဆောင်ရွက်သည့် မဟာဗျူဟာများသည် မတူကွဲပြားသည့် အမြင်များကို ပေးနိုင်သည့် သက်ဆိုင်ရာပြည်သူ့ အဖွဲ့အစည်းများနှင့် လိင်အကြမ်းဖက်မှုကို ကာကွယ်ပေးသည့် အဖွဲ့အစည်းများကဲ့သို့သော နိုင်ငံရေးတွင် လွှမ်းမိုးမှုရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အပြုသဘောဆောင်သည့် စေ့စပ်ညှိနှိုင်းမှုမျိုးကို ပြုလုပ်သင့်ပါသည်။ တွေ့ဆုံဆွေးနွေးရန်နှင့် အကြံပြုရန် လမ်းဖွင့်ပေးထားသည့်အတွက် တင်းမာမှုများ လျော့နည်းစေပြီး အကြမ်းဖက်မှုအထိ မရောက်စေပဲ အခြားသောနည်းလမ်းများဖြင့် ဖြေရှင်းနိုင်စေသည်။

## ထိရောက်စွာနှင့်ယုံကြည်စိတ်ချစွာ အကဲဖြတ်ခြင်း

အမုန်းစကားနှင့်ပတ်သက်သည့် ရွေးကောက်ပွဲဆိုင်ရာ ရာဇဝတ်မှုများသည် တရားရုံး၏ တရားစီ ရင်ခွင့်အောက်တွင် ရှိပါသည်။ သို့ရာတွင် ရွေးကောက်ပွဲကာလအတွင်း အမုန်းစကားနှင့် အမုန်းတရားဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခြင်းတို့ကို ဆုံးဖြတ်အရေးယူနိုင်သည့် အခွင့်အာဏာ အရပ်ဘက်အဖွဲ့အစည်း အားနည်းအပ်ထားပါက အဆိုပါ တာဝန်ကို ထိထိရောက်ရောက်ထမ်းဆောင်ရန် အရေးကြီးပါသည်။ အထူးအားဖြင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့သည် ကမ္ဘာတစ်လွှားရှိ တရားရုံးများနှင့် အစိုးရအုပ်ချုပ်ရေးမဏ္ဍိုင်တို့ တွေ့ကြုံနေရသည့် မမျှော်လင့်နိုင်သည့်အခက်အခဲများကို ရှောင်ရှားရန် လိုအပ်ပါသည် ။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဆိုပါ အခက်အခဲများတွင် ဥပဒေကို ကျယ်ပြန့်စွာ အဓိပ္ပါယ် ကောက်ယူခြင်း၊ ဥပဒေ တသမတ်တည်းမဖြစ်ခြင်း ၊ နိုင်ငံရေးအရ ဘက်လိုက်ခြင်း၊ ဥပဒေကြောင်းအရ အသာစီး ရအောင် ပြုလုပ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း၊ အချိုးအစားမမျှတသော ပြစ်ဒဏ်များ နှင့် နိုင်ငံတကာ စံနှုန်းများကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ ပါဝင်ပါသည်။

ယင်းအချက်များကို ရှောင်ရှားနိုင်ရန် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် စုံစမ်းစစ်ဆေးခြင်း ၊တိုင်ကြားမှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ထိရောက်မှန်ကန်စွာလုပ်ဆောင်၍ ပွင့်လင်းမြင်သာ တရားမျှတစွာဖြင့် အရေးယူတုန့်ပြန်ဆောင်ရွက်ရန် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျ သတ်မှတ်ပြဋ္ဌာန်းထားရန် လိုအပ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်း သည် အဆိုပါ မူဝါဒ များနှင့်လုပ်ထုံးလုပ်နည်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် ကိုယ်တိုင် အသုံးချရန်လိုအပ်သကဲ့သို့ အခြားသော အဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးရန် နှင့် ဆုံးဖြတ်အရေးယူဆောင်ရွက်ရန် လွှဲအပ်ပါက အချက်အလက်များ အသေးစိတ်ပြင်ဆင်လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိပါသည်။ ရွေးကောက်ပွဲ ဆိုင်ရာ အငြင်း ပွား မှု များနှင့် ဆက်နွယ်သည့် နိုင်ငံတကာစံများအတွက် ဆွေးနွေးချက်အပြည့်အစုံကို IFES မှ ဖြန့်ဝေသော ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား နားလည်ခြင်း ၊ အရေးယူဆုံးဖြတ်ခြင်း နှင့် ဖြေရှင်းခြင်း လမ်းညွှန် (Guildelines for Understanding, Adjudicating and Resolving Disputes in Elections (GUAEDE)) တွင် ကိုးကားနိုင်ပါသည်။

ထိရောက်သော ဆုံးဖြတ်အရေးယူခြင်းအတွက် စတင်ရမည့်အချက်သည် တရားဥပဒေဖြင့် အရေးယူခြင်း မပြုရမည့် စကား နှင့် မုန်းတီးမှုဖြင့် လုပ်ဆောင်မှုတစ်ခုခုဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်သည့်စကား ၊ သွေးထိုးလှုံ့ဆော်မှုပြုသည့် အခင်းအကျင်း၊ သွေးထိုးလှုံ့ဆော်မှု ဖြစ်ပွားမှုရှိမရှိကို တိုင်းတာသတ်မှတ်နိုင်သည့် အဆင့်သတ်မှတ်ချက် (ယင်းကို "စစ်ဆေးခြင်း" သို့မဟုတ် "အဆင့်သတ်မှတ်ခြင်း" ဟုလည်း ရည်ညွှန်းကြသည်) စသည့်တို့ ရှင်းလင်းစွာ ဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိရမည်ဖြစ်သည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းများ၏ ချမှတ်ထားသော စည်းမျဉ်းများ သို့မဟုတ် လမ်းညွှန်ချက်များသည် အချိန်နှင့် တစ်ပြေးညီ ထိရောက်သော စုံစမ်းစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် ထိရောက်သော ကုစားဖြေရှင်းခြင်းတို့ကို လက်တွေ့အသုံးချနိုင်စေရမည်။ ယင်းစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအားလုံး တစ်ပြေးညီ အသုံးချနိုင်စေရန် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းအနေဖြင့် စုံစမ်းစစ်ဆေး တွေ့ရှိချက်များ နှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ကို မှတ်တမ်းတင်ရန် ဖြည့်သွင်းရန် ပုံစံများ ၊ တိုက်ဆိုင်စစ်ဆေးနိုင်သည့် စာရင်းမှတ်တမ်း (checklists) စသည်တို့ကို ပြင်ဆင်ထားသင့်သည်။ ဝန်ထမ်းများအားလုံးကို အမုန်းစကား၊ အမုန်းတရားဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခြင်းတို့ကို စုံစမ်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့နှင့် ပတ်သက် သည့်

သင်တန်းများ ပို့ချထားသင့်သည်။ စုံစမ်းစစ်ဆေးရေးတာဝန်ကို ထမ်းဆောင်ရမည့် ဝန်ထမ်းများအားလုံးကို အမုန်းစကားနှင့် အမုန်းရာဇဝတ်မှုများအား ခွဲခြားသတ်မှတ်နိုင်ရန်၊ သက်သေအထောက်အထားများ စုဆောင်းသိမ်းဆည်းနိုင်ရန် ၊ လိုအပ်သည့် အစီရင်ခံတင်ပြခြင်းကို လုပ်ဆောင်နိုင်ရန် နှင့် တရားစွဲဆိုတင်ပို့နိုင်ရန် အရည်အသွေးမြင့်သင်တန်းများ ပို့ချထားရမည်။[၁၁၆] အမုန်းစကားကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက မတူညီသော နည်းလမ်းများ (ဥပမာ – ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းရေး လုပ်ထုံးလုပ်နည်း [EDR]နှင့်မတူသော လိင်အကြမ်းဖက်သည့်ကိစ္စရပ်များတွင် ကျူးလွန်ခံရသူအား လျှို့ဝှက်ပေးထား ခြင်း) ကိုအသုံးပြုသင့်ကြောင်းကိုလည်း ထည့်သွင်းထားရမည်။

ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် အမုန်းစကားဖြစ်ရပ်များအတွက် သင့်လျော်သော ဖြေရှင်းခြင်းများအသုံးပြုရန် အလေးထားစဉ်းစားသင့်သည်။ အချို့သောဖြစ်စဉ်များတွင် ကြီးလေးသောဒဏ်တပ်ရိုက်ခြင်းထက် စည်းရုံးရေးအတွက်အသုံးပြု သော ပစ္စည်းကိရိယာများကို ဖယ်ရှားစေခြင်းက ပိုမိုထိရောက်၍ နိုင်ငံရေးသဘောသက်ဝင်မှုနည်းသည့် ကုစားမှုဖြစ်နိုင်သည်။ ဆန့်ကျင်ဖက်အားဖြင့် အမုန်းစကားအတွက် ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်သည့် နေရာများတွင် ယင်းဥပဒေကို ချိုးဖောက် ခြင်းဖြင့် ရာဇဝတ်မှု ကျူးလွန်သူများ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေမှုကို ဖြစ်စေပြီး အမုန်းစကားကို တရားဝင် မဲဆွယ် စည်းရုံးရေးနည်းဗျူဟာအဖြစ် သုံးလာစေရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်သွားစေနိုင်သည်။

ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် တင်းမာမှုများလျော့ချရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ ကြိုတင် ကာကွယ်ရန်အတွက် အငြင်းပွားမှုများအား အခြားသောနည်းလမ်းများဖြင့်ဖြေရှင်းခြင်း (ADR) ကိုစဉ်းစားသင့်သည်။ တင်းမာမှု များလျော့ချရန်နှင့် ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုများ ကာကွယ်ရန်အတွက် ADR ကို အသုံးပြုခဲ့သည့် အကောင်းဆုံးဥပမာ မှာ ကင်ညာနိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ်ရွေးကောက်ပွဲကာလအတွင်း အောင်မြင်စွာ အသုံးချနိုင်ခဲ့သည်။ မဲရေတွက်သည့် စင်တာတွင် လူ(၄)ဦး ဓားနှင့် ထိုးသတ်ခံရပြီး ၎င်းတို့အနက်နှစ်ဦးမှာ တိုင်းရင်းသားမျိုးနွယ်စုတစ်စုမှ ဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် ၎င်း တိုင်းရင်းသားများဖက်မှ လက်တုန့်ပြန်မှုပြုလာတော့မည်လား ဟူသော စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာသည်။ ပဋိပက္ခလျော့ချရေး အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းအဖွဲ့ (CMP) အစိုးရအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ယင်းဖြစ်စဉ်ကို မည်သို့ကိုင်တွယ်ရမည် ဆိုသည့်နည်းလမ်းကို ဆွေးနွေးခဲ့သည်။ CMP အဖွဲ့ဝင်များသည် လူထုခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးကို ထိန်းသိမ်း ထားရန်နှင့် အကြမ်းဖက် လက်စားချေ တိုက်ခိုက်မည့် အရိပ်လက္ခဏာများကို စောင့်ကြည့်ရန် တိုက်တွန်းခဲ့သည်။ အဆိုပါ ADR နည်းလမ်းကို အသုံးပြုခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိခဲ့ပြီး လူသတ်မှုကို တရားစီရင်ရေးသို့ လွှဲအပ်ဆောင်ရွက်ခဲ့ သည်။

## ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများအား လေ့ကျင့်သင်ကြားပေးခြင်း

ပြည့်စုံကောင်းမွန်သော သင်တန်းတခုပြုလုပ်ရန် ကိုးကားများကို ဤဆွေးနွေးမှုတစ်လျှောက်လုံးတွင် ဖော်ပြသွားမည်ဖြစ်သည်။ မဲဆန္ဒရှင် များနှင့် ၎င်းတို့၏အမှုထမ်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ ဝင် ကိုယ်စားလှယ်လောင်း များနှင့် ၎င်းတို့၏ကိုယ်စားပြုသူများအပါအဝင် မြို့ပြလူမှုအဖွဲ့အစည်းသရုပ်ပြသူများနှင့် မီဒီယာအဖွဲ့အစည်းအစရှိသော ပုဂ္ဂိုလ်များအ တွက် သင်တန်းများ ပို့ချရာတွင် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အစည်းက ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အကယ်၍ အစိုးရ မုန်းတီးရေးဟောပြောသည့် မိန့်ခွန်းများနှင့် မုန်းတီးရေးကိုလှုံ့ဆော်ပေးခြင်းတို့ကို စုံစမ်းစစ်ဆေးခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်း တို့ လုပ်ဆောင်ပေးသည့်ပြည်သူ့ရဲတပ်ဖွဲ့ (သို့မဟုတ်) တရားရုံးများကဲ့သို့သော အခြားသော အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက် ခြင်းရှိပါက ပူးတွဲသင်တန်း အစီအစဉ်များ ပါဝင်နိုင်သည်။

သင်တန်းတွင် လူသားဆိုင်ရာ ၊ မဲပေးခွင့် ၊ ခွဲခြားဆက်ဆံမှု ပပျောက်ရေး ၊ အကာအကွယ်ပေးရမည့် ထုတ်ဖော်ပြောဆိုခြင်းနှင့် တားမြစ်ကန့်သတ်ရမည့် ထုတ်ဖော်ပြောဆိုခြင်း ၊ အမုန်းစကားနှင့် အမုန်းတရားဖြင့် ရန်လိုမှုများ ပေါ်ပေါက်လာစေရန် သွေးထိုး လှုံ့ဆော်မှုများပါဝင်သည့်အချက်များ စသည့်အကြောင်းအရာတို့ကို အဓိကဇဟိုပြု၍ သင်ကြားပေးသင့်သည်။ ထို့ပြင် အမုန်းစကား နှင့် သွေးထိုးလှုံ့ဆော်မှုများနှင့် သက်ဆိုင်သည့် မိမိတို့နိုင်ငံက လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် များ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ ပြည်တွင်းဥပဒေရေးရာ လိုအပ်ချက်များနှင့် အသုံးဝင်သော ဝန်ထမ်းကျင့်ဝတ်များ ကိုလည်း ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အမုန်းစကားများနှင့် အမုန်းတရား လှုံ့ဆော်ရေးတို့နှင့်

[၁၁၆] Preventing and Responding to Hate Crimes, p. 28.

ဆက်စပ်မှုရှိနေသောကြောင့်ပင် ဖြစ်ပါသည်။ ထို့ပြင် ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူအားလုံး၏ တာဝန်ဝတ္တရားများ၊ ဥပဒေစိုးမိုးရေးနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း အင်တိုက်အားတိုက်ကြိုးစား ဆောင်ရွက်ရန် လိုအပ်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့အစည်းများ၊ လုံခြုံရေး နှင့် တရားစီရင်ရေး ဝန်ထမ်းများ ၊ နိုင်ငံရေး ပါတီများ၊ နှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပတ်သက်ဆက်စပ်သူများအားလုံးအတွက် ရွေးကောက်ပွဲများ၌ အမျိုးသမီးထုပေါ် အကြမ်းဖက်မှုပြုလုပ်ခြင်းကို အသိပညာပေးခြင်းနှင့် ရှုံ့ချခြင်းတို့သည်လည်း အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သင့်သည်။ ၎င်းကို ရွေးကောက်ပွဲများ၌ အမျိုးသမီးများကို အကြမ်းဖက်ခြင်းအား ဆန့်ကျင်ရန် အသုံးချသင့်ပြီး ရွေးကောက်ပွဲအစီအစဉ်တစ်ခုလုံးတွင် အလေးထား ထည့်သွင်းရမည့် အချက်လဲဖြစ်သည်။ လူထုနှင့် ကျယ်ပြန့်စွာ ဆက်သွယ်ခြင်း အပြင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို သင်တန်းများ ပို့ချခြင်း နှင့် ရွေးကောက်ပွဲများ၌ အမျိုးသမီးများအား အကြမ်းဖက်ခြင်းအပေါ် ရွေးကောက်ပွဲ လုပ်ငန်းစဉ်န ငှ် မသက်ဆိုင်သော ဖွံ့ဖြိုးရေးနှင့် လူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ သီးခြား သင်တန်းများပို့ချခြင်းများ ပြုလုပ်နိုင်သည်။ အဆိုပါပုဂ္ဂိုလ်များ တွင် ကျား/မ အခြေပြု အကြမ်းဖက်ခြင်းအား ကာကွယ်ခြင်းနှင့် တုံ့ပြန်တားဆီးရေးအဖွဲ့အစည်းများ၊ အမျိုးသမီး ကျန်းမာရေးအဖွဲ့ အစည်းများနှင့် လုံခြုံရေး ၊ ကျန်းမာရေး နှင့် ဥပဒေဝန်ဆောင်မှုပေးသူများ ပါဝင်သင့်သည်။

ကင်ညာနိုင်ငံ ပြည်တွင်းသဟဇာတဖြစ်ရေးနှင့် ပေါင်းစည်းရေးကော်မရှင်သည် အမုန်းစကားဆိုင်ရာ ဥပဒေနှင့် သက်ဆိုင်သည့် သင်တန်းအစီအစဉ် နှင့် ဥပဒေစိုးမိုးရေး ဆိုင်ရာ လက်စွဲ ကို ပြင်ဆင်ခဲ့သည်။ လက်စွဲစာအုပ်မှာ ရဲအရာရှိများအတွက် ရည်ညွှန်းပြီး အမုန်းစကားနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း နှင့် တရားစွဲဆိုခြင်းတို့နှင့် သက်ဆိုင်သော သင်ခန်းစာများ ၊ အကြောင်းအရာများ ရေးဆွဲရန် အသုံးဝင်သည့် ပုံစံဖြစ်သည်။

### အသိပညာမြှင့်တင်ရေးနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေး

သာမာန် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အမုန်းစကားတွင် မည်သည့်အချက်များ ပါဝင်သည်ကို သိရှိ၍ ၊ အမုန်းစကားများ ပြော–ကြားလာသည့်အခါ သတိထားသိရှိနိုင်စေရန်နှင့် တစ်ဦးတစ်ယောက်ချင်းနှင့် အုပ်စုများကိုသာမက လူထုအသိုင်းအဝိုင်းတစ်ခု–လုံး၊ ဒီမိုကရေစီ အဖွဲ့အစည်းများနှင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးအား အန္တရာယ်ပေးသည်ကို သိရှိနားလည်စေရန်အတွက် ကူ–ညီရာတွင် အသိ အမြင်ဖွင့်ခြင်း နှင့် ပညာရေးလုပ်ဆောင်ချက်များက အရေးပါသည်။ အထက်ပါလုပ်ဆောင်မှုများကသာလျှင် လူတစ်ဦးတစ်ယောက်အပေါ် အခြေခံ၍ အဆိုးမြင်၊ အရိုးစွဲအယူအဆများ၊ ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်နိုင်မည်။ အကာအကွယ်ပေးရမည့် ဝိသေသလက္ခဏာရပ်များမှာ

> **ဖြစ်စဉ်အခြေပြု သင်တန်းပို့ချခြင်း**
>
> IFES ၏ ရွေးကောက်ပွဲဆိုင်ရာခေါင်းဆောင်မှုလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ပိုမိုရှုပ်ထွေးပြီး စနစ်တကျ အပြန်အလှန်ချိတ်ဆက် စဉ်းစားနိုင်စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်ရပ် အခြေပြု သင်ခန်းစာ လေ့ကျင့်ခန်းများကို စတင်အသုံးပြုလျက်ရှိပါသည်။ အဆိုပါသင်တန်းအမျိုးအစားတွင် စိတ်တည်ငြိမ်မှုမရှိဘဲ အကြောင်းအရာ ပိုင်နိုင်သိနားလည်မှုမရှိသည့် သင်တန်းသားများ တွေးလေ့တွေးထရှိသည့် ပုံစံများ၊ မတူကွဲပြားသည့် ရှုထောင့်အမြင်များကို နားထောင်စဉ်းစား ငြင်းခုန်ခြင်း၊ ယင်းသို့မတူကွဲပြားသည့် အမြင်ရှုထောင့် ၊ အတွေ့အကြုံများကို နားလည်သိမြင်၍ အသိအမြင် အဆင့်ဆင့် တိုးတက်လာခြင်း စသည့် ခက်ခဲပင်ပန်းသည့် လေ့ကျင့်ခန်းများ ပါဝင်သည်။
>
> ဖြစ်စဉ်တစ်ခုဖြစ်သည့် ("PACIFICA") သည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးကာလ၌ ပြင်းထန်သောအမုန်းစကားနှင့် အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသောအခါ ၎င်းတို့၏ ခေါင်းဆောင်မှုစွမ်းရည်များကို စစ်ဆေးခြင်းဖြစ်သည်။ အဆိုပါသင်တန်းကို သီရိလင်္ကာနိုင်ငံတွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်း၊ မီဒီယာနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ရှေ့ပြေးစမ်းသပ်ပို့ချခဲ့သည်။ လေ့ကျင့်ခန်းများ အပြီး ပြန်လည်ဆွေးနွေးချိန်တွင် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များက ပထမဦးဆုံးအကြိမ်အဖြစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အခြားဆက်စပ်ပတ်သက်သူများ၏ ရှုထောင့်မှမြင်ခွင့်ရခဲ့သည်ဟု အလေးထားပြောကြားသွားခဲ့ပါသည်။

ငင်းသည် အပြောင်းအလဲဖြစ်စေသည့် အတွေ့အကြုံတစ်ခုဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့နှင့် ဝန်ထမ်းများသည် အခြားဆက်စပ်ပတ်သက်သူများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် ပဋိပက္ခများမဖြစ်ပွားမီကတည်းက အပြန်အလှန် ဆက်ဆံရေး တည်ဆောက် ထားရန် လိုအပ်ကြောင်း အတည်ပြုပြောကြားခဲ့ပါသည်။ ထို့ပြင် ငင်းတို့သည် ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် စဉ်းစားသည့်အခါ "ကြီးမား ကျယ်ပြန့်သောကွန်ရက်" ဖြန့်ကျက်သည့်သဖွယ် အားလုံးပါဝင်စေလိုသည့် ငင်းတို့၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့ပါ သည်။ ပါဝင်တက်ရောက်သူတစ်ဦးက " လူ့အခွင့်အရေး လှုပ်ရှားသူတစ်ယောက်အဖြစ် ဝင်ရောက်ဆောင်ရွက်ကြည့်လိုက် တဲ့အခါ အမြင်သစ်တစ်ခုရလိုက်တယ်။ အထူးသဖြင့်ရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ လုပ်ပိုင်ခွင့်မရှိတဲ့ အခြေအနေမျိုးမှာ ပြ-င်ပသက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းရဲ့အကျိုး ကျေးဇူးများကို သိလိုက်ရတယ်" ဟုဆိုသည်။

အဆိုပါကြိုးစားအားထုတ်မှုများသည် "အကာအကွယ်ပေးရမည့် ဝိသေသ လက္ခဏာရပ်များကို အခြေခံ၍ တစ်ဦးတစ်ယောက် ချင်းအပေါ်တွင် ခွဲခြားဖိနှိပ်ဆက်ဆံခြင်းနှင့် မကောင်းသော အရိုးစွဲ အမြင်များ" [၁၁၇]ကို တိုက်ဖျက်နိုင်ပါသည်။

ပြည်သူများထံ သတင်းအချက်အလက်ဖြန့်ဝေခြင်းလှုပ်ရှားမှုများနှင့် မဲပေးသူ ပညာပေးရေးအစီအစဉ်များသည် " တိကျမှန်ကန်သော သတင်းအချက်အလက်များသည် လူကြိုက်များသည့် ယုံတမ်း ဒဏ္ဍာရီပုံပြင်များနှင့် မှားယွင်းသော ထင်မြင်ယူဆချက်များကို ဖယ်ရှားပစ်နိုင်ပြီး တစ်ဦးတစ်ယောက်ချင်းဆီအတွက် ငင်းတို့၏ နေ့စဉ်ဘဝတွင် သဘောထားမကြီးမှုများကို သိရှိနိုင်ပြီး ၊ တုန့်ပြန်ဖြေရှင်းရန် ယုံကြည်မှုများရရှိခြင်း" [၁၁၈] တို့ပေါ်တွင် အခြေပြုသည်။ ပြည်သူ့များအတွက် သတင်းအချက်အလက်များနှင့် မဲပေးသူ အသိပညာပေး စာရွက်စာတမ်းများ ပြင်ဆင်ရာတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် ပါဝင်သော စာသား သို့မဟုတ် ရုပ်ပုံများသည် လူမျိုး/ မျိုးနွယ်စု အကြောင်းအရာများနှင့် ပဋိပက္ခဖြစ်နေခြင်းရှိ/မရှိ ၊ ကျားမဆိုင်ရာ သတိထား ဖော်ပြမှု ရှိမရှိ တို့ကို သေချာစစ်ဆေးရပါမည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းသည် အဆိုပါစာရွက်စာတမ်းများကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊မီဒီယာဌာနများနှင့် ပညာရေးအဖွဲ့အစည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးသကဲ့သို့ လူနည်းစု ဘာသာစကားများဖြင့်လည်း ပြန်ဆို ဖြန့်ဝေမှု ပြုသင့်ပါသည်။ သတင်းစကားပေးပို့ဖြန့်ဝေခြင်းပြုရာတွင် အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် အုပ်စုအသီးသီး အတွက် သတိပြု ထည့်သွင်း စဉ်းစားပြင်ဆင်ရန် လိုအပ်သည်။

မဲပေးသူများ အသိပညာနှင့်နားလည်မှုပိုမိုရှိလာခြင်းဖြင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးသမားများက အမုန်းစကားနှင့် မုန်းတီးစေရန် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ပါက ငင်းတို့ကိုတာဝန်ခံစေနိုင်ပါလိမ့်မည်။[၁၁၉] အသိပညာမြှင့်တင် ခြင်းနှင့် အသိပညာပေးရေးတို့ပြုလုပ်ရန်လိုအပ်သကဲ့သို့ အမုန်းစကားကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ငင်းတို့သက်သက်ဖြင့် လုံလောက်နိုင်မည်မဟုတ်ပေ။ OSCE ကမူ အမုန်းစကားပြောကြားသူများကို လူသိရှင်ကြားရှုံ့ချခြင်းသို့မဟုတ် ငင်းတို့ ပြောကြားချက်များနှင့် စွပ်စွဲချက်များကို တုန့်ပြန်ပြောဆိုခြင်း ပြုလုပ်ရန်လိုအပ်ကြောင်းမှတ်ချက်ပြုခဲ့ပါသည်။ ပြောကြားသူများကို[၁၂၀] လူထုမှတရားသဖြင့် စီရင်အရေးယူခြင်း ပြုလုပ်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ မီဒီယာ၊ အခြားကိုယ်စား လှယ်များနှင့် နိုင်ငံရေးသမားများနှင့် လူအများရိုသေလေးစားသော လူပုဂ္ဂိုလ်များစသည်တို့ ပါဝင်သင့်သည်။

## ရေရှည် လူထုအသိပညာပေးရေးမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာပညာပေးရေးကို အားဖြည့်ဆောင်ရွက်ခြင်း

အမုန်းစကားများ၏ ဒုက္ခပေးနိုင်သော သဘောသဘာဝ နှင့် မီဒီယာ အထူးသဖြင့် အင်တာနက်နှင့် ဆိုရှယ်မီဒီယာ တို့မှတစ်ဆင့် ဖြန့်ဝေပြန့်ကား သွားနိုင်သည့်အတိုင်း အတာကိုကြည့်၍ ရေရှည်လူထုပညာပေးရေးသည် အမုန်း စကားဆန့်ကျင်တိုက်ဖျက်ရေး ကျယ်ပြန့်သည့် မဟာဗျူဟာတစ်ခု၏ တစ်စိတ်တစ်ဒေသဖြစ်သင့်ပါသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့သည် တက္ကသိုလ်စနစ် သို့မဟုတ်ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ရွေးကောက်ပွဲ သို့မဟုတ် ကျယ်ပြန့်သော ဒီမိုကရေစီသင်ရိုးညွှန်းတမ်းရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အကယ်၍ ရေးဆွဲပြီးဖြစ်လျှင် သင်ရိုးညွှန်းတမ်း၌ ရွေးကောက်ပွဲများ တွင် ဖြစ်ပေါ်လေ့ရှိသော

[၁၁၇] Hate Speech Explained, p. 55.

[၁၁၈] Ibid.

[၁၁၉] http://www.mhc.org.mk/system/uploads/redactor_assets/documents/1096/Bela_kniga_en.pdf

[၁၂၀] Preventing and Responding to Hate Crimes, p. 53.

မဲဆန္ဒရှင်များနှင့် အမုန်းစကားအကြောင်း ဆွေးနွေးရာတွင် သုံးစွဲနိုင်သည့် နည်းလမ်းများ

- ရုပ်ရှင်များနှင့် မှတ်တမ်း ရုပ်ရှင်များ
- အမှတ်တရ နေ့စွဲများနှင့် သက်ဆိုင်သည့် လှုပ်ရှားမှုများ
- ပြတိုက်များနှင့် ပြပွဲများ
- သီချင်း၊ အက နှင့် ပြဇာတ်သရုပ်ဆောင်ခြင်းများ
- ဆုတောင်းပွဲများ
- အားကစားနှင့် အားကစား အခမ်းအနားများ
- လက်သရမ်းဖျက်စီးခြင်းများနှင့် ရုပ်ပြောင်များ ရေးဆွဲခြင်းအား ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများ

[ကိုးကား - အမုန်းရာဇဝတ်မှုများအား ကာကွယ်ခြင်းနှင့် တုန့်ပြန်ခြင်း - OSCE ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် ရည်ညွှန်းလမ်းညွှန်၊ စာမျက်နှာ - ၆၂-၆၅]

အမုန်းစကားများနှင့်ပတ်သက်သည့် အခန်းတစ်ခန်း ထည့်သွင်းရန် စဉ်းစားသင့်ပါသည်။ အကယ်၍အဆိုပါ သင်ရိုးကို အလယ်တန်းကျောင်းများတွင် သင်ကြားခြင်းဖြစ်လျှင် ကလေးများကို အမုန်းစကား နှင့် ပတ်သက်၍ ရှင်းပြရမည့်ပုံစံ၊ အမုန်းစကားကို မည်သို့ ခွဲခြား သိရှိနိုင်မည် နှင့် မည် သို့ ဆန့်ကျင်နိုင်ကြောင်း စသည်တို့ပါဝင် သည့် အစီအစဉ်များ ဖြင့် မိဘများနှင့် ဆရာ/ဆရာမများ ပါဝင်ဆောင်ရွက်ပေး နိုင်ပါသည်။[၇၂] ပညာရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့ကိုယ်ပိုင် (ဥပမာ အစိုးရမဟုတ်သော အဖွဲ့အစည်း (သို့) လူ့အခွင့်အရေး ကော်မရှင်များနှင့် ပူးပေါင်း၍) ပြည်သူ့နီတိ၊ လူ့အခွင့်အရေး သို့မဟုတ် အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် ဖိနှိပ်ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး သင်ခန်းစာများပို့ချခြင်းကိုလည်း ဆောင်ရွက်နိုင်ပါသည်။ အကယ်၍ သင်ခန်းစာများ ပို့ချနေပါက ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းမှ ပံ့ပိုးပေးထားသော ဒီမို ကရေစီသင်ရိုးညွှန်းတမ်းသည် ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေရန် လက်ရှိဆောင်ရွက် နေသော သင်ရိုးများနှင့်ချိတ်ဆက်ပါက အကျိုးကျေးဇူးများပိုမိုရရှိနိုင်ပါသည်။

ထို့ပြင် နိုင်ငံတော်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များကြောင့် သင်ရိုးညွှန်းတမ်း ရေးဆွဲနိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ ၂၀၁၆ခုနှစ်တွင် ဖင်လန်နိုင်ငံ ပညာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသည် အမုန်းစကားနှင့် လူမျိုးရေးခွဲခြားသည့် ဝါဒကို တားဆီးရန်နှင့် လူမှုဟန်ချက်ညီ အားလုံးပါဝင်ရေးကို ဖော်ဆောင်ရန် လုပ်ငန်းအစီအစဉ်တစ်ခုကို စတင် ဆောင်ရွက်ခဲ့သည်။ အစောပိုင်း လုပ်ဆောင်မှုများသည် လူဦးရေအနည်းငယ်သာရှိပြီး ပြင်ပနိုင်ငံခြားသားများနှင့် ဆက်ဆံမှုအနည်းငယ်သာ ရှိသည့် တိုင်းပြည်တွင်းသို့ အချိန်တိုအတွင်း ရွှေ့ပြောင်းသွားလာသူများစွာ ဝင်ရောက်လာခြင်းကို ကိုင်တွယ်ရန် စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းအစီအစဉ်သည် ယခင်က တရားဥပဒေရှုထောင့်မှ အဓိကထား စဉ်းစားခဲ့သည့် ပြဿနာတစ်ရပ်ကို ကြိုတင်ကာကွယ်ရန် ၊ လျှင်မြန်စွာ တုန့်ပြန်ဆောင်ရွက်ရန် နှင့် ကြိုတင်တားဆီးနိုင်သော နည်းလမ်းကို ကျင့်သုံးပါသည်။ လုပ်ငန်းအစီအစဉ်အောက်တွင် ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကွဲပြားစုံလင်သည့် ယဉ်ကျေးမှုပေါင်းစုံဝါဒကို ၎င်း၏ အဖွဲ့အစည်းများ ချိတ်ဆက်မှု ကွန်ယက်၊ အစိုးရ ထောက်ပံ့ထားသည့် စီမံကိန်းများ၊ ထောက်ပံ့ငွေ လျှောက်ထားသည့် လုပ်ငန်းစဉ်များမှတစ်ဆင့် ရွေးချယ်ခြင်းစံနှုန်းများနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကနဦး အဓိက ဆောင်ရွက်ချက်တချို့တွင် အောက်ပါတို့ပါဝင်ပါသည် -

- လူငယ်များနှင့် ပုံမှန် သို့မဟုတ် အခြားသော နည်းလမ်းများဖြင့် အလုပ်လုပ်ကိုင်နေသော ပညာရှင်များနှင့် ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည်နှင့် စွမ်းရည်များကို တည်ဆောက်ခြင်း။
- တက်ကြွလှုပ်ရှားသော နိုင်ငံသား၊ ကွဲပြားစုံလင်သည့် ယဉ်ကျေးမှုပေါင်းစုံဝါဒနှင့် ဒီမိုကရေစီ မြှင့်တင်ရေးအတွက် ပြည်သူ့စာကြည့်တိုက်များကို ကူညီခြင်း။
- ဘောလုံး အားကစားနှင့် အခြားအဖွဲ့လိုက်ကစားရသော အားကစားများတွင် ညီညီမျှမျှရှိမှုကို မြှင့်တင်ရန် "လူမျိုးရေးဝါဒကို အနီကတ်ပြခြင်း" စီမံကိန်းကို ဖြန့်ဝေခြင်း။[၇၃]

ဥရောပကောင်စီသည် အွန်လိုင်းပေါ်တွင် အမုန်းစကားကို ဆန့်ကျင်တိုက်ဖျက် ကိုင်တွယ်ဖြေရှင်းနိုင်စေရန်အတွက် လူငယ်များအား လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအကြောင်း ပြောကြားလာစေရန် လှုံ့ဆော်သည့်အနေဖြင့် အမုန်းမဲ့စကား လှုပ်ရှားမှုကို စတင်

[၇၂] Preventing and Responding to Hate Crimes, p. 53.

[၇၃] For more information on the 10-point Action Plan, please see: http://julkaisut.valtioneuvosto.fi/bitstream/ handle/10024/75432/ Meaningful_in_Finland.pdf

ဆောင်ရွက်နေပါသည်။ အဆိုပါလှုပ်ရှားမှုတွင် အမုန်းစကားများကို အပြစ်တင်ခြင်းနှင့် တိုင်ကြားခြင်းတို့ဖြင့် အမုန်းစကား လက်ခံမှု လျော့ချစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အမုန်းမဲ့ စကား လှုပ်ရှားမှုကို နိုင်ငံပေါင်း (၄၀) ကျော်တွင် နိုင်ငံတော်အဆင့် လှုပ်ရှားမှုများ ပြုလုပ်ကြပြီး ၎င်းလှုပ်ရှားမှု၏ အဓိကဦးစားပေးဆောင်ရွက်ချက်များအနက် တစ်ခုမှာ ဥရောပ အမုန်းရာဇဝတ်မှု ကြောင့် ထိခိုက်နစ်နာသူများနေ့ အဖြစ် ဇူလိုင် ၂၂ ရက်ကို သိရှိစေရန် ဖြစ်ပါသည်။[၁၂၃]

ကနေဒါနိုင်ငံတွင် ၂၀၁၆ခုနှစ်၊ ဧပြီလ၌ SOMEONE (နေ့တိုင်းဆိုရှယ်မီဒီယာပညာပေးရေး) ကိုစတင်အကောင်အထည် ဆောင်ရွက်ခဲ့ပြီး ၎င်းသည် အမုန်းစကားကိုတားမြစ်၍ အစွန်းရောက်အကြမ်းဖက်မှုများကို ဖြစ်စေနိုင်သည့်သဘောထားတင်းမာ အစွန်းရောက်ခြင်းကို ပြုပြင်နိုင်ရန်ရည်ရွယ်သော ရုပ်သံတင်ဆက်မှုများ ပါဝင်သည့် ဝဘ်ပေါ်တယ် (portal) တစ်ခုပါဝင်ပါသည်။ အဆိုပါ ရုပ်သံတင်ဆက်မှုများသည် လူငယ်များ၊ ကျောင်းနှင့် လူထုအသိုင်းအဝိုင်းအဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာ မူဝါဒဆိုင်ရာ အရာရှိများနှင့် အများပြည်သူများကို ရည်ရွယ်ပြီး အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သော ဒီမိုကရေစီဆွေးနွေးပွဲများကို အားပေးခြင်းနှင့် သတင်းအချက်အလက် စာပေကျွမ်းကျင်မှုနှင့်ဝေဖန်စဉ်းစား တွေးခေါ်ခြင်းများကိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပါသည်။[၁၂၄]

ဤကဲ့သို့ လှုပ်ရှားဆောင်ရွက်မှုများသည် ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီး ကာလများအတွက် ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းများ၏ အားထားရသည့် မိတ်ဖက်များဖြစ်လာနိုင်ပါသည်။

## အမုန်းစကား ဆန့်ကျင်တိုက်ဖျက်ရန် ပိုမိုကောင်းမွန်သော ဥပဒေမူဘောင်အတွက် အကြံပြုခြင်း

အကယ်၍ နိုင်ငံတွင်း ဥပဒေများသည် ရွေးကောက်ပွဲကာလအတွင်း အမုန်းစကားကို ဆန့်ကျင်တိုက်ဖျက်ရန် သင့်လျော်ခြင်းမရှိပါက၊ အကယ်၍ ယင်းဥပဒေကို အကောင်အထည်ဖော်ရန် အခက်အခဲများ ရှိနေပါက၊ နှင့်/ သို့မဟုတ် အကယ်၍ ယင်းသည် နိုင်ငံတကာ သဘောတူစာချုပ်များ၊ အလေ့အကျင့်ကောင်းများနှင့် ကိုက်ညီခြင်းမရှိပါက ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းသည် ဥပဒေ ပြန်လည်ပြင်ဆင်ရန်အတွက် ၎င်းတို့၏အသိပညာ ၊ ကျွမ်းကျင်မှု တို့ကို အသုံးချသင့်ပါသည်။ အနိမ့်ဆုံးအဆင့် အနေဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းများသည် ဥပဒေရေးဆွဲသူများနှင့်အတူ "သတင်းအချက်အလက်မျှဝေခြင်း" နှင့် "အသိပညာမြှင့်တင်ခြင်း" တို့တွင် ပါဝင်ဆောင်ရွက်သင့်ပါသည်။ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများနှင့် ရွေးကောက်ပွဲများအပေါ် ဥပဒေပါ အချက်အလက်များက သက်ရောက်မှုရှိသဖြင့် ရွေးကောက်ပွဲဥပဒေသာမက ရွေးကောက်ပွဲကော်မရှင်သည် မိမိတို့အဖွဲ့နှင့် အခြား အဖွဲ့အစည်းများ စိတ်ဝင်စားသည့် နယ်ပယ်တူသည့်အခါ (ဥပမာ လူ့အခွင့်အရေး တိုးတက်မြင့်မားရေး၊ ဖိနှိပ်ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး၊ အကြမ်းဖက်မှုများ လျော့ချရေး နှင့် လွတ်လပ်စွာ ရေးသားပြောဆိုထုတ်ဖော်ခွင့်၊ အရပ်ဖက်လူမှုတက်ကြွလှုပ်ရှားမှုများနှင့် လွတ်လပ်သောမီဒီယာများ ပေါ်ပေါက်လာစေရေး လမ်းဖွင့်ပေးခြင်းတို့နှင့် ဆက်စပ်သော အခြေအနေများ) ကျယ်ပြန့်သော အဖွဲ့ပေါင်းစုံပါဝင်သော အသိပေးအရေးဆိုသည့် ပူးပေါင်းအဖွဲ့နှင့် လက်တွဲလုပ်ဆောင်ရန် စဉ်းစားသင့်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုသည် ရွေးကောက်ပွဲကာလအတွင်းသာမက ယင်းနောက်ကာလများတွင် သီးခြားပစ်မှတ်ထားအဖွဲ့များထက်ကျော်လွန်၍ အမုန်းတရားရာဇဝတ်မှုကိစ္စရပ်များနှင့်ပတ်သက်ပြီး လူထု၏ အကျိုးစီးပွားကို အလေးထားဖော်ဆောင်နိုင်သည်။[၁၂၅]

## ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဖွဲ့အစည်းတစ်ခုတည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြင့် အမုန်းစကား တိုက်ဖျက်ရေးကို အောင်မြင်စွာ ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းများသည် အခြေခံ လူ့အခွင့်အရေးကို ကာကွယ်လိုပြီး အမုန်းစကားတိုက်ဖျက်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ရန် မိမိကိုယ်ပိုင်အခွင့်အရေးဖြင့် ပါဝင်ဆောင်ရွက်လိုသော အဖွဲ့အသီးသီးတို့၏ ထောက်ပံ့ကူညီမှု လိုအပ်ပါသည်။

---

[၁၂၃] For more information on No Hate Speech Movement please see: https://www.coe.int/en/web/no-hate- campaign

[၁၂၄] http://projectsomeone.ca

[၁၂၅] Preventing and Responding to Hate Crimes, p. 65.

| ရွေးကောက်ပွဲဆိုင်ရာ အကျိုးဆက်စပ်သူများ | ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများအတွင်း အမုန်းစကားတိုက်ဖျက်ရေးမဟာဗျူဟာများအတွက် ဆောင်ရွက်ရမည့်အချက်များ |
|---|---|
| နိုင်ငံရေးပါတီများ | ● ကိုယ်စားလှယ်များကို စောင့်ကြည့်ခြင်းနှင့် ကိုယ်စားလှယ်များ၏ ဘာသာစကား အသုံးအနှုန်း တင်ဆက်ပုံ များ၊ ကြော်ငြာစာတမ်းများနှင့် မိန့် ခွန်းများ<br>● မတူညီကွဲပြားသော ကိုယ်စားလှယ်များ ခန့်အပ် ခြင်း (ဥပမာ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားမျိုးနွယ်စု အမျိုးမျိုးနှင့် ယုံကြည်ကိုးကွယ်မှု မတူညီသူများ) နှင့် မတူညီကွဲပြားမှုများနှင့် လူ့အခွင့် အရေးကို - အရေးကြီးသော ပါတီမူဝါဒလမ်းစဉ်အဖြစ် ချမှတ်ပါ။<br>● အမုန်းစကားနှင့် အကြမ်းဖက်မှုများ တွင် ပါဝင်ပတ်သက်ခြင်း မပြုရန် ကျင့်ဝတ်စည်းကမ်းကို လက်မှတ် ရေးထိုးပါ။<br>● ပါတီသည် အမုန်းစကားများ ပြောကြားပြီး အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော် သည့် အဖွဲ့များနှင့် ကင်းရှင်းမှုရှိပါစေ။ |
| တရားစီရင်ရေး | ● နိုင်ငံတကာ အဆင့်မီ အငြင်းပွားမှုဆိုင်ရာ စီရင်ထုံးများ နှင့် အညီ သင့်လျော်သောဥပဒေများနှင့် နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံဥပဒေတို့၏ မူဘောင်အတွင်းမှ အမုန်းစကား အငြင်းပွား မှုများကို တရားစီရင်ပါ။ |
| လူမှုအဖွဲ့အစည်းနှင့် ဘာသာရေးခေါင်းဆောင်များ | ● မိမိ၏ဩဇာအာဏာသက်ရောက်မှုအတိုင်းအတာ အတွင်း သဘောထားကြီးမှု၊ မတူညီကွဲပြားမှု ကြား စည်းလုံးညီညွတ်မှုနှင့် လူသား ဂုဏ်သိက္ခာနှင့် အပြန်အလှန် ရှိသေလေးစားမှု များကို မြှင့်တင်ပါ။<br>● အမုန်းစကားကို ဆန့်ကျင်တိုက်ဖျက်ရေးအတွက် မိမိ၏ ဩဇာအာဏာကို အသုံးပြုပါ။<br>● ကျား/မ တန်းတူအခွင့်အရေးရရှိရေးကို ဆောင်ရွက်ပြီး အမျိုး သမီးများ၊ လူနည်းစုများ၊ မသန်စွမ်းသူများကို လေးစားပါ။ |

| | |
|---|---|
| အရပ်ဖက်လူမှုအဖွဲ့အစည်းများ | ● အမုန်းစကား ဆန့်ကျင်တိုက်ဖျက်ရေး မိန့်ခွန်းများ၊ ပြန်လည် ဖြေရှင်းချက်များနှင့် အွန်လိုင်းတွင် ၊ စည်းလုံးညီညွတ်ငြိမ်းချမ်း ရေး အသားပေး သတင်း စကားများဖြင့် အမုန်းစကားကို ဆန့် ကျင် တိုက်ဖျက်ပါ။<br>● အမုန်းစကား ဖြစ်စဉ်များကိုစောင့်ကြည့်၍ ပုံမှန် အစီရင်ခံပါ။<br>● ငြိမ်းချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးဆိုင်ရာ ပူးပေါင်း ပါဝင်မှုများနှင့် သဘောထားကြီးမှုတို့၏ အကျိုးကျေးဇူးများကို ပြည်လူသူထုများသိရှိစေရန် အသိပေး ဆွေးနွေးပြောကြားပါ။<br>● ဘာသာပေါင်းစုံအဖွဲ့များကို ပွဲများနှင့် လှုပ်ရှားမှုများ တွင် ပါဝင်စေပါ။<br>● ရွေးကောက်ပွဲများတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ် စေရန် ပြည်သူလူထုများကို လှုံ့ဆော်ခြင်းနှင့် ရွေးကောက်ပွဲများတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများကိုကိုင်တွယ်ဖြေရှင်း ရန် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ပါ။<br>● နိုင်ငံရေး (အမြတ်ထုတ်မှု)နှင့် အလွဲသုံးစားလုပ်မှုများ မပြုလုပ်စေရန် အမုန်းစကား ပြောကြားခြင်းကို စောင့်ကြည့်ကွပ်ကဲသည့် ဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို စောင့်ကြည့်ပါ။ |
| မီဒီယာ | ● အမုန်းစကားနှင့်ပတ်သက်သည့် ကျင့်ဝတ် စည်းကမ်းများနှင့် ဥပဒေကို လိုက်နာပါ။<br>● စာတည်းဖြတ်မှု ၊ တာဝန်ခံမှုတို့ကို ကျင့်သုံးပါ။<br>● အမုန်းစကား တိုက်ဖျက်ရေးနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို မြှင့်တင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှု သတင်းထုတ်ပြန်ချက်များနှင့် ပြန်လည် ဖြေရှင်းချက် များကို ထုတ်ပြန်ပါ။<br>● အမုန်းစကားများ ၊ စီစဉ်ထားသော အမုန်းစကား လှုပ်ရှားမှုများကိုစုံစမ်း ဖော်ထုတ်အစီရင်ခံတင်ပြပြီး အမုန်းစကားကို ပြောကြားနေသော နိုင်ငံရေး သမားများကို ၎င်းတို့၏ စကားများ ကို ပြန့်ပွားစေခြင်းမရှိဘဲ ရှာဖွေဖော်ထုတ်ပါ။<br>● ကျင့်ဝတ်ညီညွတ်သော သတင်းသမားကွန်ယက်၏ လမ်းညွှန် ချက် (၅) ခုမှာ - အချက်အလက်အမှန်ကို အစီရင်ခံပါ။ ဥပဒေကိုသိပါ။ လူသားချင်းစာနာမှုကို ဖော်ပြပါ။ ထိခိုက်ခံရ သူများထံမှ နားထောင်ပါ။ အမုန်းတရားကို စိန်ခေါ်ပါ။[၁၂၇] |

[၁၂၇] http://ethicaljournalismnetwork.org/ejn-launches-new-migration-reporting-guidelines-gfmd

| | |
|---|---|
| ဆိုရှယ်မီဒီယာ ပလက်ဖောင်း | ● အဓိက စကားလုံးများကို စောင့်ကြည့်ပါ/ မန်နေဂျာများ ပါဝင် ဆောင်ရွက်ခြင်း။<br>● "စတစ်ကာ လှုပ်ရှားမှု" ကိုမြှင့်တင်ပါ။ အသုံးပြုသူမှ အမုန်းစကားကို ဖတ်ရှုမိချိန်တွင် ဆန့်ကျင်ကြောင်း နှင့် သဘောမတူကြောင်းပြသနိုင်သည့် အိုင်ကွန်ကို ဖိနှိပ်ခြင်း။<br>● ဘလော့ဂါများသည် သတင်းအတုများနှင့် ကောလဟာလ များကို ရှာဖွေဖော်ထုတ်ပြီး ငြိမ်းချမ်းရေးနှင့် စည်းလုံး ညီညွတ် ရေး သတင်းစကားများနှင့် ပြန်လည်ဖြန့်ဝေနိုင်ပါ သည်။ |
| ဥပဒေရေးဆွဲသူများ | ● အမုန်းစကားနှင့် အကြမ်းဖက်မှုများကို လှုံ့ဆော်မှုများအား အုပ်ချုပ်ကွပ်ကဲနေသည့် ဥပဒေမူဘောင်များအတွင်း လစ် ဟာချက် (ဟာကွက်)များကို ကိုင်တွယ်ဖြေရှင်းပြီး ရှင်းလင်း၍ တစ်ပြေးညီ ( နိုင်ငံတကာ လုပ်ငန်းစဉ်များနှင့် အညီ) ဆောင် ရွက်ပါ။<br>● နိုင်ငံတကာ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းကောင်း များနှင့် အညီ အမုန်းစကား ဥပဒေများနှင့် မူဝါဒများကို သေချာ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ပါ။<br>● ဥပဒေအဆင့်ဆင့်ကို အပြန်အလှန်စစ်ဆေးရုံသာမက အခြား ဥပဒေများဖြစ်သော ရွေးကောက်ပွဲဥပဒေ၊ မီဒီယာ ဥပဒေ၊ ဆိုင် ဘာဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေစသည်တို့ ဖြင့် စစ်ဆေးပါ။ |
| အစိုးရ | ● အမုန်းစကားဆန့်ကျင်သော အချက်များကို မူဝါဒအခြေခံ၍ ထုတ်ဖော် ပြောကြားပါ။<br>● မဲဆုံးရှုံးခြင်း သို့မဟုတ်မိမိအပေါ် တန်ပြန်သက်ရောက်မှုရှိ မည်ကို ကြောက်ရွံ့ပြီး တိတ်ဆိတ်မနေပါနှင့်။<br>● ကျောင်းသင်ရိုးများတွင် အမုန်းစကား ဆန့်ကျင်ခြင်းကို ထည့်သွင်းပါ။<br>● နိုင်ငံတော်အဆင့်စီမံခန့်ခွဲရေးအစီအစဉ်များတွင် အမုန်း စကားဆန့်ကျင်ရေးကို ထည့်သွင်းပါ။ |

| | |
|---|---|
| လုံခြုံရေးဆောင်ရွက်သူများ | ● ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်နိုင်သော အန္တရယ်များကို လျော့ချနိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အစီအစဉ်များကို ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့၊ ရဲတပ်ဖွဲ့၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လူထုခေါင်းဆောင်များ စသည် တို့နှင့် ပူးပေါင်း ဆောင်ရွက်ပါ။<br>● နိုင်ငံတကာနှင့် နိုင်ငံတော် လူ့အခွင့်အရေး အကာအကွယ်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် အထူးသဖြင့် အမုန်းစကားနှင့် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်းများကို နားလည်စေရန် သင်တန်းများတွင် ပါဝင် တက်ရောက်ပါ။<br>● ရွေးကောက်ပွဲ ကာလတလျောက်ပါဝင်သူများအားလုံး အတွက် ညီမျှသော ကာကွယ်စောင့်ရှောက်မှုကို အာမခံနိုင်ရန်နှင့် တူညီသော အခြေအနေများရှိကြောင်း သေချာစေရန် ဥပဒေဘောင်အတွင်းတွင် အမုန်းစကားနှင့် အကြမ်းဖက်မှု များဖြစ်ပေါ်စေရန် လှုံ့ဆော်မှုများမှ ပစ်မှတ်ထားသူများကို အကာအကွယ်များပေးပါ။[၁၂၈]<br>● ဥပဒေအရ အပ်နှံထားသော အခွင့်အာဏာအတွင်း စေ့စပ်သေချာသော၊ အချိန်နှင့် တပြေးညီဖြစ်ပြီး ဘက်မလိုက်သော စုံစမ်း စစ်ဆေးမှုများကို ဆောင်ရွက်ပါ။ |
| နိုင်ငံတကာအဖွဲ့အစည်းများ / ငွေကြေးထောက်ပံ့သူများ (အလှူရှင်များ) | ● အမုန်းစကား ဆန့်ကျင်တိုက်ဖျက်ရေး အစီအစဉ်များ၊ စောင့် ကြည့်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းများတွင် ကူညီခြင်း။<br>● ရွေးကောက်ပွဲအကူအညီအဖြစ် ပဋိပက္ခမဖြစ်စေရန် သတိထားဆောင်ရွက်ရမည့် နည်းလမ်းများကို ထည့်သွင်းဆောင်ရွက်ပေးခြင်း။<br>● အမုန်းစကားဆန့်ကျင်ရေးအတွက် အခြားကဏ္ဍဖြစ်သည့် ဒီမို ကရေစီ အထောက်အပံ့၊ အုပ်ချုပ်မှု၊ ဥပဒေစိုးမိုးရေး၊ ပညာရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများ ပူးပေါင်း ဆောင်ရွက်ပါ။ |

[၁၂၈] http://www.osce.org/odihr/elections/339581?download=true

# ၉။ နိဂုံးချုပ်

ရွေးကောက်ပွဲများတွင် အထူးသဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွင်းတွင် အမုန်းစကားများအသုံးပြုခြင်းသည် လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲသော ကိစ္စရပ်ဖြစ်ပါသည်။ ၎င်း၏ ကျယ်ပြန့်မှုနှင့် ရှုပ်ထွေးမှုကြောင့် ပါဝင်ပတ်သက်နေသော အကျိုးဆက်စပ်သူများအချင်းချင်း အပြန်အလှန်ချိတ်ဆက်ပြီး သက်ဆိုင်သောအဖွဲ့များ၏ ဆောင်ရွက်ချက်များ ပိုမိုအားကောင်း လာစေရန်အတွက် မဟာဗျူဟာမြောက်သော နည်းလမ်းတစ်ခုလိုအပ်ပါသည်။ ဥပဒေ စည်းကမ်းများ ချမှတ်ခြင်းနည်းလမ်းသည် အငြင်းပွားဖွယ်ဖြစ်သည့်အပြင် အခြေခံ (လူ့)အခွင့်အရေးများနှင့် ပဋိပက္ခဖြစ်သည့်အခါ ဖြေရှင်းရန် ခက်ခဲနိုင်ပြီး ၎င်းတို့၏ ထိရောက်မှုမှာလဲ အကန့်အသတ်ရှိပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်းများအနေဖြင့် စည်းကမ်းများချမှတ်ခြင်းမဟုတ်သည့် နည်းလမ်းများကို အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရှာဖွေရန် အကြံပြုအပ်ပါသည်။ ယခုအချိန်ထိ တိကျခိုင်မာသော အရေးအတွက်ဆိုင်ရာ သုတေသနများအရ မတူညီသောပြည်သူလူထုများ အမုန်းစကားကို နားလည်တုံ့ပြန်ပုံ နှင့် သီးခြားနိုင်ငံအလိုက် အမုန်းစကား ဆန့်ကျင်သည့်နည်းလမ်းများ၏ ထိရောက်မှုသည် အကန့်အသတ်ရှိနေပါသည်။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ ၏ ကျယ်ပြန့်သော အသိုင်းအဝိုင်းမှ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းများကျင့်သုံးသည့် နှိုင်းယှဉ် နည်းလမ်းများနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် အခြားအစိုးရ ဌာနများ သို့မဟုတ် အရပ်ဖက် လူမှု့အဖွဲ့အစည်းများ၏ အတွေ့အကြုံများကို မည်ကဲ့သို့အောင်မြင်စွာအသုံးပြုခဲ့သည့် သတင်းအချက်အလက်များကို အလွယ်တကူမရရှိကြပါ။ ပါဝင်သော အကျိုးဆက်စပ်သူများ၏ အောင်မြင်သော ကြိုးပမ်းအားထုတ်မှုများနှင့် ထိရောက်သော မဟာဗျူဟာများအကြောင်းကို လေ့လာဖြန့်ဖြူးရန်နှင့် ကောင်းစွာသိရှိစေရန် ရည်ရွယ်ပြီး IFES သည် ရွေးကောက်ပွဲ စီမံ ခန့်ခွဲမှု အဖွဲ့အစည်းများကို ၎င်းတို့၏ အတွေ့အကြုံများအား epeace@ifes.org သို့ ပေးပို့မျှဝေရန် ဖိတ်ခေါ်ထားပါသည်။ IFES အနေဖြင့် အလေ့အကျင့်ကောင်းများပေါ်ပေါက်သည့်အခါ ဤအစီရင်ခံစာကို အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်မည်ဖြစ်ပါသည်။

**လူကိုယ်ခန္ဓာ – နှိုင်းယှဉ်ဖော်ပြချက်**

လူကိုယ်ခန္ဓာကို နှိုင်းယှဉ်ဖော်ပြချက်တွင် တစ်ခုတည်းဖြစ်ခြင်း အခြေခံမှုသည် လူမှုအဖွဲ့အစည်းတစ်ခုကို မည်ကဲ့သို့ အုပ်ချုပ်နိုင်သည်ကို သရုပ်ဖော်ပြနေပါသည်။ ကိုယ်ခန္ဓာအတွင်းတွင် ပုံစံအမျိုးမျိုးနှင့် လုပ်ဆောင်ချက်မတူညီသည့် သန်းပေါင်းများစွာသော ဆဲလ်များသည် လူသားဟူသော ဖြစ်တည်မှု ဖြစ်လာစေရန် ပူးပေါင်းဆောင်ရွက်ကြသည်။ အဆိုပါ ဆဲလ်ပေါင်းများစွာသည် ကိုယ်ခန္ဓာတစ်ခုလုံး ကြီးထွားကောင်းမွန်စေရန်နှင့် ၎င်းဆဲလ်တစ်ခုချင်းဆီသည် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်လိုအပ်သည်များကိုအပြန်အလှန်ပေးအပ်ခြင်း၊လက်ခံရယူခြင်းပြုလုပ်ကြသည်။ ရှားပါးလာသော အရင်း အမြစ်များအား မိမိတို့၏ လိုအပ်ချက်အတွက် ယှဉ်ပြိုင်ရယူခြင်းဆိုသည့် သဘောတရားကဲ့သို့ ယနေ့ခေတ်တွင် ဖြစ်ပေါ်နေသည့် လူမှု့ပတ်ဝန်းကျင်အား ထင်ဟပ်နေသော သဘောတရားများကို ကျန်းမာသော လူသား ကိုယ်ခန္ဓာနှင့် နှိုင်းယှဉ်ရှင်းလင်းပြောကြားရန် မည်သူမျှကြိုးစားကြမည် မဟုတ်ပါ။ လူကိုယ်ခန္ဓာ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၎င်း၏ ဆဲလ်များအားလုံးသည် ထပ်တူညီ ဖြစ်သင့်သည်ဟုလည်း မည်သူမျှအငြင်းမပွားကြပါ။ ဤကဲ့သို့ တပြေးညီ တူညီမှုသည် ကိုယ်ခန္ဓာအသက်ရှင် ရပ်တည်မှုအတွက် လိုအပ်သောရှုပ်ထွေးသည့် လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်နိုင်စွမ်း မရှိဖြစ်စေနိုင်ပါသည်။ လူကိုယ်ခန္ဓာ၏ လုပ်ငန်းဆောင်ရွက်များ အဆင်ပြေချောမွေ့စေရန် အသုံးပြုသည့် အခြေခံမှုမှာ မတူညီကွဲပြားမှုများ စည်းလုံးညီညွတ်ခြင်းပင် ဖြစ်ပါသည်။ လူသားကိုယ်ခန္ဓာ၏ စိတ်ကူးလုပ်ငန်းဆောင်ရွက်ပုံကို လူမှု့ပတ်ဝန်းကျင်တွင် အလားတူ ကျင့်သုံးနိုင်ရန် ဖြစ်နိုင်ပါသည်။

ကိုးကား – လူသား သာယာဝပြောရေးအတွက် လေ့လာသည့်အဖွဲ့အစည်းမှ ရေးသားပြီး လူမှုပတ်ဝန်းကျင်တွင် သဟဇာတဖြစ်မှုကို မြှင့်တင်ရန်နှင့် အမုန်းစကားအပါအဝင် ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် IFES ၏ ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုဆန့်ကျင့်ခြင်းဆိုင်ရာ သင်ရိုးတွင် အသုံးပြုထားပါသည်။

(https://www.globalprosperity.org/documents

ISGP_Advancing_Toward_the_Equality_of_Women_and_Men. pdf¿2ddadebc)]

# နောက်ဆက်တွဲ ၁ ။ အမုန်းစကားကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုသည့် ဥပဒေများ

ဤအခန်းတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် ရွေးကောက်ပွဲ နှင့် သက်ဆိုင်သော ဥပဒေနှင့် မူဝါဒများ ၊ အမုန်းစကားတိုက်ဖျက်ရန် ရေးဆွဲပြဋ္ဌာန်းထားသည့် ကျယ်ပြန့်သည့် မူဘောင်များအကြောင်း ဆွေးနွေးပါမည်။

## ရာဇဝတ်မှု / ပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

အချို့နိုင်ငံများတွင် အမုန်းစကားကို ရာဇဝတ်မှုမြောက်သော ကိစ္စတစ်ရပ်အဖြစ် သတ်မှတ်ပါသည်။

ကနေဒါနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တွင် "အမျိုးအမည် သီးခြားဖြစ်တည်နေသည့် မည်သည့် အုပ်စု တစ်စုကိုမဆို ရည်ရွယ်၍ မုန်းတီးစေရန် သွေးထိုးလှုံ့ဆော်မှု လူသိရှင်ကြားပြုလုပ်ခြင်းကို ပြစ်မှုအဖြစ်" သတ်မှတ်ပြီး ပြုလုပ်သူကို တရားစွဲဆို၍ အမြင့်ဆုံး ထောင်ဒဏ် (၂)နှစ် သို့မဟုတ် သာမာန်ကျူးလွန်မှုဖြစ်ပါက အမြင့်ဆုံး ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် (၆)လအထိ ချ မှတ်နိုင်သည်။ အမုန်တရားကို ထွက်ဆိုခြင်း နှင့် ပြည်သူလူထု ငြင်းခုန်ကြသည့် အကြောင်းအရာများ ၊ ဘာသာရေး ဆုံးမဩဝါဒ ဒေသနာများ ဤပြစ်မှုတွင် အကျုံးမဝင်ပါ။[၁၂၉] "သီးခြားအသွင်လက္ခဏာရှိသည့် အုပ်စုတစ်စု" ကို "အသားအရောင်၊ လူမျိုး၊ ဘာသာရေး၊ နိုင်ငံသား နှင့် တိုင်းရင်းသား ဇစ်မြစ် ၊ အသက်အရွယ်၊ ကျား ၊ မ ဖြစ်တည်မှု ၊ လိင်စိတ်ကိုင်းညွတ်မှု သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုစသည်တို့အပေါ် မူတည်၍ ခွဲခြားသိမြင်နိုင်သည့် မည်သည့်အုပ်စုကိုမဆို" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။[၁၃၀]

**အမုန်းစကားတိုက်ဖျက်ရာတွင် အသုံးပြုရေးဆွဲပြဋ္ဌာန်းထားသည့်အခြားသော ဥပဒေနှင့် မူဝါဒများ**

- ရာဇဝတ်မှုပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ
- နိုင်ငံတော်စည်းလုံးညီညွတ်ရေးနှင့် ပေါင်းစည်းညီညွတ်ရေး ဥပဒေများနှင့် မူဝါဒများ
- ခွဲခြားဆက်ဆံမှု ပပျောက်ရေး
- လူ့အခွင့်အရေးဥပဒေ
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူ့အခွင့်အရေးလုပ်ငန်း အစီအစဉ်များနှင့် ကျားမရေးရာ လုပ်ငန်းအစီအစဉ်များ
- အမုန်းရာဇဝတ်မှုဥပဒေ
- အမုန်းစကားဥပဒေများ
- ဆိုက်ဘာဥပဒေ
- နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ဥပဒေ

ဘာသာ၊ သာသနာအကြည်ညိုပျက်စေခြင်း ဥပဒေများ

နော်ဝေးနိုင်ငံ၏ ရာဇဝတ်မှုဥပဒေတွင် တစ်စုံတစ်ယောက်ကို ခြိမ်းခြောက်ခြင်း သို့မဟုတ် လှောင်ပြောင်ခြင်း၊ သို့မဟုတ် တစ်စုံတစ်ယောက်အား ၎င်း၏ အသားအရောင်၊ တိုင်းရင်းသားဇစ်မြစ်၊ လိင်စိတ်ကိုင်းညွတ်မှု ၊ ဘာသာရေး သို့မဟုတ် ဘဝဒဿန အတွေးအခေါ်များကြောင့် မုန်းတီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မထီမဲ့မြင်ပြုမှုတို့ကို ဖြစ်စေရန် သွေးထိုးလှုံ့ဆော်သည့် စကားများကို အမုန်းစကားဟု အဓိပ္ပါယ်ဖွင့်ဆို၍ တားမြစ်ထားပါသည်။ နော်ဝေးနိုင်ငံတွင် အမုန်းစကားပြောကြားခြင်းကို တားမြစ်ပိတ်ပင်မှု သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အာမခံ ပေးထားသည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ကိုမထိခိုက်စေရန် မည်ကဲ့သို့မျှတအောင်ဆောင်ရွက်ရမည်နှင့် ပတ်သက်ပြီး လူထုအကြားနှင့် တရားစီရင်ရေးကဏ္ဍတွင် ကျယ်ပြန့်စွာ ငြင်းခုန်နေကြသည်။ နော်ဝေးတရားရုံးများက အမုန်းစကားတားမြစ်ခြင်း၌ ဥပဒေကို အသုံးပြုရန် လွန်စွာသတိထားလေ့ရှိပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ပြည်သူ့ရေးရာ ကော်မတီ (၁၉၉၆ - ၁၉၉၉) သည် အဆိုပါ အမုန်းစကားပိတ်ပင်ချက်ကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း အကြံပြုခဲ့ပါသည်။ သို့သော် နော်ဝေး လွှတ်တော်က ၎င်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပိုမိုရှင်းလင်းစွာ ဖော်ပြခြင်း သို့မဟုတ် ပြဋ္ဌာန်းချက်များကို ဖြည့်စွက်ခြင်းတို့ဖြင့်၎င်းဥပဒေကို ပိုမိုအားကောင်းခိုင်မာအောင် ပြုလုပ်ရန် မဲဆန္ဒပြုခဲ့ကြပါသည်။[၁၃၁၊ ၁၃၂]

---

[၁၂၉] For more on this law, please see http://laws-lois.justice.gc.ca/eng/acts/C-46/section-319.html. Also, the landmark judicial decision in the case of R. v. Keegstra (1990).

[၁၃၀] http://laws-lois.justice.gc.ca/eng/acts/C-46/section-319.html

[၁၃၁] https://en.wikipedia.org/wiki/Hate_speech

[၁၃၂] http://www.loc.gov/law/foreign-news/article/norway-proposed-criminal-law-amendment-to-include-internet- in-public-space-public-act-definition/

ချက်ပြည်သူ့ သမ္မတ နိုင်ငံ၏ ရာဇဝတ်ဥပဒေတွင် အမုန်းစကားကို အထူးပြုတားမြစ်ပိတ်ပင်ထားပါသည် (ပုဒ်မ ၃၅၆)။ "လူပုဂ္ဂိုလ်များ၏ မည်သည့်နိုင်ငံသားလူမျိုး၊ မျိုးနွယ်စု၊ ဘာသာရေး၊ အဖွဲ့ သို့မဟုတ် အတန်းအစား" ပေါ်တွင် မုန်းတီးမှု ဖြစ်ပေါ်စေရန် လှုံ့ဆော်မှု ပြုလုပ်သူကို ထောင်ဒဏ် ၂ နှစ်အထိကျခံရနိုင်ပါသည်။ အဆိုပါ ဥပဒေ ပုဒ်မ ၃၅၆ သည် မည်သည့်နိုင်ငံ၊ ၎င်း၏ ဘာသာစကား၊ မည်သည့်လူမျိုး သို့မဟုတ် မျိုးနွယ်စု၊ သို့မဟုတ် အုပ်စုတစ်စုစုမှ မိမိတို့ကိုယ် မိမိတို့ အမှန်တကယ် သို့မဟုတ် လက်ခံအသိအမှတ်ပြုထားသော လူမျိုး၊ မျိုးနွယ်စု၊ နိုင်ငံသား သို့မဟုတ် ဘာသာ တို့ အပေါ်တွင် လူသိရှင်ကြား အသရေဖျက်မှု ကိုလည်း အပြစ်ပေးနိုင်ပါသည်။ အဆိုပါ ကိစ္စရပ်မျိုးတွင် ထောင်ဒဏ် (၂)နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။ ထပ်မံ၍ ပြဋ္ဌာန်းချက် (ပုဒ်မ ၃၅၂) သည် ၎င်းတို့ အမှန်တကယ် သို့မဟုတ် ခံယူထားသော လူမျိုး၊ မျိုးနွယ်စု၊ နိုင်ငံသား သို့မဟုတ် ဘာသာတို့နှင့် ပတ်သက်၍ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုများအပေါ် အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများကို တားမြစ် ပိတ်ပင်ထားပါသည်။ အဆိုပါကိစ္စအတွက် ချမှတ်နိုင်သော ပြစ်ဒဏ်မှာ ထောင်ဒဏ် (၆) လမှ (၃) နှစ်အထိ ဖြစ်ပါသည်။[၁၃၃]

## အထူးဥပဒေများ

ပဋိပက္ခဖြစ်ပွားခဲ့သောနိုင်ငံများနှင့် အကြမ်းဖက်မှုဖြစ်ပွားလွယ်သောနိုင်ငံများတွင် နိုင်ငံသားများ သင့်မြတ်ချစ်ကြည်ရေးကို ရည်ရွယ်သည့် ဥပဒေများပြဋ္ဌာန်း၍အမုန်းစကားကို တိုက်ဖျက်ရန် ကြိုးစားကြသည်။ ကင်ညာနိုင်ငံ၏ ၂၀၀၈ နိုင်ငံတော် သဟဇာတ ဖြစ်ရေးနှင့် ပြန်လည်ပေါင်းစည်းရေး အက်ဥပဒေသည် အမုန်းစကားသုံးစွဲခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ပြီး မည်သည့် ကြားခံမီဒီယာကို အသုံးပြု၍ဖြစ်စေ တိုင်းရင်းသားလူမျိုးစုများအကြား မုန်းတီးမှု ဖြစ်စေရန် ခြိမ်းခြောက်သော ၊ ရန်လိုသော သို့မဟုတ် စော်ကားသော အသုံးအနှုန်း ၊ ဖော်ပြချက်အပြုအမူများ ကို တားမြစ်သည်။ ဥပဒေအရ ကင်ညာနိုင်ငံတော် သဟဇာတ ဖြစ်ရေးနှင့် ပေါင်းစည်းချစ်ကြည်ရေး ကော်မရှင်ကို ဖွဲ့စည်း၍ တိုင်းရင်းသားလူမျိုးစုများ သဟဇာတဖြစ်ရေး တွန်းအားပေးရန် နှင့် လူမျိုးစု သို့မဟုတ် တိုင်းရင်းသားအခြေပြု ခွဲခြားဆက်ဆံခြင်း သို့မဟုတ် တိုင်းရင်းသား နှင့် လူမျိုးစု ဆက်ဆံရေးကို ထိခိုက်စေသည့် အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးရန် အခွင့်အာဏာ အပ်နှင်းထားသည်။[၁၃၄]

## ခွဲခြားဆက်ဆံမှု ပပျောက်စေရေး ဥပဒေ

တောင်အာဖရိက နိုင်ငံတွင် အမုန်းစကားကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နှင့် တန်းတူညီမျှမှု တိုးမြှင့်ရေး နှင့် မတရားသဖြင့် ခွဲခြားဆက်ဆံမှု တားဆီးကာကွယ်ရေး အက်ဥပဒေ (၂၀၀၀) အရ တားမြစ်သည်။ ဥပဒေတွင် "မည်သူတစ်ဦးတစ်ယောက်ကိုမဆို ရည်ရွယ်၍ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တားမြစ်ထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့်(က) ထိခိုက်စေရန် ၊ (ခ) အန္တရာယ်ဖြစ်စေရန် သို့မဟုတ် အန္တရာယ်ဖြစ်စေသော လှုံ့ဆော်မှု သို့မဟုတ် (ဂ) မုန်းတီးမှုကို အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း စသည့် ရည်ရွယ်ချက်တစ်ခုခုဖြင့် သတင်းစကားများကို ထုတ်ဝေခြင်း၊ ဝါဒဖြန့်ချိခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း" ဟုဖော်ပြထားသည်။ တားမြစ်ထားသည့် အခြေအနေများတွင် လူမျိုး၊ ကျား ၊ မ အခြေပြု ၊ လိင် ၊ ကိုယ်ဝန်ရှိခြင်း ၊ လက်ထပ်ထိမ်းမြားမှု အခြေအနေ ၊ တိုင်းရင်းသား သို့မဟုတ် လူမှုဇစ်မြစ် ၊ အသားအရောင်၊ လိင်စိတ်ကိုင်းညွတ်မှု၊ အသက်အရွယ် ၊ ဘာသာရေး ၊ အယူအဆ ၊ ယုံကြည်မှု ၊ ယဉ်ကျေးမှု ၊ ဘာသာစကား နှင့် မွေးဖွားမှုတို့ ပါဝင်သည်။[၁၃၅]

## လူ့အခွင့်အရေး ဥပဒေ

နယူးဇီလန် လူ့အခွင့်အရေး အက်ဥပဒေ (၁၉၉၃) တွင် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးထားပြီး မည်သည့်လူအုပ်စုကိုမဆို ၎င်းတို့၏ အသားအရောင်၊ လူမျိုး သို့မဟုတ် မျိုးနွယ်စု သို့မဟုတ် နိုင်ငံသားဇစ်မြစ်တို့ကြောင့် ရန်လိုမှုများဖြစ်စေရန် ခြိမ်းခြောက်သော၊ ကြမ်းတမ်းသော သို့မဟုတ် စော်ကားသော စကားလုံးများ သို့မဟုတ် ထုတ်ဖော်ပြသမှုများကို ဥပဒေဖြင့် တားမြစ်ထားသည်။[၁၃၆] သြစတြေးလျနိုင်ငံသည် သွေးထိုးလှုံ့ဆော်ခြိမ်းခြောက်မှုများထက် စကားလုံးများကို လေ့လာပြီး ပစ်မှတ်ထားခြင်းခံရသော လူ (လူများ) အပေါ် အကျိုးသက်ရောက်မှုများကိုပါ ထည့်သွင်းစဉ်းစားသည်။ လူမျိုးရေး ခွဲခြားဆက်ဆံခြင်းဆိုင်ရာအက်ဥပဒေ (၁၉၇၅) ၊ ပုဒ်မ ၁၈ (ဂ) တွင် ဖော်ပြထားသည်မှာ - "(၁) လူပုဂ္ဂိုလ်တစ်ဦးသည် ပူးတွဲဖော်ပြပါ လုပ်ဆောင်ချက်ကို လူသိရှင်ကြားဆောင်ရွက်ခြင်းသည် ဥပဒေနှင့် မညီညွတ်ပါ။ ယင်းတို့မှာ - အကယ်၍ (က) အဆိုပါလုပ်ဆောင်

[၁၃၃] https://www.coe.int/t/dghl/monitoring/ecri/Country-by-country/Czech_Republic/CZE-CbC-V-2015-035-ENG.pdf

[၁၃၄] Mrabure, p. 163.

[၁၃၅] http://www.justice.gov.za/legislation/acts/2000-004.pdf

[၁၃၆] https://www.hrc.co.nz/your-rights/human-rights/human-rights-legislation-new-zealand/

ချက်သည် မည်သည့်အခြေအနေတွင်မဆို အုပ်စုတစ်စုတွင် ပါဝင်သည့် လူပုဂ္ဂိုလ်အချို့သို့မဟုတ် လူအားလုံးအား စိတ်ထိခိုက်စေရန်၊ စော်ကားရန်၊ အရှက်ရစေရန် သို့မဟုတ် အတင်းအကျပ် ဖိအားပေးရန် ဖြစ်နိုင်ချေရှိသည့် အပြုအမူ ဖြစ်လျှင် နှင့် (၂) အဆိုပါ အပြုအမူသည် အုပ်စုတစ်စုတွင် ပါဝင်သည့် လူအချို့သို့မဟုတ် လူအားလုံးတို့၏ မျိုးနွယ်စု၊ အသားအရောင် သို့မဟုတ် နိုင်ငံသားဇစ်မြစ် သို့မဟုတ် မျိုးနွယ်စုတို့ကြောင့် ဆောင်ရွက်ခြင်းဖြစ်လျှင်" ဟုဖော်ပြသည်။[၁၃၇] လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောကြားခွင့်အတွက် အရေးဆိုနေသူများသည် အဆိုပါပြဌာန်းချက်အပေါ် ဝေဖန်ခဲ့ပြီး ၎င်း၏ ကန့်သတ်ချက်နယ်ပယ်ကို ချုံ့နိုင်သမျှ ချုံ့ရန် တိုက်တွန်းနေ ကြသည်။ လူ့အခွင့်အရေးကော်မရှင်နှင့် တရားရုံးများသည် အဆိုပါ ဥပဒေအား အတည်ပြုပြဌာန်းရန် နိုင်ငံရေးဖိအားပေးမှုများကို ကြုံတွေ့နေရသည်။

## နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး လုပ်ငန်းအစီအစဉ်များ

မကြာသေးမီ နှစ်အနည်းငယ်က နိုင်ငံတချို့၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် ရွှေ့ပြောင်းလုပ်သားများနှင့် လူနည်းစုများ၏ အခန်းကဏ္ဍတို့အပေါ်တွင် အလေးထားပြီး လူ့အခွင့်အရေးပိုမို ရရှိရေးတို့ကို ဆောင်ရွက်ခဲ့သည်ဟု ယူဆရပါသည်။ နိုင်ငံအတော်များများတွင် ( ဥပမာ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ) ဖိနှိပ်ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်သည့် နည်းလမ်းများ ထည့်သွင်းရန် စီစဉ်ထားသည့် လူ့အခွင့်အရေး အစီအစဉ်များကို ကျင့်သုံးခဲ့ပါသည်။ အဆိုပါအစီအစဉ်များသည် မျိုးနွယ်စု၊ ကျား/မ နှင့် အခြား မတူညီသော အဖွဲ့အစည်းများဖြစ်သည့် မူစလင် သို့မဟုတ် ယဉ်ကျေးမှုသီးခြားရှိသည့် ဌာနေတိုင်းရင်းသား လူ့အဖွဲ့အစည်းများ နှင့် သက်ဆိုင်သော ကိစ္စရပ်များကို ရည်ညွှန်းခြင်းဖြစ်ပြီး အမုန်းစကားကိစ္စရပ်ကို တိုက်ရိုက်ကိုင်တွယ်ခြင်းအစား ပြုလုပ်နိုင်ရန် ရည်ညွှန်းထားကြောင်း တွေ့ရသည်။ အပြန်အလှန်ယဉ်ကျေးမှုအကြောင်းများကို နားလည်မှုတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်သော လှုပ်ရှားမှုများပါဝင်သည့် လုပ်ငန်းစဉ်များသည် အမုန်းစကားနှင့် ပတ်သက်ဆက်စပ်နေသော ပြစ်မှုများကို ကာကွယ်တားဆီးရာတွင် ကူညီပေးနိုင်ပါသည်။[၁၃၈]

## အမုန်း ရာဇဝတ်မှု ဥပဒေ

အမုန်းရာဇဝတ်မှု ဥပဒေများသည် ပုံမှန်အားဖြင့် အမုန်းစကားနှင့် ပတ်သတ်ပြီး မဖြေရှင်းနိုင်ပါ။ သို့သော် အုပ်စုတစ်စုစုတွင် ပါဝင်နေခြင်းကြောင့် တစ်စုံတစ်ဦးကို ဦးတည်၍ အမုန်းစကားများဖြင့် ရာဇဝတ်မှုကျူးလွန်ရန် လှုံ့ဆော်နေသည့်အခါ အဆိုပါဥပဒေဖြင့် ကိုင်တွယ်ကောင်း ကိုင်တွယ်နိုင်မည် ဖြစ်ပါသည်။ ဤ ဥပဒေအမျိုးအစားသည် သာမန်အားဖြင့် ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများကို ထင်ရှားစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး နှင့်/သို့မဟုတ် ပြစ်ဒဏ်ထပ်လောင်း ချမှတ်ခြင်း များ ပြုလေ့ရှိသည်။ အဆိုပါ ဥပဒေ များသည် အစိုးရကို အမုန်းရာဇဝတ်မှုများအပေါ် အချက်အလက် ကောက်ခံရယူစေရန်လည်း လိုအပ်နိုင်ပါသည်။[၁၃၉] မက်ဆီဒိုးနီးယားနိုင်ငံသည် အမုန်းတရား ရာဇဝတ်မှုများနှင့် ပတ်သက်သော နိုင်ငံ၏ဥပဒေမူဘောင်ကို ပြင်ဆင် ဖြည့်စွက်ချက်များ ရေးဆွဲရန်အတွက် ဆက်စပ်ပတ်သက်သူများ အဖွဲ့ပေါင်းစုံပါဝင်သော နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ အစိုးရသည် အစိုးရဌာနများနှင့် တရားရုံးများ၊ စကိုပီဂျေမြို့ရှိ အစိုးရရှေ့နေများရုံးနှင့် အယူခံရုံး၊ ဖိနှိပ်ခွဲခြားဆက်ဆံမှုများမှ အကာအကွယ်ပေးရေး ကော်မတီ၊ သိပ္ပံနှင့် ဝိဇ္ဇာ မက်ဆီဒိုးနီးယားအကယ်ဒမီမှ ကိုယ်စားလှယ်များနှင့် ပညာရေး၊ အရပ်ဖက် လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။ အဆိုပါလုပ်ငန်းအဖွဲ့သည် အထူးသဖြင့် ရာဇဝတ်မှုဆိုင်ရာ ပြဌာန်းချက်များနှင့် ရဲတပ်ဖွဲ့များအတွက် နည်းဥပဒေများနှင့် ပတ်သက်သော လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များကို အားလုံးသဘောတူညီချက်ရရှိခဲ့ပါသည်။ အဖွဲ့၏ဆွေးနွေးချက်များပါဝင်သော ပြင်ဆင်ဖြည့်စွက်ချက်မူကြမ်းကို လွှတ်တော်တွင် ဆွေးနွေးအတည်ပြုရန် အချောသတ်ပြီး ဖြစ်ပါသည်။

## အမုန်းစကား ဥပဒေများ

အိုင်ယာလန်နိုင်ငံ၏ အမုန်းတရားလှုံ့ဆော်ခြင်းအား တားမြစ်သည့် အက်ဥပဒေ (၁၉၈၉) တွင် " လူအုပ်စုတစ်စုကို ၎င်းတို့၏လူမျိုး၊ အသားအရောင်၊ နိုင်ငံသား၊ ဘာသာရေး၊ မျိုးနွယ်စု သို့မဟုတ် ပင်ရင်းနိုင်ငံ၊ ခရီးသွားလာနေသောအဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် ကျားမ ကွာခြားမှု တို့ပေါ်မူတည်၍ အမုန်းတရားပေါ်ပေါက်လာစေရန် ခြိမ်းခြောက်သော၊ ရန်းရင်းကြမ်းတမ်း

[၁၃၇] http://www.austlii.edu.au/cgi-bin/viewdoc/au/legis/cth/consol_act/rda1975202/s18c.html

[၁၃၈] Muntarbhorn, p. 23.

[၁၃၉] Preventing and Responding to Hate Crimes, p. 19.

သော သို့မဟုတ် စော်ကားသော နှင့် / သို့ ရည်ရွယ်သော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော စကားလုံးများ သို့မဟုတ် အပြုအမူများ" ကို တားမြစ်ထားပါသည်။[၁၄၀] အမေရိကန်နိုင်ငံတွင် အသရေဖျက်ခြင်းကို ဆန့်ကျင်သည့် အဖွဲ့ချုပ် (ADL) သည် အမုန်းတရား ရာဇဝတ်မှု ဥပဒေ ပထမပုံစံကို ရေးဆွဲခဲ့သည်။ ထိုအချိန်မှစတင်၍ ကိုလံဘီယာပြည်နယ်အပါအဝင် ပြည်နယ် ၄၅ ပြည်နယ်တို့တွင် အဆိုပါ ADLဥပဒေပထမပုံစံ ကိုအခြေခံထားခြင်း သို့မဟုတ် ဆင်တူသည်ကို တွေ့ရသည်။ အဆိုပါအဖွဲ့သည်ပြည်ထောင်စု အမုန်းရာဇဝတ်မှု ဆိုင်ရာဥပဒေကို ဖြစ်ပေါ်လာစေခဲ့သည့် အထင်ကရ မတ်သရူး ရှီပတ် နှင့် ဂျိန်းဘရတ် ဂျူနီယာ တို့၏လမ်းကြောင်းကို ဆက်လက် အကောင်အထည်ဖော်ရန် ပူးပေါင်းအဖွဲ့ကို ဦးဆောင်သည်။ ၂၀၀၉ ခုနှစ် အမုန်းရာဇဝတ်မှုများ ကာကွယ်ခြင်းအက်ဥပဒေသည် ဖယ်ဒရယ် အမုန်းရာဇဝတ်မှု ဥပဒေကို သက်ဝင်စေသည်။ အဆိုပါ အသရေဖျက်ခြင်းကို ဆန့်ကျင်သောအဖွဲ့သည် အမေရိကန် နိုင်ငံ၏ ပြည်နယ် ၅၀ လုံးတွင် အမုန်းတရားရာဇဝတ်မှုများဆိုင်ရာ ဥပဒေကို အများပြည်သူသိရှိ နားလည်သဘောပေါက်စေ ရန်အတွက် #ပြည်နယ်၅၀တွင် အမုန်းတရားဆန့်ကျင်ရေး လှုပ်ရှားမှု (#50StatesAgainstHate) ကိုလည်း ပြုလုပ်ခဲ့ပါသည်။[၁၄၁]

## ဆိုင်ဘာဥပဒေ

အင်တာနက်နှင့် ဆိုရှယ်မီဒီယာတို့ ပေါ်ပေါက်လာခြင်းသည် အမုန်းစကားအတွက် လမ်းကြောင်းတစ်ခု ဖြစ်လာပါသည်။ အချို့နိုင်ငံများ၌ ဆိုင်ဘာနှင့်ပတ်သက်သော ဥပဒေများတွင် အမုန်းစကား တားမြစ်ခြင်းများ ပါဝင်ပါသည်။ ဥရောပသမဂ္ဂကောင်စီ၏ ဆိုင်ဘာရာဇဝတ်မှုများဆိုင်ရာ သဘောတူညီချက် (၂၀၀၇) အခြေပြုစာချုပ်သည် ဥပမာအားဖြင့် ကွန်ပျူတာစနစ်များမှတစ်ဆင့် လူမျိုးခွဲခြားမှုနှင့် အခြားနိုင်ငံသားများကို အာဃာတထားသည့် အပြုအမူများအတွက် တရား စွဲဆိုခြင်းများကို အထူးသဖြင့် ကိုင်တွယ်ဖြေရှင်းပါသည်။[၁၄၂] စင်ကာပူနိုင်ငံ၏ အင်တာနက်အသုံးပြုမှုကျင့်ဝတ်တွင် "မျိုးနွယ်။ ၊ လူမျိုး သို့မဟုတ် ဘာသာရေး အမုန်းတရားများ၊ အငြင်းအခုန်များ သို့မဟုတ် သဘောထားမကြီးမှုများ ဖြစ်စေရန် မြှောက်ထိုးပင့်ကော်ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးထောက်ခံခြင်း" ပြုလုပ်သည့် အရေးအသားများကို ပိတ်ပင်တားမြစ်ထားပါသည်။[၁၄၃] ဂျာမနီနိုင်ငံ၌ ၂၀၁၇ခုနှစ် ဇွန်လတွင် ဥပဒေတစ်ခုပြဋ္ဌာန်းခဲ့ပြီး အဆိုပါပြဋ္ဌာန်းချက်တွင် ဆိုရှယ်မီဒီယာကုမ္ပဏီများသည် တရားမဝင်သော၊ လူမျိုးရေးခွဲခြားသော သို့မဟုတ် သိက္ခာချသော ကွန်မင့်များနှင့် ပို့စ်များ (မှတ်ချက်ပြုရေးသားချက်များနှင့် ရေးသားချက်များ) ကို ၂၄ နာရီအတွင်း မဖျက်ပါက ဒေါ်လာ (၅၇) သန်းထိ ဒဏ်တပ်ရိုက်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အဆိုပါဥပဒေကြောင့် အနောက်နိုင်ငံများအကြား တွင် ဂျာမနီနိုင်ငံသည် ဖေ့စ်ဘုတ်၊ ဂူဂယ်နှင့် တွစ်တာ ကဲ့သို့ နိုင်ငံတကာကုမ္ပဏီကြီးများကို ဖိအားပေးခြင်းဖြင့် ဒီဂျစ်တယ် နည်း လမ်းဖြင့် ပြန့်ပွားသော အမုန်းစကားများ နှင့် အစွန်းရောက်စာသားများအပေါ် ချေမှုန်းသည့် အပြင်းထန်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာ စေပါသည်။[၁၄၄]

## နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ဥပဒေ

မကြာမီနှစ်အနည်းငယ်အတွင်းက နိုင်ငံများသည် အမုန်းစကားနှင့် အမုန်းတရားပေါ်ပေါက်စေရန် လှုံ့ဆော်ခြင်းများ တိုက်ဖျက်ရန် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ဥပဒေများနှင့် အကြမ်းဖက်မှုဆန့်ကျင်ရေး ဥပဒေများကို ပိုမိုအသုံးပြုလာကြပါသည်။ အဆိုပါ ဥပဒေများသည် "အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်ခြင်း"၊ "အစွန်းရောက်အကြမ်းဖက်မှု" နှင့် / သို့ "အစွန်းရောက်ဝါဒ" တို့နှင့် အတူ "အမုန်းတရားကို လှုံ့ဆော်ခြင်း" ကို ကြီးထွားစေနိုင်သဖြင့် ပြဿနာဖြစ်နိုင်ပါသည်။[၁၄၅] နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အကြမ်းဖက်မှုများကို တားဆီးပိတ်ပင်ရန် တာဝန်ရှိပါသည်။[၁၄၆] အပြည်ပြည်ဆိုင်ရာ ပြည်သူအရေးနှင့် နိုင်ငံရေး ပဋိညာဉ်စာတမ်းအရ နိုင်ငံတော်လုံခြုံရေးခြိမ်းခြောက်မှုများ(ကိုဖြေရှင်းရန်) တွင် လွတ်လပ်စွာရေးသားထုတ်ဖော် ပြောကြားခွင့် ကို လက်ခံနိုင်ဖွယ် ကန့်သတ်ခြင်းပါဝင်ပါသည်။[၁၄၇] သို့သော် အဆိုပါ ကန့်သတ်ခြင်းများတွင် တရားဥပဒေအရ၊ တရားနည်းလမ်းကျကျ နှင့် Article ၁၉(၃)တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့်အညီ အစိတ်အပိုင်း ၃ ခုဖြင့် စစ်ဆေးကိုက်ညီမှုရှိရပါမည်။[၁၄၈]

[၁၄၀] http://www.irishstatutebook.ie/eli/1989/act/19/enacted/en/html

[၁၄၁] https://www.adl.org/what-we-do/combat-hate/hate-crimes

[၁၄၂] Council of Europe Factsheet, (Nov အရပ်ဖက်အဖွဲ့အစည်း er 2008), p. 2.

[၁၄၃] Sim Kok Eng, p. 7.

[၁၄၄] https://www.theverge.com/2017/6/30/15898386/germany-facebook-hate-speech-law-passed

[၁၄၅] Hate Speech Explained, p. 34.

[၁၄၆] http://www.ohchr.org/Documents/Publications/Factsheet32EN.pdf , p. 8.

[၁၄၇] Article 19, p. 34.

[၁၄၈] Ibid.

သို့သော် "နိုင်ငံများ၏ အကြမ်းဖက်မှုအပေါ် တုန့်ပြန်မှုများသည် အခြေခံ လူ့အခွင့်အရေးများအပေါ် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုရေးသားမှုအပေါ် မမှန်ကန်သော သို့မဟုတ် ညီမျှမှုမရှိသော ကန့်သတ်ချက်များ ဖြစ်ပေါ်စေသည်။"[၁၄၉] ၁၉၉၅ ခုနှစ်တွင် ကျင့်သုံးခဲ့သည့် နိုင်ငံတကာ ဥပဒေ၊ နိုင်ငံတော် လုံခြုံရေးနှင့် လူ့အခွင့်အရေး ကျွမ်းကျင်ပညာရှင်အဖွဲ့မှ ရေးဆွဲထားသော နိုင်ငံတော် လုံခြုံရေး၊ လွတ်လပ်စွာ ရေးသားထုတ်ဖော် ပြောကြားခွင့်နှင့် သတင်းအချက်အလက်များ ရရှိခွင့်တို့နှင့် ပတ်သက်သော ဂျိုန်ဟန်နီဘာ့၏ အခြေခံမူများကို အဆိုပါ ကဏ္ဍအတွက် လမ်းညွှန်ချက်အဖြစ် သတ်မှတ်နိုင်ပါသည်။ ဂျိုန်ဟန်နီဘာ့၏ အခြေခံမူများအရ နိုင်ငံတော်အစိုးရ အနေဖြင့်(၁) အကြမ်းဖက်မှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ် လှုံ့ဆော်ခြင်း (၂) အဆိုပါ အကြမ်းဖက်မှုများ ဖြစ်ပေါ်နိုင်ခြေရှိခြင်း နှင့် (၃) ရေးသားထုတ်ဖော်ပြောဆိုချက်နှင့် အဆိုပါ အကြမ်း ဖက်မှုများပေါ်ပေါက်လာနိုင်ခြင်း သို့မဟုတ် ဖြစ်ပွားနိုင်ခြေ ရှိခြင်းတို့ကြား တိုက်ရိုက်ချက်ခြင်း ဆက်သွယ်မှုရှိခြင်း စသည်တို့ကို ခိုင်လုံစွာထောက်ပြနိုင်ပါက လွတ်လပ်စွာ ရေးသား ထုတ်ဖော်ပြောကြားခွင့်ကို ကန့်သတ်နိုင်သည်။[၁၅၀]

## ဘာသာ၊ သာသနာ အကြည်အညိုပျက်စေခြင်း ဥပဒေများ

အချို့နိုင်ငံများတွင် မီဒီယာ ဥပဒေများတွင် ပါဝင်သည့် အသရေဖျက်ခြင်း၊ အသရေပျက်စေခြင်းနှင့် သိက္ခာချခြင်း စသည်တို့ကို အမုန်းစကားများ ကိုင်တွယ်ဖြေရှင်းရန် အသုံးပြုနေကြသည်။ ၂၀၁၄ခုနှစ်တွင် Pew သုတေသန စင်တာက ဆောင်ရွက်ခဲ့သော သုတေသနတွေ့ရှိချက်အရ ကမ္ဘာ့နိုင်ငံများနှင့် ပိုင်နက်နယ်မြေများ၏ လေးပုံတစ်ပုံတွင် ဘာသာ သာသနာအကြည် အညိုပျက်စေမှုကို ဆန့်ကျင်သည့် ဥပဒေများနှင့် မူဝါဒများရှိကြသည်။ ဘာသာ သာသနာ အကြည်ညို ပျက်စေခြင်းကို ဆန့်ကျင်သည့် ဥပဒေများကို ဒေသအားလုံးတွင် တွေ့နိုင်သော်လည်း ( အမေရိကဒေသများတွင် ၂၉% ၊ အာရှပစိဖိတ် ဒေသများတွင် ၂၄% ၊ ဥရောပဒေသတွင် ၁၆% နှင့် အာဖရိကအာဟာရမ်ဒေသခွဲများတွင် ၈% ) အဆိုပါ ဥပဒေအများစုကို အရှေ့အလယ်ပိုင်းဒေသများနှင့် အာဖရိက မြောက်ပိုင်း နိုင်ငံ ( MENA နိုင်ငံတို့၏ ၉၀ရာခိုင်နှုန်းတွင် ပြဋ္ဌာန်းထားသည်) တို့တွင် ရှိပါသည်။[၁၅၁] ဥပမာအားဖြင့် အိုမမ် နိုင်ငံ၏ ရာဇဝတ်မှုပြဋ္ဌာန်းချက်များတွင် "ပြည်သူလူထုကြား ဘာသာရေး သို့မဟုတ် ဂိုဏ်းဂဏဆိုင်ရာ ပဋိပက္ခ သို့မဟုတ် အမုန်းတရား သို့မဟုတ် ခိုက်ရန်ဖြစ်ပွားမှုများကို ဖြစ်စေရန် လှုံ့ဆော် သို့မဟုတ် မြှင့်တင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို အမြင့်ဆုံး ထောင်ဒဏ် ၁၀ နှစ်အထိအပြစ်ပေးနိုင်သည်" ဟု ဖော်ပြထားပါသည်။[၁၅၂]

အဆိုပါနည်းလမ်းသည် ပြဿနာရှိပါသည်။ နိုင်ငံတကာ ဥပဒေကြောင်းအရနှင့် လွတ်လပ်သောအဖွဲ့များက အဆိုပါဥပဒေများ၏ မူလရည်ရွယ်ချက်သည် ၎င်းတို့၏ အမည်ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည့် မမှန်ကန်သော စကားများကြောင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ နာမည်ဂုဏ်သတင်း ထိခိုက်ခြင်းကို ကာကွယ်ရန်ဖြစ်ပြီး အမုန်းတရားနှင့်ပတ်သက်ခြင်း မရှိသဖြင့် အသရေဖျက်မှုနှင့် အမုန်းစကားများ ဖောင်းပွလာနိုင်ခြင်းနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့ပြင် ၎င်းတို့သည် နိုင်ငံတကာ ဥပဒေများတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ကန့်သတ်ရမည့် အမုန်းစကားဘောင် နှင့် ကိုက်ညီခြင်း မရှိပါ။ ဥရောပတွင် ဘာသာ သာသနာ အကြည်အညိုပျက်စေခြင်း ဥပဒေများကိုသုံးသပ်ချက် တစ်စိတ်တစ်ပိုင်းအရ ဥပမာ ဗင်းနစ္စကော်မရှင်သည် ဒီမိုကရေစီစနစ်တွင် ဘာသာရေးအဖွဲ့နှင့် အခြားအဖွဲ့များ၏ လှုပ်ရှားမှုများဖြစ်သည့် လှုပ်ရှားမှုများ၊ သင်ကြားခြင်း နှင့် ယုံကြည်မှုများအား လူထုမှဝေဖန်ပါက ၎င်းဝေဖန်မှုတွင် အမုန်းစကားမပါသရွေ့၊ အများပြည်သူ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ရန် နှင့် အကြမ်းဖက်မှုဖြစ်ပေါ်ရန် လှုံ့ဆော်မှုပြုလုပ်ခြင်းနှင့် သီးခြားဘာသာရေးတစ်ခုကိုကိုးကွယ်နေသော လူများအပေါ် ခွဲခြားဆက်ဆံခြင်း မပြုလုပ်သရွေ့သည်းခံရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။[၁၅၃]

[၁၄၉] Ibid, p. 35.

[၁၅၀] https://www.article19.org/data/files/pdfs/standards/joburgprinciples.pdf

[၁၅၁] http://www.pewresearch.org/fact-tank/2016/07/29/which-countries-still-outlaw-apostasy-and-blasphemy/

[၁၅၂] Muntarbhorn, p. 19.

[၁၅၃] Council of Europe Factsheet, p. 2.

# နောက်ဆက်တွဲ ၂ ။ ရည်ညွှန်းကိုးကား

## ဝဘ်ဆိုဒ်များ

- အသရေဖျက်မှု ဆန့်ကျင်ရေး အဖွဲ့ချုပ် (https://www.adl.org/education/resources/tools-and-strategies/confronting-hate-speech-online)
- Article 19 (https://www.article19.org/)
- ဥရောပကောင်စီ – အမုန်းမဲ့ လှုပ်ရှားမှု (http://www.coe.int/en/web/no-hate-campaign)
- အမုန်းစကား လေ့လာမှုခြင်း နိုင်ငံတကာကွန်ယက် (http://www.internationalhatestudies.com/cyber-hate-initiatives-3/)
- Southern Poverty Law Center (https://www.splcenter.org/)

## လက်စွဲ၊ လမ်းညွှန်ချက်များနှင့် Toolkits

- အမုန်းတရားကို တိုက်ခိုက်ခြင်းနည်းလမ်း ၁၀ခု – လူထုအတွက် လမ်းညွှန်ချက် (https:/www.splcenter.org/20170814/ten-ways-fight-hate-community-response-guide)
- ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအလေ့အကျင့်ကောင်းများ (https://www.usaid.gov/sites/default/files/documents/2496/ Electoral_Security_Best_Practices_USAID.pdf)
- စကားများကို တုံ့ပြန်ခြင်း – အွန်လိုင်းတွင် အစွန်းရောက်ဝါဒကို စိန်ခေါ်သည့် ပြောကြားချက်များကို စစ်ဆေးခြင်း Counter Speech: Examining Content That Challenges Extremism Online (https://www.demos. co.uk/wp-content/uploads/2015/10/Counter-speech.pdf)
- အွန်လိုင်း အမုန်းစကားများကို ဆန့်ကျင်တိုက်ဖျက်ခြင်း (http://unesdoc.unesco.org/images/0023/002332 /233231e.pdf)
- အမုန်းတရားကို တိုက်ဖျက်ခြင်း – အန္တရာယ်ရှိသော စကားများ ဆန့်ကျင်တိုက်ဖျက်ရေးအတွက် မဟာဗျူဟာမြောက် ပြောဆိုဆက်ဆံရေးလမ်းညွှန် (https:// www.ushmm.org/m/pdfs/20160229-Defusing-Hate-Guide.pdf)
- အခြေခံလူ့အခွင့်အရေးမူဝါဒသင်တန်း (http://fra.europa.eu/en/publication/2013/fundamental-rights-based-police-training-manual-police-trainers)
- အမုန်းတရား ဆိုင်ရာ ရာဇဝတ်မှု ဥပဒေများ – လက်တွေ့လမ်းညွှန်ချက် (http://www.osce.org/odihr/36426)
- အမုန်းစကားရှင်းပြခြင်းလက်စွဲ – A Toolkit (https://www.article19.org/resources.php/resource/38231/ en/%E2%80%98hate-speech%E2%80%99-explained:-a-toolkit)
- အမုန်းစကားနှင့် အဖွဲ့တစ်ဖွဲ့ကို ပစ်မှတ်ထားသော အကြမ်းဖက်မှု (http://www.genocidewatch.org/images/Outside Research_Hate_Speech_and_Group-Targeted_Violence.pdf)
- အမုန်းစကား အမေးအဖြေ အချက်အလက်စာရွက် (http://www.mhc.org.mk/system/uploads/redactor_assets/ documents/1096/Bela_kniga_en.pdf)
- အွန်လိုင်းတွင် အမုန်းစကားဆန့်ကျင်တိုက်ဖျက်ရေး လက်စွဲ (https://rm.coe.int/168065dac7)

- အမုန်းတရားဆိုင်ရာ ရာဇဝတ်မှုများကို တုန့်ပြန်ခြင်းနှင့် ကာကွယ်တားဆီးခြင်း / OSCE ဒေသရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်
  (http://www.osce.org/odihr/39821¿download=true)
- အောက်ခြေလူတန်းစားတွင် အမုန်းတရား ပေါ်ပေါက်လာမှုကို ကာကွယ်ခြင်း – ဒေသဆိုင်ရာ အာဏာပိုင်များအတွက် လမ်းညွှန်ချက်
  (https://rm.coe.int/168071b265)
- ရွေးကောက်ပွဲများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု
  (http://www.ifes.org/publications/violence-against- women-elections)
- ကျွန်တော်တို့လုပ်နိုင်တယ်/ အမုန်းစကားများကို ဆန့်ကျင်တိုက်ဖျက်သောဖြေရှင်းချက်များဖြင့် အရေးယူဆောင်ရွက်ခြင်း
  (https://www.academia.edu/33272321/WE_CAN_Taking_Action_against˚ate_Speech_ through_Count-er_and_Alternative_Narratives)
- ဆိုရှယ်မီဒီယာနှင့် ဆူဒန်နိုင်ငံတောင်ပိုင်းရှိ ပဋိပက္ခ၊ ငြိမ်းချမ်းရေး နည်းပညာ ဓာတ်ခွဲခန်းများ
  (http://www.peacetechlab.org/hate-speech-in-south-sudan)
- ဝေဖန်စဉ်းစားခြင်း / လူငယ်များ နေ့စဉ်အသုံးပြုနေသည့် ဆိုရှယ်မီဒီယာပေါ်မှ ဖော်ပြချက်များအား ဝေဖန်စဉ်းစားဉာဏ် သုံးပြီး စဉ်းစားနိုင်စေရန်အတွက် လူငယ်များကို ပံ့ပိုးပေးခြင်း
  (http://projectsomeone.ca/wp-content/ uploads/2016/04/Think_Critically.pdf

## နမူနာ စာရွက်စာတမ်းများ

- ဂူရနာနိုင်ငံ၏ ကျင့်ဝတ်စည်းမျဉ်း
  (http://www.gecom.org.gy/pdf/MEDIA%20CODE%20OF%20CONDUCT. pdf)
- ဖင်လန်နိုင်ငံ လုပ်ငန်းအစီအစဉ်
  (http://julkaisut.valtioneuvosto.fi/bitstream/handle/10024/75432/ Meaningful_in_Finland.pdf)
- အိန္ဒိယနိုင်ငံ၏ ကျင့်ဝတ်စည်းမျဉ်း
  (http://eci.nic.in/eci_main/faq/faq_mcc.pdf)
- ကင်ညာနိုင်ငံ၏ အမုန်းစကားအတွက် ရဲတပ်ဖွဲ့လေ့ကျင့်ရေးလမ်းညွှန် ၂၀၁၇
  (http://www.ifes.org/sites/default/files/kenya_-_hate_speech_manual.pdf)
  - ကင်ညာနိုင်ငံ အမုန်းစကားဆန့်ကျင်ရေးမီဒီယာသတင်းစကား ၂၀၁၇ "သင်သည် အမုန်းစကားပြောကြားရာတွင် ပါဝင်နေလျှင် ဥပဒေချိုးဖောက်နေခြင်းပင်ဖြစ်သည်"
    (https:/www.facebook.com/NCIC.Cohesion/videos/vb. 100005729719026/701100860090898 /¿type=2&theater)
  - "အမုန်းစကားသည် လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့် မဟုတ်ပါ။ အမုန်းစကားသည် လူ့အသက်များကို ဆုံးရှုံး စေနိုင်ပါသည်။ အမုန်းစကားသည် စိတ်ကူးအိမ်မက်များကို သတ်ပစ်နိုင်ပါသည်။ အမုန်းစကားသည် စည်းလုံးညီညွတ်မှု ကို ပျက်ပြားစေပါသည်။ အမုန်းစကားသည် စီးပွားရေးကို ပျက်စီးစေပါသည်။ အမုန်းစကားသည် ဂုဏ်သိက္ခာကို ကျဆင်းစေပါသည်။ အမုန်းစကားကို ပြောကြားခြင်းသည် တန်ဖိုးများစွာ ပေးဆပ်ရပါသည်။ တန်ပါရဲ့လား။ ကင်ညာသည် လူမျိုးတစ်စုတည်းသာဖြစ်ပါသည်။ ငြိမ်းချမ်းမှုကို ရွေးချယ်ပါ။"
    (https://www.facebook.com/NCIC.Cohesion/videos/ vb.100005729719026/701101523424165/¿-type=2&theater)
  - "မိမိကိုယ်တိုင်ခွဲခြမ်းထားသောအိမ်သည် မရပ်တည်နိုင်ပါ။ အမုန်းစကားများရပ်ပါ။"
    (https://www.facebook.com/NCIC.Cohesion/videos/ vb.100005729719026/700225930178391/¿-type=2&theater)

**အခြားကိုးကားချက်များ/ လေ့လာချက်များ**

- အမုန်းစကားကို အောင်မြင်စွာ ဆန့်ကျင်တိုက်ဖျက်နိုင်ရေး စဉ်းစားစရာများ (https://dangerousspeech.org/wp-content/ uploads/2016/10/Considerations-for-Successful-Counter-speech.pdf)
- လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး - အမုန်းစကားအချက်အလက်စာရွက် (ဖွန်လ ၂၀၁၇) (http://www.echr.coe.int/ Documents/FS_Hate_speech_ENG.pdf)
- ကျားမအခြေပြု နိုင်ငံရေး အကြမ်းဖက်မှု (http://www.unwomen.org/mdgf/downloads/MDG-F_Bolivia_C. pdf)
- အမုန်းတရားများ ကာကွယ်ခြင်း (သို့) အသံများ တိတ်စေခြင်း (http://www.ohchr.org/Documents/Issues/Expression/ ICCPR/Bangkok/AmySim.pdf)
- အမုန်းတရားများ တိတ်ဆိတ်စေခြင်း / အမုန်းစကားများကို လေ့လာခြင်း (http://www.bricks-project.eu/wp/wp-content/ uploads/2016/10/relazione_bricks_eng2-1.pdf)
- အမုန်းတရား - ဘာသာရေးဆိုင်ရာပြစ်မှုများ ထုတ်လုပ်သူနှင့် ဒီမိုကရေစီကို ခြိမ်းခြောက်ခြင်း ၊ ချီရီရမ် ဂျော့၊ MIT ပုံနှိပ်သည်၊ ၂၀၁၆ (https://mitpress.mit.edu/hate-spin)
- လူမျိုးရေးဝါဒစွဲကိုင်ရန် လွတ်လပ်ခွင့်ရှိသလား ? အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၏ လွတ်လပ်မှုကို ထိန်းသိမ်းခြင်းနှင့် လူမျိုးရေးဝါဒကို တိုက်ဖျက်ရေးကြား ရုန်းကန်ပုံ၊ အယ်ရစ် ဘယ်လရှစ်၊ အောက်စဖို့တွင် ပုံနှိပ်သည်၊ ၂၀၁၁ (https://global.oup.com/academic/product/the-freedom-to-be-racist-9780199739691¿c-c=us&lang=en&#)

ဖော်ပြပါစာရင်းသည် သုတေသနပြုလုပ်သူများက ၎င်းတို့၏ သုတေသနဆောင်ရွက်ရာတွင် တွေ့ရှိလာရသည့် သိသာထင်ရှားသည့် စာရင်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။ စာဖတ်သူများအနေဖြင့် သင့်လျော်သော အရင်းအမြစ်များတွေ့ရှိပါက epeace@ifes.org ကို လင့်များပို့ပေးရန် ဖိတ်ခေါ်အပ်ပါသည်။

INTERNATIONAL FOUNDATION FOR ELECTORAL SYSTEMS

IFES

· 30 Years ·